# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မပြစ်မှားမိအောင် သတိပြု**

မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို တုတ်၊ ဓား၊ လှံ စသည် လက်နက်တို့ဖြင့် ပြစ်မှားသောသူမှာ ဆင်းရဲ၏။ ပြင်းထန်သော ဝေဒနာခံစားရ၏။ ဥစ္စာပစ္စည်းဆုံးရှုံး၏။ ကိုယ်အင်္ဂါ ပျက်စီး၏။ အနာစွဲကပ်၏။ ရူးသွပ်၏။ စိတ်ပျံ့လွင့်၏။ အစွပ်စွဲခံရ၏။ ဆွေမျိုးတို့ ပျက်စီး၏။ ပကတိမီး၊ လောင်မီးတို့ လောင်ခြင်းခံရ၏။ သေသော် ငရဲသို့ ကျရောက်ရ၏။ (မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို မပြစ်မှားမိအောင် သတိပြုဆင်ခြင်သင့်၏။)

ဒဏ္ဍဝဂ်(ဓမ္မပဒ-၁၄၀)


၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက် | ၂၀၂၃ ခုနှစ်၊ မတ် ၁၈ ရက်၊ စနေနေ့ | အတွဲ (၆၂)၊ အမှတ်(၁၆၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၃ ခုနှစ် (၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ခန်းမအပြင်ဘက်တွင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းတုံးကြီးများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် မတ် ၁၇**

၂၀၂၃ ခုနှစ် (၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမဆောင် ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးမောင်ကို၊ ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ


*စာမျက်နှာ ၃ ကော်လံ ၁* ❐



**ယနေ့ ဖတ် စ ရာ**

**ရေဆိုင်ရာလိုအပ်ချက်များ ဖြည့်ဆည်းရန် အရှိန်အဟုန်မြှင့် ပြောင်းလဲဆောင်ရွက်မှု** — ဆောင်းပါး စာ - ၈

**သမိုင်းကိုအနှစ်ထုတ်နိုင်ပါမှ နိုင်ငံတစ်ခု၏ မူလအခြေခံပကတိတရားများ ရှင်သန်နေမှာ .....** — ဆောင်းပါး စာ - ၁၀

**အိန္ဒိယနိုင်ငံ ပြည်နယ်ခြောက်ခု၌ ကိုဗစ် - ၁၉ ကူးစက်ခံရသူများ တိုးလာသည့်အပေါ် သတိပြုရန် အကြံပြုထား** — နိုင်ငံတကာသတင်း စာ - ၁၄

**မြန်မာနိုင်ငံ မော်တော်ယာဉ်ကဏ္ဍ၏ ခြေလှမ်းသစ်** — ဆောင်းပါး စာ - ၁၆

# ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြရန် အခြေခံကောင်းများရှိသည့် မြို့တော်

နေပြည်တော်သည် နိုင်ငံတော်၏မြို့တော်ဖြစ်ပြီး နိုင်ငံ၏ အချက်အချာကျသော ဒေသတွင်တည်ရှိသည်။ တစ်ချိန်က နိုင်ငံ၏မြို့တော်ဖြစ်ခဲ့ပြီး ယခု စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့နှင့် မြန်မာနိုင်ငံအလယ်ပိုင်းရှိ အဓိကမြို့ကြီးဖြစ်သည့် မန္တလေးမြို့တို့၏ကြားတွင် တည်ရှိနေသည့် စီးပွားရေး လုပ်ငန်းများ လုပ်ကိုင်ရန်အတွက် ရေခံမြေခံကောင်းများ ရှိရာ ဒေသလည်းဖြစ်သည်။

မြို့သက်တမ်း ၁၇ နှစ်ခန့် ရှိပြီဖြစ်သည့် နေပြည်တော်ကို စတင်အကောင်အထည်ဖော် တည်ဆောက်ခဲ့စဉ်ကပင် အနာဂတ်ကာလ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများ လုပ်ဆောင်နိုင်ရန်ရည်ရွယ်ကာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုကုန်ထုတ်လုပ်မှုတို့အတွက် ဇုန်များအလိုက်နေရာများ လျာထားသတ်မှတ်ထားခဲ့သည်။ နေပြည်တော်ကောင်စီ နယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်၏ အုပ်ချုပ်ရေး မြို့တော်ဖြစ်သည်နှင့်အညီ Green City၊ Clean City၊ Smart City ဖြစ်လာစေရေးအတွက် စဉ်ဆက်မပြတ်အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိသည်။

"မိမိတို့အနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ နေပြည်တော်ဒေသမှ ထွက်ရှိသည့် ကုန်ကြမ်းများကို အသုံးပြု၍ ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်ခြင်းဖြင့် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေသည် စပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများကို စိုက်ပျိုးပြီး မွေးမြူရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်သည့် ဒေသတစ်ခုဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို အောင်မြင်အောင်ဆောင်ရွက်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ကြောင်း" နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ MSME လုပ်ငန်းရှင်များနှင့် ၂၂-၁၀-၂၀၂၂ ရက်နေ့က တွေ့ဆုံ၍ ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

နေပြည်တော်ကောင်စီနယ်မြေသည် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ကဏ္ဍသုံးရပ်ဖြစ်သော ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ကုန်သွယ်ရောင်းဝယ်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတို့အတွက် အခြေခံကောင်းများ ပြည့်စုံသည့် ဒေသဖြစ်သည်။ ပြည်ထောင်စုအစိုးရရုံးစိုက်ရာမြို့ဖြစ်ပြီး ၂၀၁၄ ခုနှစ် လူဦးရေသန်းခေါင်စာရင်းအရ ဒေသတွင်းနေထိုင်သူ တစ်သန်းကျော်ရှိသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုလုပ်ငန်းများလုပ်ကိုင်ရန် ရေ၊ မြေ၊ လျှပ်စစ်စွမ်းအင် အရင်းအမြစ်များ ကောင်းမွန်သည်။ မော်တော်ကားဖြင့် ရန်ကုန်မှ ခြောက်နာရီခရီး၊ မန္တလေးမှ လေးနာရီခရီးတွင် တည်ရှိပြီး ပတ်ဝန်းကျင်ရှိ ရေမြေတောတောင် သဘာဝများစွာတို့မှာလည်း ခရီးသွားလုပ်ငန်းများအတွက် ခရီးစဉ်အသစ်များစွာ ပြည်တွင်း၊ ပြည်ပ ခရီးသွားများအတွက် ဖော်ထုတ်လုပ်ကိုင်နိုင်သည်။ ကုန်ထုတ်လုပ်ငန်းများမှ ထွက်ရှိသည့် ကုန်ချောများ ဖြန့်ဖြူးနိုင်ရန် နေပြည်တော်မှ ဒေသအသီးသီးသို့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည်။

ယခုအခါ နေပြည်တော်သို့ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရေးအတွက် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးလုပ်ငန်းများကို တာဝန်ရှိအဖွဲ့အစည်းများက အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်ကလည်း နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးရည်ရွယ်လျက် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ကူညီအားပေးဆောင်ရွက်လျက်ရှိရာ စိုက်ပျိုး၊ မွေးမြူ၊ စက်မှုကုန်ထုတ်လုပ်ငန်းများ၊ ကုန်သွယ်ကူးသန်းရောင်းဝယ်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် အခြေခံကောင်းများရှိရာ နေပြည်တော်ကောင်စီနယ်မြေအတွင်း ရင်းနှီးမြှုပ်နှံလုပ်ငန်း ဆောင်ရွက်လုပ်ကိုင်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံသူနှင့်တကွ နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးတို့ ဖွံ့ဖြိုးတိုးတက်နိုင်ပါစေကြောင်း။ ။

## (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

☆ ဒို့တာဝန်အရေး (၃) ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။

☆ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအပေါ်အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။

☆ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။

☆ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။




## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မတ် ၁၇

နေပြည်တော်၊ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ **မိုး/ဇလ**

## နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် မတ် ၁၇**

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသော **ပြည်သူ့အလုပ်သမားပါတီနှင့် အာခါအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ** တို့သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၃ အရ လျှောက်ထားသော ပါတီ ၆ ပါတီရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ လျှောက်ထားသော ပါတီ ၂၃ ပါတီဖြစ်၍ စုစုပေါင်း ၂၉ ပါတီဖြစ်သည်။ ယင်း ၂၉ ပါတီတွင် ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီ ၇ ပါတီ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့် ပါတီ ၂၂ ပါတီဖြစ်ပြီး အဆိုပါ ပါတီများကို တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ချမ်းသာရွှေပြည်အိမ်ရာ၊ (၁၀)ရပ်ကွက်၊ မြို့တော်(၂)လမ်း၊ အမှတ်(စီ/၁၀)တွင် ပါတီရုံးချုပ်တည်ရှိသော **မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ (Myanmar Farmers' Development Party)** က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့်ပြုရန် ၁၆-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ (Myanmar Farmers' Development Party)၏ အလံပုံစံ**



**မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ (Myanmar Farmers' Development Party)၏ တံဆိပ်ပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ၂၀၂၃ ခုနှစ် (၅၈) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲအခမ်းအနား ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ပုဂ္ဂလိက ကျောက်မျက်ရတနာအချောထည် အရောင်းပြခန်းများ ဖွင့်လှစ်ရောင်းချနေမှုကို လိုက်လံကြည့်ရှုအားပေးစဉ်။

❖ ယခုပြပွဲတွင် ပုလဲအတွဲပေါင်း ၂၉၅ တွဲ၊ ကျောက်မျက်အတွဲပေါင်း ၁၂၀ နှင့် ကျောက်စိမ်း အတွဲပေါင်း ၂၁၅၀ တို့ကို ပြည်တွင်းပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များနှင့်အညီ ရောင်းချပေးသွားမည်

❖ ပြည်တွင်းပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များနှင့်အညီ ရောင်းချပေးသွားမည်ဖြစ်ပြီး ယခုကျင်းပပြုလုပ်သည့် (၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ် ၁၇ ရက်မှ ၂၃ ရက်အထိ ခင်းကျင်းပြသရောင်းချပေးသွားမည်

❒ *ရွှေဖုံးမှ*

ကျောက်မျက် လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ၊ ပြည်တွင်း၊ ပြည်ပမှ ကျောက်မျက်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**ဗီဒီယိုမှတ်တမ်းကို ကြည့်ရှု**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာ့ပုလဲများ ထုတ်လုပ်မှုနှင့် ရောင်းချနိုင်မှု၊ ကျောက်မျက်ရတနာပစ္စည်းများ ထုတ်လုပ်မှုနှင့် ၂၀၂၃ ခုနှစ် (၅၈) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲ အခမ်းအနား ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုကြသည်။

**လမ်းညွှန်မှာကြား**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ၂၀၂၃ ခုနှစ် (၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ရောင်းချရန် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ပြသထားသော ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ပုလဲအတွဲများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**လိုက်လံကြည့်ရှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုဂ္ဂလိကကျောက်မျက်ရတနာအချောထည် အရောင်းပြခန်းများ ဖွင့်လှစ်ရောင်းချနေမှုကို လိုက်လံကြည့်ရှုအားပေးပြီး ခန်းမအပြင်ဘက်တွင် ခင်းကျင်းပြသထားသည့် လုံးခင်း/ဖားကန့် ရတနာနယ်မြေ၊ မက်လင်ချောင်အကျိုးတူ (၂)မှ ထွက်ရှိသည့် ၃၅ တန်ရှိ ကျောက်စိမ်းတုံးကြီးနှင့် ကျောက်စိမ်းရိုင်းအတွဲများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

**ပြသရောင်းချပေးမည်**

နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရန်နှင့် နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းမှုများရရှိနိုင်စေရန်အတွက် တူးဖော်ထုတ်လုပ်ထားသည့် ကျောက်မျက်ရတနာများကို ရောင်းချနိုင်မည့် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲများကို ၁၉၆၄ ခုနှစ်မှစတင်၍ ကျင်းပခဲ့သည်။ ယခုပြပွဲတွင် ပုလဲအတွဲပေါင်း ၂၉၅ တွဲ၊ ကျောက်မျက် အတွဲပေါင်း ၁၂၀ နှင့် ကျောက်စိမ်းအတွဲပေါင်း ၂၁၅၀ တို့ကို ပြည်တွင်းပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များနှင့်အညီ ရောင်းချပေးသွားမည်ဖြစ်ရာ ပုလဲအတွဲများ ရောင်းချရာတွင် ကြမ်းခင်းဈေးကို အမေရိကန်ဒေါ်လာဖြင့် သတ်မှတ်ထားရှိပြီး ပြည်ပ ရတနာကုန်သည်များက အမေရိကန်ဒေါ်လာ၊ ယူရို၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေတို့ဖြင့် လည်းကောင်း၊ ပြည်တွင်း ရတနာကုန်သည်များက ဈေးကွက်ပေါက်ဈေးနှင့် ညီမျှသော မြန်မာကျပ်ငွေဖြင့် လည်းကောင်း ပေးချေသွားရမည်ဖြစ်သည်။ ကျောက်မျက်၊ ကျောက်စိမ်းအတွဲများအတွက် ကြမ်းခင်းဈေးကို ယူရိုငွေဖြင့် သတ်မှတ်ထားရှိပြီး ပြည်ပရတနာကုန်သည်များက အမေရိကန်ဒေါ်လာ၊ ယူရို၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေတို့ဖြင့် လည်းကောင်း၊ ပြည်တွင်းရတနာကုန်သည်များက ယူရိုငွေနှင့်ညီမျှသော မြန်မာကျပ်ငွေဖြင့်လည်းကောင်း ပေးချေသွားရမည်ဖြစ်သည်။ နိုင်ငံခြားငွေဖြင့်သာ ပေးချေရမည့် ကျောက်စိမ်းအတွဲများအတွက် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက အမေရိကန်ဒေါ်လာ၊ ယူရို၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေတို့ဖြင့် လည်းကောင်း၊ နိုင်ငံခြားငွေ (သို့မဟုတ်) မြန်မာကျပ်ငွေဖြင့် ပေးချေရမည့် ကျောက်စိမ်း အတွဲများအတွက် ပြည်တွင်း ရတနာကုန်သည်များ အနေဖြင့် ယူရိုငွေနှင့်ညီမျှသော မြန်မာကျပ်ငွေဖြင့် လည်းကောင်း၊ ပြည်ပ ရတနာကုန်သည်များ အနေဖြင့် ယူရို(သို့မဟုတ်)ယူရိုငွေနှင့်ညီမျှသော အမေရိကန်ဒေါ်လာ (သို့မဟုတ်) ယွမ်ငွေ (သို့မဟုတ်) ထိုင်းဘတ်ငွေတို့ဖြင့် လည်းကောင်း ပေးချေရမည်ဖြစ်သည်။ ပြည်တွင်းပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များနှင့်အညီ ရောင်းချပေးသွားမည်ဖြစ်ပြီး ယခုကျင်းပပြုလုပ်သည့် (၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ် ၁၇ ရက်မှ ၂၃ ရက်အထိ ခင်းကျင်းပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီ၏ (၂/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၁၇**

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီ၏ (၂/၂၀၂၃) ကြိမ်မြောက်အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေကျပ် ဘီလီယံ ၄၀၀ မှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ ငွေကျပ် ဘီလီယံ၂၃၀၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့သို့ ငွေကျပ် ၁၀ ဘီလီယံစီ၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့သို့ ငွေကျပ် ၈ ဘီလီယံစီနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ခြောက်ခုတို့သို့ ငွေကျပ် ၅ ဘီလီယံစီဖြင့် စုစုပေါင်း ရန်ပုံငွေကျပ် ဘီလီယံ ၃၃၀ ကို မတည်ထောက်ပံ့ငွေ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း။

လွန်ခဲ့သည့် နှစ်လတာကာလအတွင်း တိုင်းဒေသကြီး/ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများသို့ ကော်မတီ၏ သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်စစ်ဆေးကြီးကြပ်ပေးခဲ့ကြောင်း။

### ရန်ပုံငွေတိုးမြှင့်ရရှိနိုင်မည့်နည်းလမ်းများကို ရှာဖွေ

ယခုအခါ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ၏ လက်ကျန်ငွေကျပ် ဘီလီယံ ၇၀ မှ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေရန်ပုံငွေထူထောင်နိုင်ရေးအတွက် ငွေကျပ်ဘီလီယံ ၅၀ နှင့် မွေးမြူရေးလုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် ငွေကျပ်ဘီလီယံ ၂၀ သတ်မှတ်ပေးထားကြောင်း၊ ထို့ပြင် ချေးငွေထပ်မံလိုအပ်သည့် လုပ်ငန်းများသို့ တိုးမြှင့်ထုတ်ချေးနိုင်ရေးအတွက် ရန်ပုံငွေတိုးမြှင့်ရရှိနိုင်မည့်နည်းလမ်းများကိုလည်း ရှာဖွေဖော်ထုတ်လျက်ရှိကြောင်း။



နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများအား စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသအလိုက် စီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဓိကသုံးစွဲစေလိုခြင်းဖြစ်ရာ သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ရန်ပုံငွေအား လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ ထုတ်ပေးခြင်း၊ ပြန်လည်ကောက်ခံခြင်းတို့ကို ကြပ်မတ်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

### ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားတိုးမြှင့်လာရေးကို ဘက်ပေါင်းစုံမှ ထောက်ပံ့ကူညီပေးလျက်ရှိရာ သက်ဆိုင်ရာ တာဝန်ရှိသူအဆင့်ဆင့်က ရန်ပုံငွေမှထုတ်ပေးထားသည့် အရင်းမပျောက် မတည်ငွေများကို မပျောက်ပျက်စေဘဲ တိုးပွားလာစေရန်နှင့် အကျိုးရှိစွာ စနစ်တကျ အသုံးချနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

### ဝိုင်းဝန်းအကြံပြုဆွေးနွေး

ထို့နောက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီဝင်များဖြစ်ကြသော ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ ဦးအောင်နိုင်ဦး၊ ဒုတိယဝန်ကြီးများနှင့် ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် တွေ့ရှိချက်၊ လိုအပ်ချက်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရာ ကော်မတီဥက္ကဋ္ဌက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပထမနေ့ စတင်ကျင်းပ

**နေပြည်တော် မတ် ၁၇**

(၅၈) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပထမနေ့ကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပရာ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။



နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက် လေ့လာကြည့်ရှုကြသည်။

ထို့နောက် ရတနာကုန်သည်များသည် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် ပုလဲအတွဲများ၊ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ရတနာပြပွဲတွင် ပုလဲအတွဲပေါင်း ၂၉၅ တွဲ၊ ကျောက်မျက်အတွဲပေါင်း ၁၂၀ နှင့် ကျောက်စိမ်းအတွဲပေါင်း ၂၁၅ တို့ကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

ပုလဲအတွဲများကို မတ် ၁၇ ရက်တွင် စတင်ခင်းကျင်းပြသပြီး မတ် ၁၈ ရက်နှင့် ၁၉ ရက်များတွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လည်းကောင်း၊ ကျောက်မျက်အတွဲများကို မတ် ၁၇ ရက်မှ ၁၉ ရက်အထိ ခင်းကျင်းပြသပြီး မတ် ၂၀ ရက်တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လည်းကောင်း၊ ကျောက်စိမ်းအတွဲများကို မတ် ၁၇ ရက်မှ ၂၀ ရက်အထိ ခင်းကျင်းပြသပြီး မတ် ၂၁ ရက်မှ ၂၃ ရက်အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ယခုပြပွဲတွင် ပုလဲအတွဲများကို အမေရိကန်ဒေါ်လာဖြင့် အခြေခံဈေးထားရှိပြီး တန်ဖိုးငွေပေးချေရာတွင် ပြည်ပကုန်သည်များသည် အမေရိကန်ဒေါ်လာ၊ ယူရို၊ ယွမ်နှင့် ထိုင်းဘတ်ငွေတို့ဖြင့်လည်းကောင်း၊ ပြည်တွင်းကုန်သည်များသည် မြန်မာကျပ်ငွေဖြင့် လည်းကောင်း၊ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို ယူရိုငွေဖြင့် အခြေခံဈေးထားရှိပြီး ကျောက်မျက် အတွဲများအတွက် တန်ဖိုးငွေပေးချေရာတွင် ပြည်ပကုန်သည်များသည် အမေရိကန် ဒေါ်လာ (သို့မဟုတ်) ယွမ်ငွေ (သို့မဟုတ်) ထိုင်းဘတ်ငွေတို့ဖြင့် လည်းကောင်း၊ ပြည်တွင်းကုန်သည်များသည် မြန်မာကျပ်ငွေဖြင့်လည်းကောင်း၊ ကျောက်စိမ်းအတွဲများအတွက်တန်ဖိုးငွေပေးချေရာတွင် နိုင်ငံခြားငွေဖြင့်သာ ပေးချေရမည့် ကျောက်စိမ်းအတွဲများအတွက် ပြည်တွင်း၊ ပြည်ပ ကုန်သည်များသည် အမေရိကန် ဒေါ်လာ (သို့မဟုတ်) ယွမ်ငွေ (သို့မဟုတ်) ထိုင်းဘတ်ငွေတို့ဖြင့် လည်းကောင်း၊ နိုင်ငံခြားငွေ (သို့မဟုတ်) မြန်မာကျပ်ငွေဖြင့် ပေးချေရမည့် ကျောက်စိမ်းအတွဲများအတွက် ပြည်တွင်းကုန်သည်များသည် မြန်မာကျပ်ငွေဖြင့် လည်းကောင်း၊ ပြည်ပကုန်သည်များသည် အမေရိကန်ဒေါ်လာ (သို့မဟုတ်) ယွမ်ငွေ (သို့မဟုတ်) ထိုင်းဘတ်ငွေတို့ဖြင့် လည်းကောင်း ပေးချေနိုင်ကြောင်း သိရသည်။

ထို့ပြင် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း၌ ကျောက်မျက်နှင့် လက်ဝတ်ရတနာ အရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရန်နှင့် နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းမှုများ ရရှိနိုင်စေရန်အတွက် တူးဖော် ထုတ်လုပ်ထားသည့် ကျောက်မျက် ရတနာများကို ရောင်းချနိုင်မည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်မှစတင်၍ အောင်မြင်စွာ ကျင်းပခဲ့ရာ ယခုကျင်းပပြုလုပ်သည့် (၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ် ၁၇ ရက်မှ ၂၃ ရက်အထိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**
**ဓာတ်ပုံ – ကိုကိုအေး**

## သံတွဲမြို့နယ်ရှိ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ အသင်းသားများအား စိုက်ပျိုးထိန်းသိမ်းခြင်း သင်တန်းပို့ချ

**သံတွဲ မတ် ၁၇**

သံတွဲခရိုင်စိုက်ပျိုးရေးဦးစီးဌာနကဦးဆောင်၍ သံတွဲမြို့နယ်အတွင်းရှိ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ အသင်းသားများအား ရော်ဘာစိုက်ပျိုးထိန်းသိမ်းခြင်းနှင့် မျိုးကိုင်းပွားခင်း တည်ထောင်ခြင်း သင်တန်းပို့ချခြင်းကို ယနေ့နံနက် ၉ နာရီက သံတွဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ သံတွဲခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်မိုးမြင့်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဒေါ်လှလှဝင်း ( ခရိုင်မျိုးစေ့ တာဝန်ခံ)က ရော်ဘာစိုက်ခင်းထိန်းသိမ်းမှုဆိုင်ရာများ၊ ဒု-လက်ထောက်ဦးစီးမှူး ဒေါ်သန္တာမြင့်က ရော်ဘာမျိုးကိုင်းပွားခင်း တည်ထောင်ခြင်းနှင့် ဒုတိယဦးစီးမှူး ဦးအောင်စိုးမင်းက ရော်ဘာစေးလှီးနည်းနှင့် ပြုပြင်ထုတ်လုပ်ခြင်း ဆိုင်ရာများကို သင်ကြားပို့ချခဲ့ကြရာ သင်တန်းတက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ သံတွဲခရိုင်စိုက်ပျိုးရေးဦးစီးမှူးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ သင်တန်းသို့ သံတွဲမြို့နယ်အတွင်းရှိ ရော်ဘာစိုက်ပျိုးတောင်သူများနှင့် ဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ရှိ ကော်ဖီစက်ရုံသို့ သွားရောက်ကြည့်ရှု

**နေပြည်တော် မတ် ၁၇**

MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်က အားပေးဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း၊ ခွန်စံလွင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ တုံခမ်းရပ်ကွက်ရှိ Coffee neo စက်ရုံသို့ သွားရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် Coffee neo စက်ရုံအတွင်း ကော်ဖီသီးရွေးနေမှု၊ အခွံချွက်စက်ဖြင့် ကော်ဖီသီးများ အခွံချွတ်နေမှုနှင့် ကော်ဖီစေ့များ နေလှန်းထားရှိမှုတို့ကို ကြည့်ရှုကြသည်။**(ယာပုံ)**

**လှည့်လည်ကြည့်ရှု**

ထို့ပြင် ခရီးသွားအရင်းအမြစ်များ ပေါကြွယ်ဝသည့် ရှမ်းပြည်နယ်ကို ခရီးသွားများ ပိုမိုတိုးတက်ဝင်ရောက်လာစေရေးနှင့် ခရီးသွားလုပ်ငန်း တိုးမြှင့်ဖော်ဆောင်နိုင်ရန် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် လုံခုတ်ကျေးရွာအုပ်စုအနီးရှိ ဟိုပုံးရေထွက်ကြီး အပန်းဖြေနားနေစခန်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများနှင့်တွေ့ဆုံ

**နေပြည်တော် မတ် ၁၇**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ တွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

တွေ့ဆုံပွဲသို့ ဌာနဆိုင်ရာ အကြီးအကဲများ၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြသည်။



**ဆက်လက်ထမ်းဆောင်**

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယနေ့သည် ဦးစီးဌာနအသစ်မှ ဝန်ထမ်းများ လူစုံတက်စုံ တာဝန်ထမ်းဆောင်သည့် နေ့ဖြစ်၍ မင်္ဂလာရှိသော နေ့တစ်နေ့ဖြစ်ပါကြောင်း၊ ဌာနအသစ်မှ ဝန်ထမ်းအသစ်များအနေဖြင့် အရေးပါသည့် တာဝန်ကို ထမ်းဆောင်သွားကြရမည် ဖြစ်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန အောက်ရှိဦးစီးဌာန၊ လုပ်ငန်းတို့မှ အရည်အချင်းရှိသော ဝန်ထမ်းများကို ထုတ်နုတ်၍ စုစည်း၊ ဖွဲ့စည်းထားခြင်းဖြစ်ရာ ပေါင်းစည်း၊ ဆက်စပ်ပြီး ပေးအပ်သည့် တာဝန်များကို ကျေပွန်အောင် ဆက်လက်ထမ်းဆောင်သွားရမည် ဖြစ်ပါကြောင်း၊ ယခုစတင်စုစည်း၊ ဖွဲ့စည်းချိန်တွင် ဌာနဖွဲ့စည်းပုံအတိုင်း ပြည့်ပြည့်ဝဝ အင်အားဖြည့်တင်းနိုင်ခြင်း မရှိသေးဘဲ ကျစ်ကျစ်လျစ်လျစ်ဖြင့် ဦးစွာ ဖွဲ့စည်းပေးထားခြင်းဖြစ်ပါကြောင်း။

**ဌာနခွဲသုံးခုဖွဲ့စည်း**

ဦးစီးဌာနအနေဖြင့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းရေးဌာနခွဲ၊ စီမံအုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးဌာနခွဲ ဟူသည့် ဌာနခွဲသုံးခု ဖွဲ့စည်းပြီး လုပ်ငန်းများ ဆောင်ရွက်သွားမည်ဟု သိရပါကြောင်း။

မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များမှာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက သတင်းမီဒီယာ သမားများအား ကျင့်ဝတ်နှင့်အညီ ဖြစ်စေရန် လုပ်ဆောင် ပေးနေမှုများအား ထောက်ပံ့ကူညီပေးခြင်း၊ မြန်မာ့မီဒီယာလောက ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များကို ရေးဆွဲချမှတ်ရန်နှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ မြန်မာ့မီဒီယာလောက ဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်ရင်း နိုင်ငံသားများ၏ သတင်းသိပိုင်ခွင့် ပိုမိုရရှိနိုင်ရေး လုပ်ဆောင်ပေးခြင်း၊ နိုင်ငံတကာ သတင်းမီဒီယာ အဖွဲ့အစည်းများ ဂုဏ်သိက္ခာရှိစွာဖြင့် နိုင်ငံနှင့် ပြည်သူကို ကိုယ်စားပြု၍ ပါဝင်နိုင်ရေး ဆောင်ရွက်ပေးခြင်း၊ ပုဂ္ဂလိကမီဒီယာများ ရှင်သန်ရပ်တည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခြင်းတို့ ဖြစ်ပါကြောင်း ပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ပဲခူးမြို့၌ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ အာဏာသက်ဝင်ခြင်းနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲကျင်းပ

**ပဲခူး မတ် ၁၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာန၏ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ အာဏာသက်ဝင်ခြင်းနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲကို ယမန်နေ့နံနက် ၁၀ နာရီက ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီး ဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦးက ၂၀၁၉ ခုနှစ်က အတည်ပြုပြဋ္ဌာန်းခဲ့သည့် မူပိုင်ခွင့်ဥပဒေများထဲမှ တစ်ခုဖြစ်သည့် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေကို အာဏာသက်ဝင်ခြင်းနှင့် စပ်လျဉ်းသည့် အသိပညာပေး ဆွေးနွေးပွဲဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း မူပိုင်ခွင့်အကာအကွယ်ပေးခြင်း စနစ်တစ်ရပ်ကို ကျင့်သုံးဆောင်ရွက်နိုင်ခြင်းအားဖြင့် နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အထောက်အကူ ပြုနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါ ဥပဒေ အာဏာသက်ဝင်ပြီးနောက် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်လျှောက်ထားခြင်းများကို လျှောက်လွှာလက်ခံမည့် ဌာနများမှတစ်ဆင့်လည်းကောင်း၊ အီလက်ထရောနစ်စနစ်မှတစ်ဆင့် လည်းကောင်း နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် လျှောက်လွှာလက်ခံမည့် ဌာနများ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးမိုးသွယ်က ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် ဥပဒေအာဏာသက်ဝင်ခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါက်တာစိမ့်သန္တာထွန်းက အမှတ်တံဆိပ် မှတ်ပုံတင်ခြင်း ဆိုင်ရာများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါက်တာအေးသီရိဝေက အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းဆိုင်ရာ လျှောက်လွှာပုံစံများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ AYA ဘဏ်မှ ဒေါ်အေးအေးမြင့်နှင့် CB ဘဏ်မှ ဦးနေလင်းထွန်းတို့က အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ အခကြေးငွေ ပေးသွင်းခြင်းဆိုင်ရာ ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများနှင့် လုပ်ထုံး လုပ်နည်းများ အကြောင်းကို လည်းကောင်း ဆွေးနွေးကြပြီး တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည် ဖြေကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာအစား အဋ္ဌမနေ့အဖြစ် သမိုင်းဘာသာရပ် ဆက်လက်ဖြေဆို

**နေပြည်တော် မတ် ၁၇**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အဋ္ဌမနေ့အဖြစ် သမိုင်းဘာသာရပ်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုကြသည်။

ဦးစွာ စာမေးပွဲဖြေဆိုခြင်းမပြုမီ ဆရာ၊ ဆရာမများက ကျောင်းသား ကျောင်းသူများအား စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်/မမှန် စစ်ဆေးခြင်းများနှင့် လိုအပ်သည့် စစ်ဆေးမှုများကို စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ကြသည်။ ယင်းသို့ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် ကျောင်းဝင်းအတွင်းနှင့် အပြင်များ၌ သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များက စနစ်တကျ စောင့်ကြပ်ကြည့်ရှုပေးလျက်ရှိသည်။

ယခုနှစ်တွင် အဋ္ဌမနေ့အဖြစ် သမိုင်းဘာသာရပ်အတွက် နိုင်ငံခြားစာစစ်ဌာနတစ်ခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၇၇၇ ခု စာစစ်ဌာန စုစုပေါင်း ၇၇၈ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူ ဦးရေစုစုပေါင်း ၄၄၃၅၄ ဦးရှိပြီး လာရောက်ဖြေဆိုသူ စုစုပေါင်း ၃၉၀၄၃ ဦးရှိကာ ဖြေဆိုသူရာခိုင်နှုန်း ၈၈ ဒသမ ၀၃ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။ ထိုသို့ ကျောင်းသား၊ ကျောင်းသူများ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုများကို ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပန်းတနော်မြို့နယ် ဆုတောင်းပြည့်ဘုရားစုကျေးရွာရှိ ရှေးဟောင်းဆုတောင်းပြည့်စေတီတော်မြတ်ကြီး ရွှေထီးတော်အသစ် တင်လှူပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် တက်ရောက်ကြည်ညို



**နေပြည်တော် မတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် ဆုတောင်းပြည့် ကျေးရွာအုပ်စု ဆုတောင်းပြည့်ဘုရားစုကျေးရွာရှိ ဘုရားကုန်းကျောင်းတိုက်အတွင်း တည်ထားသော ရှေးဟောင်း ဆုတောင်းပြည့် စေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပွဲ မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါစေတီတော်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင် တက်ရောက်ကြည်ညိုသည်။

အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အလှူရှင် ဒါယကာ၊ ဒါယိကာမများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ သံဃာတော်အရှင်သူမြတ်များက ရွှေထီးတော်ကို မဟာပဋ္ဌာန နမောတဿ ဂါထာတော်မြတ်နှင့် မေတ္တာသုတ် ပရိတ်တော်မြတ်များ ရွတ်ပွား ပူဇော်ပြီး အမွှေးနံ့သာရည်ဖြင့် ပူဇော်ကာ ဒါယကာ၊ ဒါယိကာမများက ဒေဝါဝင်း၊ ရာဇာဝင်းများ ခြံရံလျက် ဆုတောင်းပြည့်စေတီတော်မြတ်ကြီးကို လက်ယာရစ် လှည့်လည်ပူဇော်သည်။(**အပေါ်ပုံ**)

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အလှူရှင်များက ရွှေထီးတော် ဘုံအဆင့်နှင့် ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို စေတီတော်အထွတ်သို့ မင်္ဂလာပန်းရထားဖြင့် တင်လှူပူဇော်ကြသည်။

ယင်းနောက် ဆရာတော်သံဃာတော်များက ဗုဒ္ဓါဘိသေက ဥဒါနမင်္ဂလာ ဂါထာတော်များ ရွတ်ပွားပူဇော်ကြပြီး ရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။

ဆက်လက်၍ ရေစက်ချ မင်္ဂလာအခမ်းအနား ကျင်းပရာ ဧည့်သည်တော်များက နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် ပခန်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာမိထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လှူဖွယ်ဝတ္ထုတို့ကို ဆက်ကပ်လှူဒါန်းကြပြီး အနုမောဒနာတရား နာကြားကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

# အသေးစားစက်မှုလက်မှုထုတ်ကုန်နှင့် ထုပ်ပိုးမှုဆိုင်ရာ စက်ပစ္စည်းများပြပွဲ၊ ပြိုင်ပွဲ၊ ဆွေးနွေးပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပ



နေပြည်တော် မတ် ၁၇

**(၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အသေးစားစက်မှုလက်မှုထုတ်ကုန်နှင့် ထုပ်ပိုးမှုဆိုင်ရာစက်ပစ္စည်းများပြပွဲ၊ ပြိုင်ပွဲ၊ ဆွေးနွေး ပွဲနှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဥပ္ပါတသန္တိစေတီတောင်ဘက်မုခ်ရှေ့ရှိ တပေါင်းကွင်း၌ ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ပြပွဲ၊ပြိုင်ပွဲနှင့် ဈေးရောင်းပွဲကို အသေးစားစက်မှုလက်မှုလုပ်ငန်းများ အားပေးမြှင့်တင်ရန်နှင့် ဈေးကွက်ဖော်ဆောင်ပေးရန်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းသုံးနှင့် ထုပ်ပိုးမှုဆိုင်ရာ စက်ပစ္စည်းများအား အသေးစားလုပ်ငန်းရှင်များမှ လေ့လာနိုင်စေရန်နှင့် ဒေသထွက်ကုန်ကြမ်းများကို အခြေခံပြီး မိသားစုဝင်ငွေတိုးပွားစေမည့် တစ်နိုင်တစ်ပိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ အသေးစားစက်မှု လက်မှုထုတ်ကုန်နှင့် ထုပ်ပိုးမှုဆိုင်ရာစက်ပစ္စည်းများ ပြပွဲ၊ ပြိုင်ပွဲ၊ ဆွေးနွေးပွဲနှင့် ဈေးရောင်းပွဲ (နေပြည်တော်)ကို ကျင်းပပြုလုပ်ခြင်းဖြစ်ပါကြောင်း၊ ယခုဖွင့်လှစ်သောပြပွဲတွင် ယွန်း၊ ရက်ကန်း၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းစသည့်ထုတ်ကုန်အမျိုးအစားအလိုက် ပြိုင်ပွဲများ ကျင်းပပြီး ဆုများရွေးချယ်ချီးမြှင့်ပေးသွားမည်ဖြစ်သည့်အတွက် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက စက်မှုဝန်ကြီးဌာနအနေဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(MSME)ကို ဒေသအတွင်း စီးပွားရေးကွန်ရက်အတွင်း၌ တီထွင်ဆန်းသစ်မှုနှင့် ယှဉ်ပြိုင်မှုစွမ်းရည်ကောင်းများ မြင့်မားလာပြီး နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ MSME စီးပွားရေးလုပ်ငန်းများအနေဖြင့် ယခုကဲ့သို့ ဈေးကွက်ရရှိအောင် ဆောင်ရွက်ပေးသည့် ပြပွဲ၊ ပြိုင်ပွဲ၊ ဈေးရောင်းပွဲများတွင် ပါဝင်ပြသရောင်းချခြင်းဖြင့် စီးပွားရေးအရ အသိပညာများ ပိုမိုကြွယ်ဝလာပြီး မိမိတို့၏ စီးပွားရေးလုပ်ငန်းများကို စီမံရာတွင် ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က ပြည်ထောင်စုနယ်မြေအတွင်းရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဈေးကွက်ရရှိရေး၊ လိုအပ်သည့် နည်းပညာပံ့ပိုးကူညီပေးနိုင်ရေး၊ ခေတ်မီစက်ကိရိယာများ အသုံးပြုနိုင်ရေးတို့ကိုလည်း ကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

### ကြည့်ရှုအားပေး

ထို့နောက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းတိုးနှင့် နေပြည်တော် MSME Association ဥက္ကဋ္ဌ ဦးကျော်စွာဝင်းတို့က ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များသည် "အသေးစားစက်မှုလက်မှု ထုတ်ကုန်နှင့် ထုပ်ပိုးမှုဆိုင်ရာစက်ပစ္စည်းများပြပွဲ၊ ပြိုင်ပွဲ၊ ဆွေးနွေးပွဲနှင့် ဈေးရောင်းပွဲ" အတွင်းရှိ ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

### ခင်းကျင်းပြသရောင်းချသွားမည်

အဆိုပါ ပြပွဲ၊ ပြိုင်ပွဲ၊ ဆွေးနွေးပွဲနှင့် ဈေးရောင်းပွဲ၌ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်များမှ အသေးစားစက်မှုလက်မှုဆိုင်ရာ ယွန်း၊ ရက်ကန်းနှင့် စားသောက်ကုန်၊ လူသုံးကုန်ဆိုင်ရာ ထုတ်ကုန်ပြခန်းပေါင်း ၄၉ ခန်းနှင့် ထုပ်ပိုးမှုဆိုင်ရာ စက်ပစ္စည်းပြခန်း ၁၇ ခန်း စုစုပေါင်းပြခန်း ၆၆ ခန်းကို မတ် ၁၇ ရက်မှ ၁၉ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၅ နာရီခွဲအထိ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်၍ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးဝယ်ယူနိုင်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့်အဖွဲ့သည် နေပြည်တော်ရှိ ရုံးအမှတ် (၁၆) ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ စာတမ်းရှင် ခြောက်ဦးနှင့် ပြင်ပမှ MSME လုပ်ငန်းရှင် နှစ်ဦးတို့၏ စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန်၊ ယွန်း၊ ရက်ကန်းနှင့် ထုပ်ပိုးမှုပညာရပ်ဆိုင်ရာ စာတမ်းများဖြစ်သည့် ကြက်သွန်နီအခြေခံတန်ဖိုးမြှင့် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာစာတမ်း၊ လက်ငင်ချည်ထုတ်လုပ်သုံးစွဲမှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သုတေသနစာတမ်း၊ The Future of Packaging စာတမ်း၊ ထုပ်ပိုးမှုဖြင့် ဈေးကွက်ချဲ့ထွင်ခြင်းစာတမ်း၊ Vacuum Freeze Dryer အသုံးပြု၍ တန်ဖိုးမြှင့် သဘာဝသစ်သီးခြောက်များ စမ်းသပ်ထုတ်လုပ်ခြင်း၊ ထောပတ်သီးမှ အဆီအနှစ် (Oil Extract) များ ထုတ်ယူ၍ Herbal Cosmetic အလှကုန်ပစ္စည်းများ စမ်းသပ်သုတေသနပြုလုပ်ခြင်း၊ မြန်မာ့သစ်စေးအကြောင်းကို လေ့လာခြင်းနှင့် စမ်းသပ်သုတေသနပြုလုပ်ခြင်း၊ ပဲပုပ်မှ စားသောက်ကုန်များ သုတေသနပြုစမ်းသပ်ထုတ်လုပ်ခြင်း စာတမ်းဖတ်ကြားပွဲကို တက်ရောက်အားပေးကြည့်ရှုခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

# နိုင်ငံခြားရေးဝန်ကြီးဌာန၏ (၇၆) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားများကျင်းပ

**နေပြည်တော် မတ် ၁၇**

နိုင်ငံခြားရေးဝန်ကြီးဌာန၏ (၇၆) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် နေ့ဆွမ်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော် တပ်ကုန်းမြို့နယ် မစိုးရိမ်ကျောင်းတိုက် ဩဝါဒစရိယ ဆရာတော် ဦးကောသလ္လ အမှူးပြုသော သံဃာတော်အရှင်သူမြတ်ငါးပါးတို့ ကြွရောက်တော်မူကြပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ အမြဲတမ်းအတွင်းဝန်၊ သံအမတ်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်းနှင့် အမှုထမ်းများက တက်ရောက်ကြည်ညိုခဲ့သည်။





အခမ်းအနားတွင် တက်ရောက်လာကြသူများက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ငါးပါးသီလခံယူ ဆောက်တည်ကြကာ သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရား နာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် သံဃာတော်အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ညနေပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၏ (၇၆)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ညစာစားပွဲ၊ ပျော်ပွဲရွှင်ပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားတို့ကို ကျင်းပရာ(**အပေါ်ပုံ**) နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ အမြဲတမ်းအတွင်းဝန်၊ သံအမတ်ကြီးများ၊ အငြိမ်းစား သံအမတ်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ၁၉၄၇ ခုနှစ် မတ် ၁၇ ရက်ကို နိုင်ငံခြားရေးဝန်ကြီးဌာန စတင်တည်ထောင်သောနေ့အဖြစ် သတ်မှတ်ခဲ့ရာ ယခုနှစ်တွင် (၇၆) နှစ်မြောက် နှစ်ပတ်လည် အခါသမယသို့ ရောက်ရှိလာခဲ့ပြီ ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြပါရှိသည့် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေး မူဝါဒကို ကျင့်သုံးလျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် ချမှတ်ထားသည့် နိုင်ငံခြားရေးမူဝါဒနှင့်အညီ နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံတကာရေးရာများတွင် နိုင်ငံအားလုံး တန်းတူရည်တူရှိမှုနှင့် မိတ်ဝတ်မပျက် မိတ်ဆွေအဖြစ် ဆက်ဆံရေးတို့ကို အလေးအနက်ထား ဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘာ့မိသားစုဝင်နိုင်ငံ တစ်နိုင်ငံအဖြစ် ခိုင်မာစွာရပ်တည်ပြီး ချမှတ်ထားသော နိုင်ငံခြားရေး မူဝါဒနှင့်အညီ နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ လုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွားအပေါ် ရပ်တည်ကာကွယ်သွားရန် နိုင်ငံခြားရေး ဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတို့၌ တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းတိုင်း၏ တာဝန်ဖြစ်ကြောင်း။

ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်မှ ချမှတ်ထားသောမူဝါဒများကို သိရှိလိုက်နာရန် လိုအပ်ပြီး တစ်ဦးချင်း ကိုယ်ရည်ကိုယ်သွေး မြင့်မားတိုးတက်အောင် တည်ဆောက်နေကြရန် အရေးကြီးကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းများ လုပ်ငန်းအောင်မြင် ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန်အတွက် အတွေ့အကြုံ၊ ဗဟုသုတပြည့်စုံရန် သာမက လုပ်ငန်းခွင်သာယာပျော်ရွှင်ရေးအတွက်လည်း ပံ့ပိုးပေးလျက်ရှိကြောင်း၊ နိဂုံးချုပ်အနေဖြင့် နိုင်ငံ့ဝန်ထမ်းဘဝအဖြစ် စတင်ခံယူစဉ်ကတည်းက မိမိတိုင်းပြည်အတွက် နိုင်ငံ့တာဝန်များကို ကျေပွန်စွာ ထမ်းရွက်သွားရန် သန္နိဋ္ဌာန်ချမှတ်ပြီးဖြစ်သည့်အားလျော်စွာ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ကျင့်ဝတ်နှင့် စည်းမျဉ်းစည်းကမ်းများကို စောင့်ထိန်းလိုက်နာပြီး နိုင်ငံရေးအရောင်အသွေးကင်းရှင်းစွာဖြင့် နိုင်ငံ၏ အုပ်ချုပ်ရေးယန္တရား ကောင်းမွန်စွာ လည်ပတ်နိုင်ရေးအတွက် ဆက်လက် ကြိုးစားကြရန် တိုက်တွန်းအပ်ပါကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်၊ အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်တို့၌ ဖွင့်လှစ်ခဲ့သည့် သင်တန်းများတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများ၊ ဇန်နဝါရီလအတွင်း ဝန်ကြီးဌာနတွင်း ကျင်းပခဲ့သည့် အားကစားပြိုင်ပွဲများ၊ လွတ်လပ်ရေးနေ့ အားကစားပြိုင်ပွဲများနှင့် ပြည်ထောင်စုနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူများ၊ သီချင်းဆိုပြိုင်ပွဲ၌ ဆုရရှိခဲ့ကြသည့် ဝန်ထမ်းများကို ဆုများချီးမြှင့်ခြင်း၊ ဝန်ထမ်းများအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၏ (၇၆) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ကို ဂုဏ်ပြုသည့်အနေဖြင့် အထူးဆုမဲ ၇၆ ဆု အပါအဝင် ဗလာမပါ ကံစမ်းမဲများ မဲဖောက်ခြင်းတို့ဖြင့် အခမ်းအနားကိုစည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသော နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ သံအမတ်ကြီးများ၊ အငြိမ်းစား သံအမတ်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များက ဝန်ထမ်းများနှင့် အတူတကွ ညစာ သုံးဆောင်ခဲ့ကြပြီး ညစာသုံးဆောင်နေစဉ် ဝါသနာရှင်ဝန်ထမ်းများက ကာရာအိုကေ တေးသံသာများဖြင့် သီဆိုဖျော်ဖြေခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

---

○ *ကျောဖုံးမှ*

နန်းဖာဒင်ကြိုးပြင်ကာကွယ်တော ဧရိယာ အနီးအနားရှိ ဒေသခံပြည်သူများ၏ စိုက်ပျိုးမြေများအတွက် ရေဝေရေလဲဒေသအား ထိန်းသိမ်းရန်၊ ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းရန်နှင့် သဘာဝတောရိုင်းတိရစ္ဆာန်များအား ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခြင်းဖြစ်ပါသည်။

နန်းဖာဒင်ကြိုးပြင်ကာကွယ်တော ဧရိယာအတွင်း ကျွန်း၊ သစ်ရာ၊ အင်ကြင်း စသည့် အဖိုးတန်သစ်မျိုးများနှင့် ကညင်၊ သပြေ၊ လောက်ယား၊ သစ်စေး စသည့်သစ်မျိုးများ၊ တင်းဝါး၊ ဝါးနက်၊ ဝါးပိုးမျက်ဆန်ကျယ် စသည့်ဝါးမျိုးများ ပေါက်ရောက်နေပြီး ဝက်ဝံ၊ ဆတ်၊ ပြောင်၊ ဂျီ၊ တောဝက် စသည့် တိရစ္ဆာန်များ၊ မျောက်မျက်ကွင်းဖြူ၊ မျောက်လွှဲကျော် စသည့်မျောက်အမျိုးမျိုး၊ စပါးကြီးမြွေ၊ စပါးအုံးမြွေ စသည့်မြွေအမျိုးမျိုး၊ သိမ်း၊ စွန်၊ ဒေါင်းမင်း စသည့် ငှက်မျိုးများ ကျက်စားရာ ဒေသဖြစ်သည့်အပြင် ဥရုမြစ်အတွင်းစီးဝင်သော နန့်ကဒင်ချောင်း၊ နန်းဖာဒင်ချောင်း၊ နန်းယုတ်ချောင်းများ၏ ရေဝေရေလဲဧရိယာအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**

---

# (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အိမ်မဲ၌ ဗိုလ်ချုပ်အောင်ဆန်းလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်

**အိမ်မဲ မတ် ၁၇**

(၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်၌ ဗိုလ်ချုပ်အောင်ဆန်းလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း တက်ရောက်သည်။



ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး တင်ဇော်ထွန်းတို့က ဗိုလ်ချုပ်အောင်ဆန်းလမ်း ကွန်ကရစ်လမ်းသစ်ကြီးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လမ်းသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကွန်ကရစ်လမ်းသစ်မှာ အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ဘဏ္ဍာရန်ပုံငွေကျပ် ၂၀ ဒသမ ၀၈၆၅၅ သန်းဖြင့် ဆောင်ရွက်ပြီး လမ်းအရှည် ပေ ၃၀၀ ၊ အကျယ် ၂၅ ပေ၊ ထု ရှစ်လက်မရှိကာ အိမ်မဲမြို့နယ်အတွင်း ပြည်သူလူထု အကျိုးပြုအားထားရမည့်လမ်းဖြစ်ကြောင်း သိရသည်။ **ချစ်သက်လယ်(အိမ်မဲ)**

---

# မော်လမြိုင်မြို့၌ မွန်ပြည်နယ်နေ့ အထိမ်းအမှတ် ဈေးရောင်းပွဲတော်ကျင်းပမည်

**မော်လမြိုင် မတ် ၁၇**

၂၀၂၃ ခုနှစ် မတ် ၁၉ ရက်တွင် ကျရောက်မည့် (၄၉) နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ် ဌာနဆိုင်ရာပြခန်းများ၊ ဒေသထွက်ကုန်များနှင့် ရိုးရာအစားအစာ ဈေးရောင်းပွဲကို မော်လမြိုင်မြို့ စစ်ကဲကုန်းရပ်ကွက် ရေပေါ်ဈေးကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဈေးရောင်းပွဲတော်တွင် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းဆောင်ရွက်မှုများကို ပြည်သူများ ပိုမိုသိရှိနိုင်စေရန်အတွက် ဌာနဆိုင်ရာပြခန်း ၃၀၊ ဒေသထွက်ကုန်များပြခန်း ၁၀ ခန်း၊ MSME အရောင်းပြခန်း ၂၉ ခန်းနှင့် တိုင်းရင်းသားရိုးရာအစားအစာ အရောင်း ပြခန်း ၁၀ ခန်းအပြင် ပြည်သူများအတွက် အခြေခံစားသောက်ကုန်ဆန်နှင့် ဆီများကိုလည်း ဈေးနှုန်းချိုသာစွာ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဈေးရောင်းပွဲတော်ကို မတ် ၁၈ ရက်မှ ၁၉ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ည ၉ နာရီအထိ ရောင်းချပေးသွားမည်ဖြစ်ပြီး ပြည်သူများအနေဖြင့် အခမဲ့လာရောက်လည်ပတ် ကြည့်ရှုနိုင်ကြောင်း သိရသည်။

**ဇော်ဘီ**

ကမ္ဘာ့ရေနေ့ ဆောင်းပါးပြိုင်ပွဲ ပထမဆုရဆောင်းပါး။

# ရေဆိုင်ရာလိုအပ်ချက်များ ဖြည့်ဆည်းရန် အရှိန်အဟုန်မြှင့် ပြောင်းလဲဆောင်ရွက်မှု

စည်တော်မောင် (မကွေး)




ယနေ့ သိပ္ပံနှင့် နည်းပညာ အံ့မခန်းဖွံ့ဖြိုးတိုးတက်နေသော အချိန်အခါတွင် လူသားတို့ လက်လှမ်းမီလေ့လာနိုင်သမျှ အာကာသစကြဝဠာကြီးတွင် ကမ္ဘာမြေကြီးမှတစ်ပါး မည်သည့်ဂြိုဟ်တွင်မှ ရေကို မတွေ့ရှိကြသေးပါ။ ကျွန်ုပ်တို့ကမ္ဘာမြေကြီး (Earth) သည် သက်ရှိများရှင်သန်နေထိုင်နိုင်သော ရေထုတည်ရှိသော တစ်ခုတည်းသောကမ္ဘာ (Only one Earth) ဖြစ်သည်။ လူသားများနှင့် ကမ္ဘာ့သက်ရှိအလုံးစုံတို့သည် မိခင်ကမ္ဘာမြေကြီး၏ ရေထုကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း မှီခိုရှင်သန်ရပ်တည်နေကြရသည်။ ရေသည် ကျွန်ုပ်တို့ သက်ရှိတိုင်းအတွက် မရှိမဖြစ်သောအရာဖြစ်သည်။ ရေမရှိလျှင် ကမ္ဘာ့သက်ရှိများအားလုံး ပျက်စီးသွားကြမည်ဖြစ်သည်။ "ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက်" ဆိုသည့်အတိုင်း ရေ၏အရေးပါပုံကို တွေ့မြင်နိုင်သည်။ ထို့ကြောင့် ယနေ့ကမ္ဘာ့နိုင်ငံတိုင်းတွင် လူသားတို့အတွက် မရှိမဖြစ်သော ရေဆိုင်ရာလိုအပ်ချက်များ ဖြည့်ဆည်းရန် အရှိန်အဟုန်မြှင့် ပြောင်းလဲဆောင်ရွက်လျက်ရှိကြသည်။

### ကမ္ဘာ့ရေနေ့

"ရေဆိုင်ရာလိုအပ်ချက်များ ဖြည့်ဆည်းရန် အရှိန်အဟုန်မြှင့် ပြောင်းလဲဆောင်ရွက်မှု" (Accele-rating change to solve the water and Sanitation crises)သည် ယခုနှစ် ၂၀၂၃ ခုနှစ်၏ "ကမ္ဘာ့ရေနေ့" (World Water Day) ဆောင်ပုဒ်ဖြစ်သည်။ ၁၉၉၃ ခုနှစ်တွင် ရေချို၏အရေးပါမှုနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ရေချိုအရင်းအမြစ်စီမံထိန်းသိမ်းခြင်း ရည်ရွယ်ချက်ဖြင့် ကမ္ဘာ့ကုလသမဂ္ဂက မတ်လ ၂၂ ရက်ကို ကမ္ဘာ့ရေနေ့အဖြစ် သတ်မှတ်ပြဋ္ဌာန်း၍ နှစ်စဉ်ကျင်းပလာခဲ့သည်။ ၂၀၁၈ ခုနှစ်မှ ၂၀၂၈ ခုနှစ်အထိကို "ရေဆိုင်ရာစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုများအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆယ်စုနှစ်" အဖြစ် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံက သတ်မှတ်ထားရှိပြီး ကမ္ဘာ့နိုင်ငံများနှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ယခုနှစ် ၂၀၂၃ ခုနှစ်၏ ဆောင်ပုဒ်အရ ယနေ့ကမ္ဘာလုံးဆိုင်ရာ ရင်ဆိုင်နေကြရသော ရေနှင့် ရေဆိုင်ရာလိုအပ်ချက်များ၊ ရေကောင်းရေသန့်ရရှိစေရေးနှင့် မိလ္လာအညစ်အကြေး အကျပ်အတည်းများကို ဖြေရှင်းကြရန်အတွက် အပြောင်းအလဲဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ပြရန် အထူးသတိပေးဆော်ဩထားသည်။ ယနေ့ကမ္ဘာလုံးဆိုင်ရာ ရေဆိုင်ရာလိုအပ်ချက် အကျပ်အတည်းများကို ကောင်းမွန်စွာမဖြေရှင်းခဲ့ပါက လာမည့်နှစ်များတွင် ရေသံသရာ ကမောက်ကမ ဖြစ်မှုသည် ကျန်းမာရေးမှသည် ငတ်မွတ်မှုအထိ၊ ကျားမတန်းတူညီမျှမှုမှသည် အလုပ်အကိုင်များအထိ၊ ပညာရေးမှသည် စက်မှုလုပ်ငန်းအထိနှင့် သဘာဝဘေးအန္တရာယ်မှငြိမ်းချမ်းရေးအထိ တိုးတက်ဖွံ့ဖြိုးမှုများကို ထိခိုက်ပျက်စီးစေနိုင်သည်။

### ရေဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းရန်

ယနေ့ ကမ္ဘာ့နိုင်ငံများတွင် တူညီသည့် အရေးကြီးဆုံးသော ရည်မှန်းချက်သည် ဘက်ညီမျှတသည့်ဖွံ့ဖြိုးမှု ရရှိရေးပင်ဖြစ်သည်။ ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှုနည်းပါးသည့်နိုင်ငံများက နိုင်ငံတစ်ဝန်း "အားလုံးအကျုံးဝင်သည့် ဖွံ့ဖြိုးမှု" ရရှိစေရေး ကြိုးပမ်းနေသကဲ့သို့ ဖွံ့ဖြိုးပြီးနိုင်ငံများသည်လည်း ၎င်းတို့ရရှိပြီးဖြစ်သည့်တိုးတက်မှု တည်တံ့စေရေး အားထုတ်ကြိုးပမ်းနေကြသည်။ နိုင်ငံတစ်နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ရေနှင့် မြေသည် အဓိကအရင်းအနှီးဖြစ်သည်။ ရေနှင့်မြေကို အဓိကထားသောစိတ်ဖြင့် အလေးအနက် ကြံစည်လုပ်ဆောင်ခြင်းသည် နိုင်ငံသာယာဝပြောရေး၏ အခြေခံပင်ဖြစ်နေသည်။ "ရေကိုရင်းနှီး ပြည်ကြီးသာယာ" ဆိုသလို ယနေ့ကမ္ဘာ့နိုင်ငံတိုင်းက ရေဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းရန် ကြိုးပမ်းနေကြပြီး နိုင်ငံသာယာဝပြောရေးကို ဆောင်ရွက်နေကြသည်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင် (၁၇)ခုတွင် ပန်းတိုင် (၆) "ရေ"-လူတိုင်းအတွက် ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းမှု ရရှိနိုင်မှုနှင့် ရေရှည်တည်တံ့ခိုင်မြဲသောစီမံခန့်ခွဲမှု သေချာစေရန်" ဆိုသည့်အချက်ကို ၂၀၃၀ ပြည့်နှစ်တွင် ပြည့်မီစေရန် ကမ္ဘာ့နိုင်ငံတိုင်းက ကြိုးစားအားထုတ်နေကြသည်။

### ကမ္ဘာလုံးဆိုင်ရာ လှုပ်ရှားမှု

ထို့ကြောင့်လည်း ယခုနှစ် ၂၀၂၃ ခုနှစ် ကမ္ဘာ့ရေနေ့ဆောင်ပုဒ်အဖြစ် "ရေဆိုင်ရာ လိုအပ်ချက်များ ဖြည့်ဆည်းရန် အရှိန်အဟုန်မြှင့် ပြောင်းလဲဆောင်ရွက်မှု"ကို ချမှတ်ပေးပြီး ကမ္ဘာလုံးဆိုင်ရာ လှုပ်ရှားမှု (Global Campaign) "Be the change" ဟုခေါ်သော ကမ္ဘာ့လူသားများအား ၎င်းတို့သုံးစွဲမှု သောက်သုံးမှုနှင့် ရေကိုစီမံခန့်ခွဲသည့် နည်းလမ်းကို ပြောင်းလဲရန်နှင့် ၎င်းတို့၏ဘဝတွင် လုပ်ဆောင်သွားကြရန် တိုက်တွန်းထားသည်။ ကျွန်ုပ်တို့ကမ္ဘာမြေကြီးတွင် ကမ္ဘာ့မြေမျက်နှာသွင်ပြင်၏ ၇၀ ရာခိုင်နှုန်းကျော်ကို ရေများဖြင့် ဖုံးလွှမ်းထားပြီး ကမ္ဘာပေါ်ရှိရေထုစုစုပေါင်း၏ ၉၇ ရာခိုင်နှုန်းသည် ပင်လယ်နှင့် သမုဒ္ဒရာများ(ဆားငန်ရေ)များ ဖြစ်ကြသည်။ ကျန် ၃ ရာခိုင်နှုန်းသည်သာ ရေချိုဖြစ်ပြီး ၎င်းရေချို ၃ ရာခိုင်နှုန်းမှ ၁ ရာခိုင်နှုန်းခန့်သာ သောက်သုံးရန် သင့်လျော်သည်။ ၎င်းရေရှိ သန့်ရှင်းသောရေ သုံးပုံနှစ်ပုံမှာလည်း အလွယ်တကူရရှိရန် မဖြစ်နိုင်ပေ။ ထို့ပြင် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာမှုနှင့်အတူ ရေထုညစ်ညမ်းမှု၊ ရာသီဥတုဖောက်ပြန်မှု၊ သဘာဝဘေးအန္တရာယ်များကြောင့်လည်း ကမ္ဘာ့ရေချိုရေကောင်း ရေသန့်များ ရှားပါးမှုနှင့် မလောက်ငမှု၊ အထူးသဖြင့် ကျန်းမာရေးကိုထိခိုက်မှု စသည်တို့ ဖြစ်ပွားလျက်ရှိသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) ၏ ၂၀၂၂ ခုနှစ် အစီရင်ခံစာအရ နှစ်စဉ်လူဦးရေ ၁ ဒသမ ၄ သန်း သေဆုံးနေရပြီး ၇၄ သန်းသော လူများသည် ရေသန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းမှု အားနည်းသော ရောဂါများကြောင့် အသက်ဆုံးရှုံးနိုင်ခြေများနေသည်။ ယနေ့ ကမ္ဘာတစ်ဝန်းရှိ လူလေးဦးတွင် တစ်ဦး (နှစ်ဘီလီယံခန့်)သည် ဘေးကင်းစိတ်ချရသော သောက်သုံးရေ ချို့တဲ့လျက်ရှိနေသည် ဟူ၍ UN-Water၊ WHO နှင့် UNICEF တို့၏ ၂၀၂၂ ခုနှစ် အစီရင်ခံစာများကိုဖော်ပြသည်။ ထို့ပြင် ကမ္ဘာ့လူဦးရေ၏ ထက်ဝက်နီးပါး ၃ ဒသမ ၆ ဘီလီယံခန့်သည် လုံခြုံသောမိလ္လာစနစ် ကင်းမဲ့နေသည်ဟူ၍လည်း ထုတ်ပြန်ထားသည်။ တစ်ကမ္ဘာလုံးတွင် အိမ်သုံးရေဆိုးများ၏ ၄၄ ရာခိုင်နှုန်းတို့လည်း ဘေးကင်းစွာ (Waste water safely treated) အဖြစ်ကုသခြင်းမပြုလုပ်နိုင်ကြပါဟု UN-Water ၂၀၂၂ ခုနှစ် အစီရင်ခံစာက ထုတ်ပြန်ထားသည်။ လာမည့် ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့ရေလိုအပ်ချက် (ရေနုတ်ယူမှု) သည် ၅၅ ရာခိုင်နှုန်းတိုးလာမည်ဟု ခန့်မှန်းထားသည်။ ထို့ကြောင့် လာမည့်အနာဂတ်တွင် ကမ္ဘာ့လူသားများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။ လာမည့်နောက်ငါးနှစ်မှ ၁၀ နှစ်အတွင်း ရေရှားပါးမှုသည် ကမ္ဘာ့လူဦးရေ၏ သုံးပုံနှစ်ပုံကို ဆိုးရွားစွာ သက်ရောက်နိုင်စေသည်။ အဓိကအားဖြင့် ရေနှင့်ပတ်သက်ပြီး ထိတ်လန့်ဖွယ် အချက် (၁၀) ချက်နှင့် ရေရှားပါးမှုသည် ဘာကြောင့် ကမ္ဘာလုံးဆိုင်ရာ ပြဿနာဖြစ်နေသည်ကို ဖော်ပြပါမည်။

### (၁) သန့်စင်သောရေ ရှားပါးမှုကြောင့် ကလေးသူငယ်များ သေဆုံးမှုနှုန်းများ မြင့်တက်ခြင်း

နှစ်စဉ် ငါးနှစ်အောက် ကလေးသူငယ်ပေါင်း ၄၄၆၀၀၀ ခန့်သည် ဝမ်းပျက်ဝမ်းလျှောရောဂါကြောင့် သေဆုံးနေကြရသည်။ ထိုကလေးအများစုသည် ဝင်ငွေအလယ်အလတ်နှင့် ဝင်ငွေနည်းပါးသော နိုင်ငံများမှဖြစ်ကြပြီး သန့်စင်ကောင်းမွန်သော ရေအရင်းအမြစ်များကို မရရှိကြပါ။ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်နိုင်သည့် ဘေးကင်းမှုမရှိသော ရေများသည် ၎င်းကလေးများ မသောက်သုံးခင်ကပင် ညစ်ညမ်းခံရပြီးဖြစ်သည်။ ဝမ်းပျက် ဝမ်းလျှောကြောင့် ကလေးသူငယ်သေဆုံးနှုန်းများမှာ ငှက်ဖျား၊ ဝက်သက်နှင့် HIV တို့ကြောင့် ကလေးသေဆုံးမှုနှုန်းပေါင်းထက် များပြားနေသည်။

### (၂) အခြေခံမိလ္လာနှင့် ရေဆိုးစနစ်သည် ကမ္ဘာ့လူဦးရေ ၃ ဒသမ ၆ ဘီလီယံအပေါ် သက်ရောက်နေခြင်း

ကမ္ဘာနိုင်ငံများတွင် အခြေခံမိလ္လာနှင့် ရေဆိုးစနစ် ထောက်ပံ့ခြင်းနှင့်ပတ်သက်၍ ကြီးမားပြင်းထန်သော ပြဿနာများကို ရင်ဆိုင်နေရသည်။ ခန့်မှန်းခြေ လူပေါင်း ၃ ဒသမ ၆ ဘီလီယံခန့်သည် အခြေခံမိလ္လာနှင့် ရေဆိုးစနစ်အတွက် လိုအပ်သော ဝန်ဆောင်မှုများနှင့် အသုံးအဆောင်များ မရရှိကြပေ။ အခြေခံမိလ္လာနှင့် ရေဆိုးစနစ်ဆိုသည်မှာ လူများ၏ အညစ်အကြေးစွန့်ပစ်မှုဆိုင်ရာ အသုံးအဆောင်များနှင့် ပုံမှန်သိမ်းဆည်းပေးခြင်း စနစ်များရှိသည့် သန့်ရှင်းကောင်းမွန်သောနေရာတွင် လူသားများနေထိုင်ခြင်းကို ဆိုလိုသည်။

### (၃) ကလေးသူငယ်များ အာဟာရချို့တဲ့မှု၏ ၅၀ ရာခိုင်နှုန်းသည် မသန့်ရှင်းသော ရေများနှင့် ချိတ်ဆက်နေခြင်း

လူတစ်ဦးအတွက် အစာအာဟာရဓာတ်ခြောက်မျိုးတွင် ရေဓာတ်သည် အခြေခံအကျဆုံးဖြစ်သည်။ လူတစ်ဦး၏ အစားအစာစားသောက်မှုတွင် လုံလောက်သောအာဟာရဓာတ်များ မရရှိပါက အာဟာရချို့တဲ့မှု (Malnutrition) ဖြစ်ပေါ်လာသည်။ မသန့်ရှင်းသောရေကြောင့် ကလေးများတွင် ဝမ်းရောဂါများဖြစ်သည့်အခါ ကြီးထွားဖွံ့ဖြိုးရန်လိုအပ်သော ဗီတာမင်နှင့် သတ္တုဓာတ်များကို မစုပ်ယူနိုင်တော့ပေ။ ကလေးသူငယ်များ အာဟာရချို့တဲ့မှုဖြစ်ပေါ်လာပြီး ဖွံ့ဖြိုးမှုနှေးကွေးရသည်။ ဤအချက်သည် ကမ္ဘာကြီး၏ မျိုးဆက်သစ်များအတွက် စိုးရိမ်စရာဖြစ်သည်။

**"ကမ္ဘာ့ကျန်းမာရေးအဖွဲ့( WHO) ၏ ၂၀၂၂ ခုနှစ် အစီရင်ခံစာအရ နှစ်စဉ်လူဦးရေ ၁ ဒသမ ၄ သန်း သေဆုံးနေရပြီး ၇၄ သန်းသောလူများသည် ရေသန့် ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းမှု အားနည်းသော ရောဂါများကြောင့် အသက်ဆုံးရှုံးနိုင်ခြေ များနေသည်။ ယနေ့ကမ္ဘာတစ်ဝန်းရှိ လူလေးဦးတွင် တစ်ဦး(နှစ်ဘီလီယံခန့်)သည် ဘေးကင်းစိတ်ချရသောသောက်သုံးရေ ချို့တဲ့လျက်ရှိနေသည်ဟူ၍ UN-Water၊ WHO နှင့် UNICEF တို့၏ ၂၀၂၂ ခုနှစ် အစီရင်ခံစာများကို ဖော်ပြသည်။ ထို့ပြင် ကမ္ဘာ့လူဦးရေ၏ ထက်ဝက်နီးပါး ၃ ဒသမ ၆ ဘီလီယံခန့်သည် လုံခြုံသောမိလ္လာစနစ် ကင်းမဲ့နေသည်ဟူ၍လည်း ထုတ်ပြန်ထားသည်"**

စာမျက်နှာ ၉ သို့

*စာမျက်နှာ ၈ မှ*

**(၄)ကောင်းမွန်သော ရေနှင့် မိလ္လာစနစ်သည် ကုန်ထုတ်စွမ်းအား တိုးတက်စေခြင်း**

ရေနှင့် မိလ္လာစနစ်အတွက် ရင်းနှီးမြှုပ်နှံမှုများသည် လူထုနှင့် ပြည်တွင်းစီးပွားရေးများကို တိုးတက်စေနိုင်သည်။ ရေနှင့် မိလ္လာစနစ်အတွက် တစ်ဒေါ်လာ ရင်းနှီးပါက အနည်းဆုံးပျှမ်းမျှ လေးဒေါ်လာခန့်ကို ကုန်ထုတ်စွမ်းအားတိုးလာခြင်းမှ တစ်ဆင့် ပြန်လည်ရရှိနိုင်သည်။ ကလေးများသည်လည်း ရေမသန့်မှုကြောင့် ဖျားနာပါက မိဘဖြစ်သူကပြုစုရလျှင် အလုပ်ပျက်ရသည်။ ထို့ကြောင့် ပိုမိုကောင်းမွန်သော မိလ္လာစနစ်သာရှိပါက တစ်နှစ်လျှင် အလုပ်လုပ်ရန်နှင့် ကျောင်းသွားရန် အချိန်ပိုနာရီ ၁၀၀၀ ခန့် ပိုမိုရရှိနိုင်ကြောင်း လေ့လာမှုများက ဖော်ပြလျက်ရှိသည်။

**(၅) မသန့်ရှင်းသောရေကြောင့် နှစ်စဉ် ၁ ဒသမ ၄ သန်းခန့် သေဆုံးမှုဖြစ်ပေါ်နေခြင်းနှင့် နှစ်စဉ် ၇၄ သန်းသောလူများ အသက်ဆုံးရှုံးနိုင်**

မသန့်ရှင်းသောရေနှင့် မိလ္လာစနစ် မလုံလောက်မှုနှင့် တစ်ကိုယ်ရည်သန့်ရှင်းမှု အားနည်းခြင်းကြောင့်ဖြစ်သော ကျန်းမာရေးအခြေအနေများကြောင့် နှစ်စဉ် ကလေးသူငယ်နှင့် လူကြီးများ သေဆုံးနေရသည်။

**(၆) လာမည့် ၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့လူဦးရေ ထက်ဝက်ခန့်သည် ရေရှားပါးဒေသများတွင် နေထိုင်ရနိုင်ခြင်း**

နောက်နှစ်အနည်းငယ်တွင် ကမ္ဘာ့လူဦးရေ ထက်ဝက်ခန့်သည် ရေရှားပါးသော ဒေသများတွင် နေထိုင်ရနိုင်သည်ဟု သိပ္ပံပညာရှင်များက ခန့်မှန်းထားကြသည်။ ကမ္ဘာလုံးဆိုင်ရာ အခြေခံရေရရှိမှု ကြိုးပမ်းရာတွင် လက်ရှိဆောင်ရွက်မှုများကို ၂၀၃၀ ပြည့်နှစ်တွင် နှစ်ဆတိုးမြှင့် ဆောင်ရွက်ရန် လိုအပ်နေသည်။ သို့သော် ကမ္ဘာလုံးဆိုင်ရာ သန့်ရှင်းသော ရေရရှိမှုကို စိန်ခေါ်မှုများက တားဆီးနေသည်။ ၎င်းစိန်ခေါ်မှုများတွင် ရာသီဥတု ပြောင်းလဲလာမှုနှင့် ကမ္ဘာ့လူဦးရေ အဆမတန်တိုးပွားလာမှုတို့က ထိပ်ဆုံးမှ ပါဝင်နေသည်။

**(၇)ဝင်ငွေနည်းပါးသော နိုင်ငံများတွင် အမျိုးသမီးများသည် ရေစုဆောင်းရန် နာရီပေါင်း ၄၀ ဘီလီယံအထက် အသုံးပြုနေရခြင်း**

ဝင်ငွေနည်းပါးသော နိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ အရွယ်ရောက်အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် အိမ်တွင်သုံးရန် ရေများကို နာရီပေါင်း ဘီလီယံနှင့်ချီကာ စုဆောင်းနေရသည်။ ဤအချက်သည် အမျိုးသမီးများ ပညာရေးနှင့် လုပ်ငန်းခွင်ကို တက်ရောက်နိုင်မှုကို တိုက်ရိုက်သက်ရောက်နေပြီး ကျား မ တန်းတူညီမျှရေးကို ထိခိုက်စေသည်။

**(၈) စွန့်ပစ်ရေဆိုး၏ ၈၀ရာခိုင်နှုန်းနီးပါး ဂေဟာစနစ်အတွင်းသို့ ပြန်လည်စီးဆင်းခြင်း**

အထူးသဖြင့် ကမ္ဘာ့စက်မှုလုပ်ငန်း ဖွံ့ဖြိုးမှုနှင့်အတူ စက်မှုလုပ်ငန်းသုံးနှင့် စိုက်ပျိုးရေးသုံး ရေဆိုးများစွန့်ပစ်မှုမှာ ပုံမှန်နှုန်းထားဖြင့် မြင့်တက်နေပြီး စိန်ခေါ်မှုပြဿနာတစ်ရပ် ဖြစ်လာသည်။ ကမ္ဘာ့သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးရုံသာမက လူသားတို့၏ ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေသည်။

**(၉) ကမ္ဘာ့လူဦးရေ ၂ ဒသမ ၂ ဘီလီယံခန့် (ကမ္ဘာ့လူဦးရေ လေးဦးတွင် တစ်ဦး)သည် ဘေးကင်းစိတ်ချရသော သောက်သုံးရေ ချို့တဲ့စွာ နေရခြင်း**

ယနေ့ ကမ္ဘာ့လူဦးရေ ၂ ဒသမ ၂ ဘီလီယံခန့်သည် နေ့စဉ်သောက်သုံးရေကို အပြည့်အဝ မသုံးစွဲနိုင်ဘဲ ချို့တဲ့စွာဖြင့် သောက်သုံးရေကို ချွေတာနေရသည်။

**(၁၀) ရေကောင်းရေသန့်ကို ချွေတာသုံးစွဲမှုနှင့် စီမံခန့်ခွဲမှု အားနည်းခြင်း**

လူတစ်ဦးသည် အခြေခံလိုအပ်ချက်အဖြစ် တစ်နေ့လျှင် ရေလီတာ ၂၀-၅၀ နီးပါးလိုအပ်ကြောင်း UN-Water မှ ဆိုထားသည်။ သို့သော်လည်း ဖွံ့ဖြိုးမှုကွာဟချက်ကြောင့် ရေလိုအပ်ချက် သုံးစွဲမှု ကွာဟသွားသည်။ ဥပမာအားဖြင့် အမေရိကန်နိုင်ငံတွင် ရေချိုးခန်းသည် ရေ ၁၇ ဂါလန်ခန့်ကို အသုံးပြုပြီး အိမ်သာရေဆေးတစ်ခုတည်းက ခုနစ်ဂါလန်ကို အသုံးပြုမှုသည် တုန်လှုပ်သွားစေသည်။

အထက်ပါအချက်များအရ လူသန်းပေါင်းများစွာနှင့် မရေမတွက်နိုင်သော ကျောင်းများ၊ စီးပွားရေးလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုများ၊ စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းများ စသည်တို့တွင် ရေနှင့်မိလ္လာဆိုင်ရာလိုအပ်ချက်များ ပြည့်စုံရန် လိုအပ်လျက်ရှိနေသည်။ ဤအခြေအနေအရ ရေနှင့် မိလ္လာဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းရန် ပုံမှန်အတိုင်း လုပ်ဆောင်နေမှုမှ အရှိန်အဟုန်မြှင့်တင် ပြောင်းလဲဆောင်ရွက်ကြရန် မီးမောင်းထိုးပြနေသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံတိုင်း၏ အစိုးရများ၊ လူမှုအဖွဲ့အစည်းများနှင့် ကမ္ဘာ့လူသားထုတစ်ရပ်လုံးက ပါဝင်ပြီး ဆောင်ရွက်ကြရမည်ဖြစ်သည်။

**မြန်မာနိုင်ငံနှင့် ရေဆိုင်ရာပြဿနာများ**

မြန်မာနိုင်ငံအနေဖြင့်လည်း အခြားဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ ရေနှင့်ဆိုင်ရာအခက်အခဲ ပြဿနာများကို ကြုံတွေ့ခံစားနေရသည်။ ကျွန်ုပ်တို့မြန်မာနိုင်ငံသည် ရေအရင်းအမြစ် ကြွယ်ဝပြီး အာဆီယံ ၁၀ နိုင်ငံ၏ ရေ ၁၆ ရာခိုင်နှုန်းနှင့် အာရှတိုက်တစ်တိုက်လုံး၏ ရေ ၁၂ ရာခိုင်နှုန်းအထိ ပိုင်ဆိုင်သည့် ရေအရင်းအမြစ်များ ပေါကြွယ်ဝသောနိုင်ငံဖြစ်သည်။ သို့သော်လည်း မိုးရွာသွန်းမှု ကွဲပြားခြားနားမှု၊ ပထဝီမြေမျက်နှာသွင်ပြင် ကွဲပြားမှု၊ မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့ကြီးမြို့ငယ်များတွင် လူဦးရေ တိုးပွားမှု၊ လူနေထူထပ်မှု၊ စက်မှုဇုန်နှင့် စီးပွားရေးဇုန်များ တိုးတက်များပြားလာမှု စသည်ဖြင့် လူနေမှုစနစ် ပြောင်းလဲလာမှုတို့ကြောင့် ရေလိုအပ်ချက်သည် လျင်မြန်စွာ ပိုမိုများပြားလာနေပြီး လူတိုင်းအတွက် ရေဖူလုံစွာ ရရှိနိုင်ရေးမှာ အခက်အခဲပြဿနာများ ဖြစ်ပေါ်နေလျက်ရှိသည်။

**မြန်မာနိုင်ငံအနေဖြင့် လူဦးရေ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများအား ရေပေးရေးစီမံကိန်းများကို ချမှတ်ဆောင်ရွက်ခဲ့သည်။ ၂၀၃၀ ပြည့်နှစ်တွင် ကျေးလက်နေပြည်သူများအားလုံး၏ လူမှုစီးပွားဘဝ ပိုမိုတိုးတက်လာစေရန် မဟာဗျူဟာများကို ၂၀၁၇ ခုနှစ်တွင် ချမှတ်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၁ ခုနှစ်အထိ ကျေးလက်ရေရရှိရေး ၁၀ နှစ် စီမံကိန်း ဆောင်ရွက်ခဲ့သည်**

အခြေခံလိုအပ်ချက်ဖြစ်သော ဘေးကင်းစိတ်ချရသော သောက်သုံးရေရရှိမှု၊ မိလ္လာနှင့် ရေဆိုးစွန့်ပစ်မှုအတွက် ရေလိုအပ်မှုများကလည်း နေရာအများစုတွင် ပြဿနာတစ်ခုအဖြစ် ရှိနေသည်။ စနစ်တကျသန့်စင်ခြင်းမရှိဘဲ မြစ်ချောင်းများအတွင်းသို့ စွန့်ထုတ်လိုက်သော ရေဆိုးများနှင့် ဓာတုပစ္စည်းများကြောင့်လည်း ရေညစ်ညမ်းမှု ပြဿနာများ ဖြစ်ပေါ်လျက်ရှိသည်။ ဤအခက်အခဲများကို ဖြေရှင်းရန်နှင့် ရေကဏ္ဍကို ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲရေးကို အရှိန်အဟုန်မြှင့် စနစ်တကျအကောင်အထည်ဖော်ရန် လိုအပ်သည်။

မြန်မာနိုင်ငံတွင် ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်း အချက်အလက်များအရ သန့်ရှင်း၍ ဘေးကင်းသော သောက်သုံးရေဝန်ဆောင်မှုမှ ရရှိသောရေကို သောက်ရေအဖြစ် အသုံးပြုခြင်းကို မြို့ပြဒေသတွင် ၆၃ ဒသမ ၈ ရာခိုင်နှုန်း တွေ့ရှိရသော်လည်း ကျေးလက်ဒေသတွင် ၃၂ ဒသမ ၇ ရာခိုင်နှုန်းသာ တွေ့ရှိရသည်။ ကျေးလက်ဒေသများသည် မြို့ပြများကဲ့သို့ လုံခြုံစိတ်ချရပြီး လူတိုင်းတတ်နိုင်သည့် ရေပေးရေးဝန်ဆောင်မှုများ ရရှိခြင်းမရှိဘဲ နောက်ကျကျန်ရစ်ခဲ့သည်။ အထူးသဖြင့် ငါးနှစ်အောက် ကလေးငယ်များ၏ ရှင်သန်ရေးနှင့် ကျန်းမာရေးတို့အပေါ်တွင် ဆိုးကျိုးများ သက်ရောက်ရသည်။

၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်း အစီရင်ခံစာအရ မြန်မာနိုင်ငံရှိ အိမ်ထောင်စုအားလုံး၏ ၈၀ ဒသမ ၇ ရာခိုင်နှုန်းသည် အခြေခံစနစ်ရှိသော (အနိမ့်ဆုံး) သောက်သုံးရေဝန်ဆောင်မှုမှရေကို သောက်ရေအဖြစ် ရရှိအသုံးပြုနေသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် အိမ်ထောင်စုအားလုံး၏ ၄၁ ဒသမ ၄ ရာခိုင်နှုန်းသည် သန့်ရှင်း၍ ဘေးကင်းသော သောက်သုံးရေဝန်ဆောင်မှုမှ ရရှိသောရေကို သောက်ရေအဖြစ် အသုံးပြုကြကြောင်း တွေ့ရှိရသည်။ သန့်ရှင်း၍ ဘေးကင်းသော သောက်သုံးရေဝန်ဆောင်မှုဆိုသည်မှာ ကောင်းမွန်သောရေအရင်းအမြစ်များမှ သောက်သုံးရေရရှိ သောက်သုံးခြင်းဖြစ်ပြီး ထိုရေအရင်းအမြစ်များသည် မိမိအိမ်ဝင်းအတွင်းတည်ရှိပြီး လိုအပ်သည့်အချိန်တိုင်း ရေရသည့်အပြင် E-coli အီးကိုလိုင်ပိုးမွှား ကင်းစင်ရမည်။ အိမ်ထောင်စုအားလုံး ၄၀ ဒသမ ၃ ရာခိုင်နှုန်းသည် အခြေခံစနစ်ရှိသော သောက်သုံးရေဝန်ဆောင်မှုမှ ရရှိသောရေကို သောက်ရေအဖြစ် အသုံးပြုကြကြောင်း တွေ့ရှိရသည်။ အခြေခံစနစ်ရှိသော သောက်သုံးရေ ဝန်ဆောင်မှုဆိုသည်မှာ ကောင်းမွန်သော ရေအရင်းအမြစ်များမှ သောက်သုံးရေရရှိ သောက်သုံးခြင်းဖြစ်ပြီး ထိုရေအရင်းအမြစ်များသို့ ရေသွားရောက်ခပ်ယူရန်အတွက် မိနစ် ၃၀ အောက်သာ ကြာမြင့်သည်။

မြန်မာနိုင်ငံရှိ အိမ်ထောင်စုအားလုံး၏ ၀ ဒသမ ၄ ရာခိုင်နှုန်းသာလျှင် အကန့်အသတ်ရှိသော သောက်သုံးရေ ဝန်ဆောင်မှုမှရေကို သောက်ရေအဖြစ် ရရှိအသုံးပြုနေသည်ကို တွေ့ရှိရသည်။ အကန့်အသတ်ရှိသောသောက်သုံးရေ ဆိုသည်မှာ ကောင်းမွန်သော ရေအရင်းအမြစ်များမှ သောက်သုံးရေရရှိခြင်းဖြစ်ပြီး ထိုရေအရင်းအမြစ်များသို့ ရေသွားရောက်ခပ်ယူရန်အတွက် မိနစ် ၃၀ အထက် ကြာမြင့်သည်။ သို့သော် သန့်ရှင်းမှုမရှိဘဲ အကာအကွယ်မရှိသော ရေအရင်းအမြစ်များမှရေကို သောက်ရေအဖြစ် ရယူသုံးစွဲသည့် အိမ်ထောင်စုပေါင်းမှာ ၅ ဒသမ ၅ ရာခိုင်နှုန်းရှိနေသေးသည်ကိုလည်း လေ့လာတွေ့ရှိရသည်။ ထို့ပြင် အိမ်ထောင်စုအားလုံး၏ ၁၂ ဒသမ ၄ ရာခိုင်နှုန်းသည် မြေပေါ်ရေဖြစ်သည့် မြစ်ရေ၊ ချောင်းရေ၊ ဆည်ရေ၊ တူးမြောင်းရေ၊ ကန်ရေတို့ကို သောက်ရေအဖြစ် အသုံးပြုနေကြကြောင်း တွေ့ရှိရသည်။ မြို့ပေါ်အိမ်ထောင်စုအားလုံး၏ ၃ ဒသမ ၇ ရာခိုင်နှုန်းသာလျှင် မြေပေါ်ရေကို သောက်ရေအဖြစ် အသုံးပြုနေကြသော်လည်း ကျေးလက်ဒေသအိမ်ထောင်စုအားလုံး၏ ၁၅ ဒသမ ၈ ရာခိုင်နှုန်းသည် မြေပေါ်ရေကို သောက်ရေအဖြစ် အသုံးပြုကြကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံ၏ ရခိုင်ပြည်နယ် အပါအဝင် ဧရာဝတီတိုင်းဒေသကြီးအောက်ပိုင်း ကမ်းရိုးတန်းဒေသများတွင် နေထိုင်ကြသည့် ကလေးသူငယ်များသည် လုံခြုံစိတ်ချရသည့် ရေရရှိမှုနှင့် အလှမ်းကွာဝေးနေသည်။ သန့်ရှင်းပြီး အရည်အသွေးပြည့်ဝသည့် ရေနှင့်မိလ္လာစနစ်ကို မရရှိခြင်းသည် မြို့ပြဒေသများထက် ဆင်းရဲနွမ်းပါးမှု မြင့်မားနေသည့် ကျေးလက်ဒေသများ၌ ပိုမိုမြင့်မား၍ ကျန်းမာရေး၊ အာဟာရရှိမှုနှင့် သေဆုံးမှုရလဒ်များကို သိသာထင်ရှားစွာ အကျိုးသက်ရောက်မှု ဖြစ်စေသည်။

**ရည်မှန်းချက်ပန်းတိုင်(၆) အောင်မြင်စေရန်**

မြန်မာနိုင်ငံသည် “စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်(၆) လူတိုင်းအတွက် ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းမှု ရရှိနိုင်မှုနှင့် ရေရှည်တည်တံ့ခိုင်မြဲသော စီမံခန့်ခွဲမှုသေချာစေရန်” အချက်ကို အောင်မြင်စေရန်အတွက် နိုင်ငံတစ်ဝန်းနှင့် ဒေသတစ်ဝန်းရှိ လိုအပ်ချက်များကို ထိရောက်သည့် ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဝန်ဆောင်မှု ပံ့ပိုးခြင်းကိုမြှင့်တင်ရန် စိန်ခေါ်မှုများက ရှိနေသည်။ ၎င်းစိန်ခေါ်မှုများတွင် ရုပ်ဝတ္ထုပိုင်းဆိုင်ရာနှင့် ရေငန်ခြင်း၊ အာဆင်းနစ်၊ တိမ်သောမြေအောက်ရေကြောကဲ့သို့ မြေမျက်နှာသွင်ပြင်ကန့်သတ်ချက်များ ပါဝင်သည်။ မြို့ပြအဆောက်အအုံများ၏ ထိရောက်သော လည်ပတ်မှုနှင့် ပြုပြင်ထိန်းသိမ်းမှုအတွက် စီမံကိန်းရေးဆွဲမှုမရှိခြင်းနှင့် ကျေးလက်လူထုကိုယ်တိုင် စီမံခန့်ခွဲသည့် ရေနှင့်သန့်ရှင်းရေးဆိုင်ရာလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်ရန်အတွက် အခြားသောအဟန့်အတားများလည်း ရှိနေသည်။ ရေရှည်တည်တံ့ခိုင်မြဲသော တိုးတက်မှုများကို ရရှိစေရန်အတွက် ကွဲပြားခြားနားသော အခြေအနေများတွင် ထိရောက်သော ဖြေရှင်းနည်းများအတွက် သုတေသနနှင့် အသိပညာဗဟုသုတများကို ပိုမိုမျှဝေစေရန်လည်း အင်မတန် လိုအပ်သည်။

မြန်မာနိုင်ငံအနေဖြင့် လူဦးရေ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများအား ရေပေးရေးစီမံကိန်းများကို ချမှတ်ဆောင်ရွက်ခဲ့သည်။ ၂၀၃၀ ပြည့်နှစ်တွင် ကျေးလက်နေပြည်သူများအားလုံး၏ လူမှုစီးပွားဘဝ ပိုမိုတိုးတက်လာစေရန် မဟာဗျူဟာများကို ၂၀၁၇ ခုနှစ်တွင် ချမှတ်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၁ ခုနှစ်အထိ ကျေးလက်ရေရရှိရေး ၁၀ နှစ် စီမံကိန်း ဆောင်ရွက်ခဲ့သည်။ ၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ ငါးနှစ်တာ ကာလအတွင်း ကျေးလက်ဒေသ ရေရရှိရေး၊ မိလ္လာစနစ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းမှုအတွက် ပထမအကြိမ် အမျိုးသားအဆင့် မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ် (၂၀၁၆-၂၀၃၀) ကို အရေးပါသော မှတ်တိုင်တစ်ခုအဖြစ် စတင်မိတ်ဆက်ဆောင်ရွက်ခဲ့သည်။ ၂၀၁၉-၂၀၂၀ မှ ၂၀၂၀-၂၀၂၂ ခြောက်လဘဏ္ဍာနှစ်အထိ သုံးနှစ်တာကာလအတွင်း ကျေးရွာပေါင်း ၆၄၂၀ တွင် ရေရရှိရေးလုပ်ငန်းပေါင်း ၁၀၀၄၇ ခုကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုလျာထားရန်ပုံငွေဖြင့်ဆောင်ရွက်ရန် လျာထားသည့် ကျေးလက်ရေရရှိရေးလုပ်ငန်းများကို မြို့နယ်ပေါင်း ၂၇၂ ခု၊ ကျေးရွာ ၈၈၃ ရွာနှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တိုင်းဒေသကြီး/ပြည်နယ် လျာထားရန်ပုံငွေဖြင့် ဆောင်ရွက်ရန်လျာထားသည့် ကျေးလက်ရေရရှိရေးကို မြို့နယ်ပေါင်း ၂၁၃ ခု၊ ကျေးရွာ ၇၆၃ ရွာတို့တွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် ရေအရင်းအမြစ် ပေါများကြွယ်ဝသည့် နိုင်ငံဖြစ်သည်။ ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်နှင့် စစ်တောင်း မြစ်ကြီးလေးစင်းမှာ မြစ်လက်တက်ပေါင်းများစွာရှိပြီး နှစ်စဉ် ရေဧကပေသန်းပေါင်း ၈၇၆ သန်းခန့် ပင်လယ်ထဲသို့ စီးဆင်းဝင်ရောက်လျက်ရှိသည်။ ထိုစီးဆင်းသွားသော မြစ်ရေချိုများကို နိုင်ငံအတွက် အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် မြစ်ကြီးများနှင့် မြစ်လက်တက်များပေါ်တွင် ဆည်တမံ ၂၄၅ ခုနှင့် ရေတင်လုပ်ငန်း ၂၁၀ ကို တည်ဆောက်ထားရှိပြီး ရေလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် အစိုးရ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသတွင်းအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ NGO, INGO များဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့မှုကြောင့် ၂၀၂၀ ပြည့်နှစ်တွင်

*စာမျက်နှာ ၁၁ သို့*

# သမိုင်းကိုအနှစ်ထုတ်နိုင်ပါမှ နိုင်ငံတစ်ခု၏ မူလအခြေခံပကတိတရားများ ရှင်သန်နေမှာ .....

ဒေါက်တာမောင်သင်း

**“သမိုင်းမသိတဲ့ လူ့အဖွဲ့အစည်းဟာ သမိုင်းတစ်ပတ်လည်ရင် သမိုင်းက ပြန်သတ်တာကို အဲဒီ လူ့အဖွဲ့အစည်း ခံရပါလိမ့်မယ်”**

**အိန္ဒိယပညာရှင်တစ်ဦး**

သမိုင်းဆိုသည်မှာ ရှေးယခင်မျိုးဆက်များ ကြုံခဲ့၊ ဆုံခဲ့၊ မှားခဲ့၊ အောင်မြင်ခဲ့၊ ကျရှုံးခဲ့သည်များကို နောက်လူများ အတုယူ၊ သင်ခန်းစာယူနိုင်အောင် မှတ်တမ်းရေးထိုးခဲ့ခြင်းဖြစ်သည်။ နောက်မျိုးဆက်များက ထိုမှတ်တမ်းကို ဖွင့်ဖတ်နိုင်သည့် အရည်အသွေးရှိရမည်။ ဖတ်ပြီး၊ သိရုံ၊ မှတ်ရုံအဆင့်တွင် ရပ်ထား၍မရပါ။ သမိုင်းပါအချက်အလက်များကို သုံးသပ်ကာ မိမိတစ်ဦးချင်းဘဝနှင့် လူ့အဖွဲ့အစည်း တိုးတက်ရေးအတွက် အသုံးချနိုင်စွမ်းရှိရပေမည်။ သို့မှသာ “မအ အောင်(သို့မဟုတ်) အလိမ်မခံရအောင် သမိုင်းသင်တာ” ဆိုသည့် ဆရာကြီးဒေါက်တာသန်းထွန်း၏အဆိုနှင့် ညီပါလိမ့်မည်။ ကျွန်တော်ကတော့ “မအရုံ” နှင့် “အလိမ်မခံရရုံ” လောက်နှင့် မတင်းတိမ်နိုင်ပါ။ သူများထက် “နှာတစ်ဖျားသာချင်လို့” သမိုင်းသင်ရတာပါလို့မြင်မိသည်။ ထို့ထက်ပိုချင်တာကတော့ အထက်ဖော်ပြပါ အိန္ဒိယပညာရှင်ရဲ့အဆိုပါပဲ။ ကျွန်တော်တို့နိုင်ငံသားများ **“သမိုင်းမသိလို့ မြန်မာ့လူ့အဖွဲ့အစည်း အသတ်မခံရရေး”** ဟု မြင်မိသည်။

“ကြည့်သောသူသည်မြင်၏” အင်မတန်ရိုးရှင်းသည့်စကားပါ။ သို့သော် ကြည့်ပုံချင်း၊ မြင်ပုံချင်းမတူ၊ ကြည့်သူ၏ ဉာဏ်ရည်အနိမ့်အမြင့်ပေါ် မူတည်၍ ဓမ္မစက္ခုဖြင့် ကြည့်ခြင်း၊ ပုဂ္ဂလစက္ခုဖြင့်ကြည့်ခြင်းတို့ ကွာခြားသွားကာ မြင်တာခြင်း၊ အမြင်ကို ခံစားနိုင်ခြင်း၊ ရယူအသုံးချခြင်း ကွာခြား၏။ မြန်မာ့သမိုင်းမှ ဒုတိယနိုင်ငံတည် မင်းဖြစ်သည့် ဘုရင့်နောင်ဟု ဆိုလိုက်လျှင် “နောင်ရိုးတိုက်ပွဲဖောင်ဖျက်တာ” ဟုသာ ပြေးမြင်မိကြသည်။ နောင်ရိုးတိုက်ပွဲ၏ရလဒ်တွင် ဘုရင့်နောင်သည် **“အောင်မြင်သူလား” “တန်ဖိုးရှိသူလား”** ဆက်တွေးမြင်ကြည့်ရန်လိုသည်။ နောင်ရိုးတိုက်ပွဲတွင် အဘယ်ကြောင့် ဖောင်ဖျက်ပါသနည်း။ ရှုံး၍ ဖောင်စီးပြီးပြန်ပါက မင်းနေပြည်တော်ရောက်လျှင် ဘုရင်က နိုင်အောင်မတိုက်ခဲ့သဖြင့် သတ်မှာပါပဲ။ တိုက်ပွဲရှုံးရင်လည်း ရန်သူက သတ်မှာပါ။ သေမှာချင်းအတူတူ နိုင်အောင်တိုက်နိုင်ပါမှ အသက်ရှင်မှာမို့ ဖောင်မလို။ အဲဒီစိတ်ဓာတ်ကြောင့် နိုင်အောင်တိုက်ခဲ့သည်။ ထိုအဆင့်မှာ ဘုရင့်နောင်၏ စိတ်ဓာတ်ကို **“အောင်မြင်သူ”** ဟု ပုဂ္ဂလစက္ခုဖြင့် ကြည့်၍မှတ်တမ်းတင်ခဲ့သည်။ ထိုအဆင့်တွင် ရပ်မနေပါ။

တောင်ငူဘုရင် တပင်ရွှေထီး လုပ်ကြံခံရ၍ တိုင်းပြည်မငြိမ်သက်မှုဖြစ်နေသဖြင့် နိုင်ငံအနှံ့ နှိမ်နင်းသိမ်းသွင်းရသည်။ နောက်ဆုံးသိမ်းသွင်းရန် ဆင်စီးတိုက်ပွဲဝင်နေစဉ် တစ်ဖက်ခေါင်းဆောင်က ဆင်ကိုချွန်းဖွင့်၍ သူ့ထံလာနေသည်ကို မြင်သောအခါ ဘုရင့်နောင်သည် ခရားတွင်းမှ ရေကို သွန်းလောင်း၍ **“ပြည်သူ့အကျိုး၊ အများအကျိုး၊ သာသနာ့အကျိုး သယ်ပိုးနိုင်သူဖြစ်ပါက သည်တိုက်ပွဲမှာ နိုင်ရပါလို၏”** ဟုသစ္စာပြုသည်။ တိုက်သည်၊ နိုင်သည်၊ သူ့အသက် ကိုယ့်အသက်လု၍ တိုက်ပွဲဝင်နေရသည့်အချိန်မှာပင် “ပြည်သူနှင့် အများအကျိုး၊ သာသနာ့အကျိုး” သယ်ပိုးရန် တိုက်ပွဲဝင်ရခြင်းဖြစ်သည်ဟူသည့် ဘုရင့်နောင်၏ မြင့်မြတ်သည့် စိတ်ထားနှင့် ခံယူချက်ကို မြင်အောင်ကြည့်နိုင်ပါမှ ဘုရင့်နောင်သည် အောင်မြင်သူတို့၏ ထိပ်က **“တန်ဖိုးမြင့်လူသား”** အဖြစ် မြင်နိုင်ပေမည်။

**“သူဘုရင်ဖြစ်ရေးသည် သူ၏ပန်းတိုင်မဟုတ်၊ ပြည်သူ့အကျိုး၊ အများအကျိုး၊ သာသနာ့အကျိုး သယ်ပိုးရေးဟူသည်သာ ဘုရင့်နောင်၏ အန္တိမ ရည်မှန်းချက်ဖြစ်ကြောင်း”** ဓမ္မအမြင်ဖြင့်ကြည့်က မြင်နိုင်၏။ ပုဂ္ဂလအမြင်ဖြင့်ကြည့်လျှင် ဘုရင့်နောင်ကို အောင်မြင်သူအဖြစ်လောက်သာ မြင်ပေလိမ့်မည်။ ယနေ့နိုင်ငံရေးပါတီများ အာဏာရရေးက အဓိကလား၊ နိုင်ငံနှင့် ပြည်သူ့အကျိုး သယ်ပိုးရေးက ပန်းတိုင်လား၊ ဓမ္မစက္ခုဖြင့်သာ ကြည့်ကြကာ ဘုရင့်နောင်၏ သမိုင်းအနှစ်ကို အတုယူကြစေချင်သည်။ တန်ဖိုးမြင့်လူသား၏ရလဒ်က “ယနေ့တိုင် မြန်မာ့ပညာရေးကျောင်းတိုင်း၏ ကျောင်းကောင်စီ အသင်းများတွင် “ဘုရင့်နောင်အသင်း” ပါဝင်ခဲ့ပေသည်။ သို့သော် ဘုရင့်နောင်၏ **“ငါဘုရင်ဖြစ်ရေးသည် သာမည၊ အများအကျိုးသယ်ပိုးရေးသာ အဓိက”** ဆိုသည်ကို သင်ပြနိုင်ခဲ့ခြင်းမရှိခဲ့ပေ။ ကျောင်းများတွင် မဖြစ်မနေသင်ကြားပေးရန် လိုအပ်ပါပြီ။

**အရှက်တရား လုံခြုံရေးက “အနှစ်”**

ငယ်ငယ်က လူကြီးသူမများဆုံးမသည်များ၊ ပြောသည်များကို အမြဲကြားနေခဲ့ရသည်။ “အပေါ်ပိုင်းက ခေါင်းပေါင်း၊ တိုက်ပုံနှင့် အောက်ပိုင်းက ပုဆိုးမပါ” တော့မဖြစ်စေနှင့် ဟူ၍ဖြစ်သည်။ အမှန်မှာမူ ဝတ်စားဆင်ယင်မှု၏အနှစ်သာရသည် “အရှက်တရားလုံခြုံရေး”ပါ။ လူကမမြင်သင့်၊ မမြင်အပ်သည့် အရာကို အခြားသူမမြင်အောင် ဖုံးအုပ်ကာကွယ်ထား၏။ ဝတ်စားဆင်ယင်မှု၏အနှစ်သာရသည် မမြင်သင့်သည့်အရာ ဖုံးအုပ်ရမည့်နေရာ လုံခြုံရန်ဖြစ်သည်။ အမျိုးသားများအတွက် မဆောင်းလျှင်လည်းရသည့် ခေါင်းပေါင်း ပေါင်းထားပြီး ခန့်ဖို့၊ တိုက်ပုံနှင့် ခန့်ညားနေပြီး ဖုံးသင့်သည့်အောက်ပိုင်းနေရာကို မဝတ်ဘဲထားခြင်းသည် အဝတ်ဝတ်ခြင်း၏ အနှစ်သာရပျောက်ကင်းနေခြင်းပင်။

တိရစ္ဆာန်ကား အရှက်တရားမရှိ၊ မြင်သင့်၊ မမြင်သင့်ကိုမသိ၍ မဖုံးအုပ်၊ ဖုံးအုပ်ကို မသိ။ အရှက်တရားကို လုံခြုံရေးအတွက် ဝတ်စားမှုတွင် မျက်စိပသာဒ တင့်တယ်စေရန် လှလှပပပြင်ကြ၊ ဆင်ကြသည်။ ကြည့်ပျော်ရှုပျော်ဖြစ်အောင် ဝတ်ဆင်ကြသည်။ ဝတ်စားမှု၌ လှပအောင်ပြင်ခြင်းသည် အကာဖြစ်၏။ ထိုသို့ပြုပြင်ဝတ်ဆင်ရာမှ ဦးစားပေးမှု အစွန်းရောက်လာပြီး ကိုယ့်အရှက်လုံမှုအတွက် အဝတ်ဝတ်ခြင်းဟု ဆိုအပ်သည့် အနှစ်သာရဦးစားပေးမှုကို ယူဆသည့် သဏ္ဌာန်ပြောင်းလဲလာကာ ကြည့်သူအကြိုက်၊ လူကြိုက်များသည့် “အရှက်မလုံမှု” က အရေးပါလာသည့်သဃောင် လွှမ်းမိုးလာသောအခါ လူ့ယဉ်ကျေးမှုသည် ကျဆင်းလာတော့သည်။ လူသားဉာဏ်ရည်သည် “အနှစ်” နှင့် “အကာ” ခွဲခြားနိုင်မှု အားနည်းလာပါက လူ့အသိဉာဏ်မှသည် တိရစ္ဆာန်အသိအဆင့်ဆီသို့ လျှောကျကုန်ခြင်းဟု မြင်မိပါတော့သည်။

**ခေတ်တိုင်း၏ ရောဂါမှိုင်းဆိုသည်မှာ “အကာ”**

အလယ်ခေတ်၌ ဥရောပတွင် ပညာတတ်များ၊ ပညာရှိဆိုသူများသည် မုတ်ဆိတ်မွေးအရှည်ထားကြသည်။ တစ်ခါတွင် နိုင်ငံ့ဘုရင်တစ်ပါးက အိမ်နီးချင်းဘုရင်တစ်ပါးထံ သူ့နိုင်ငံက ပြဿနာတစ်ခုကို ကူညီဖြေရှင်းပေးနိုင်ရန်အတွက် “ကဝိတစ်ဦး” စေလွှတ်ပေးပါရန် မေတ္တာရပ်ခံသဖြင့် စေလွှတ်ပေးခဲ့ရာ တောင်းခံသူဘုရင်က လက်မခံဘဲ ပြန်လွှတ်လိုက်လေသည်။ အကြောင်းပြချက်က ပညာရှိဆိုသူမှာ မုတ်ဆိတ်မပါ၍ဟူ၏။ ထိုအခါ စေလွှတ်သူရှင်ဘုရင်က ပြန်ကြားသည်မှာ “အဆွေတော်က ပညာရှိလို၍ လူကဝိကို စေလွှတ်ခြင်းပါ။ မုတ်ဆိတ်လိုပါက ဆိတ်တစ်ကောင် ပေးပို့ပါမည်” ဟုပြန်ကြားလိုက်သည်ဟူ၏။ ကျွန်တော်တို့ဆီက အများမိုးခါးရေသောက်၍ လိုက်သောက်ရသည့် **“အနှစ်မဲ့ကာလ ရောဂါမှိုင်း”** ကဖုံးထားသဖြင့် အကာနှင့် အနှစ်၏ ခွဲခြားနိုင်မှုကိုပင် တချို့အဆင့်အတန်းမြင့်သူဟု သတ်မှတ်ခံထားရသူများအထိတိုင် ကင်းမဲ့ခဲ့ကြောင်း ပြဆိုခဲ့ခြင်းသမိုင်းဖြစ်ရပ်ပင်။

> ❖ **တစ်ဦးချင်းအရည်အသွေး တော်သော်လည်း နိုင်ငံအတွက် မကောင်းခဲ့သူများဖြစ်သွားသဖြင့် ဇာတ်သိမ်းမလှသူများအဖြစ် သမိုင်းတွင် မှတ်တမ်းတင်ခြင်းကို ခံကြရရှာ**
>
> ❖ **ကျွန်တော်တို့ဆီက အများမိုးခါးရေသောက်၍ လိုက်သောက်ရသည့် “အနှစ်မဲ့ကာလ ရောဂါမှိုင်း” ကဖုံးထားသဖြင့် အကာနှင့် အနှစ်၏ ခွဲခြားနိုင်မှုကိုပင် တချို့ အဆင့်အတန်းမြင့်သူဟု သတ်မှတ်ခံထားရသူများအထိတိုင် ကင်းမဲ့ခဲ့ကြောင်း ပြဆိုခဲ့ခြင်း သမိုင်းဖြစ်ရပ်ပင်**

**မြန်မာပြည်ကွန်မြူနစ်ပါတီက ပေးသည့်သင်ခန်းစာ**

မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှု အပြင်းထန်ဆုံးအချိန်တွင် ကွန်မြူနစ်၊ ဆိုရှယ်လစ်၊ အရင်းရှင်၊ ကျောင်းသား၊ အလုပ်သမား၊ လယ်သမား၊ ဝန်ထမ်းများအားလုံး စည်းလုံးခဲ့ ညီညွတ်ခဲ့ကြသည်။ အောင်ဆန်း–အက်တလီနှင့် နု–အက်တလီ စာချုပ်ပြီးလျှင် မြန်မာပြည်လွတ်လပ်ရေးရခဲ့သည်။ လွတ်လပ်ရေးကြိုးပမ်းစဉ်က ညီညွတ်ရေးအဖွဲ့ဝင် ကွန်မြူနစ်အားလုံး တောခိုခဲ့ကြသည်။ တိုက်ယူသည့် လွတ်လပ်ရေးမဟုတ်သောကြောင့်ဟုဆို၏။ လွတ်လပ်ရေးကို အသိအမှတ်မပြုခဲ့။ ၁၉၅၅ ခုနှစ်မှာ ရုရှားနိုင်ငံခေါင်းဆောင်များဖြစ်ကြသည့် ဘူဂါနင်နှင့် ခရုးရှက်တို့ မြန်မာပြည်လာလည်မှုပင် “တို့နိုင်ငံက ကွန်မြူနစ်တွေကသာ အသိအမှတ်မပြုတာ ကမ္ဘာ့ကွန်မြူနစ်ကြီးကတော့ အသိအမှတ်ပြုလို့လာလည်သွားပြီ”ဟု မြန်မာ့ပထမဆုံးဝန်ကြီးချုပ် ဦးနုက မှတ်ချက်ပြုသည်။ ၁၉၆၃ ခုနှစ် ဗိုလ်ချုပ်ကြီးနေဝင်းက ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲဖိတ်ခေါ်ကျင်းပရာတွင် တောတွင်းမြန်မာပြည်ကွန်မြူနစ်ပါတီအဖွဲ့များက “နိုင်ငံကို ကွန်မြူနစ်ဝါဒ” ဖြင့်သာ သွားချင်သည့်ဆန္ဒကို တင်းခံနေခဲ့၍ ငြိမ်းချမ်းရေးမရခဲ့ခြင်းပင်။ နောက်ဆုံးတွင် ပဲခူးရိုးမ မြယာတောမှသည် ရှမ်းမြောက်သို့ရောက်ကာ ပျောက်ကွယ်သွားကြသည်။

အမှန်တွင် မြန်မာပြည်ကွန်မြူနစ်ပါတီခေါင်းဆောင်များသည် ဝါဒကျမ်းကျေသူများ၊ မိမိယုံကြည်ရာနောက်ကို မမှိတ်မသုန်လိုက်ကြသူများ၊ စူးစမ်းလေ့လာမှုကြီးကြသူများ၊ မျိုးချစ်စိတ်ပြင်းပြသူ၊ နိုင်ငံကိုနယ်ချဲ့လက်အောက် လွတ်မြောက်လိုသူ၊ သူ့ကျွန်မခံလိုသူများဖြစ်ကြသည်။ အရည်အချင်းရှိကြသည်။ သခင်စိုး၊ သခင်သန်းထွန်း၊ သခင်ချစ်၊ သခင်ဇင်၊ ဗိုလ်ဇေယျစသည့် မြန်မာပြည်ကွန်မြူနစ်ပါတီခေါင်းဆောင်တို့သည် မြန်မာ့လူတော်စာရင်းဝင်များဖြစ်ကြသည်။ လွတ်လပ်ရေးကြိုးပမ်းမှုတွင် ရှေ့ဆုံးကပါဝင်ခဲ့သည်။ သို့သော် သူတို့သည် **“နိုင်ငံတော်၏ မူလအခြေခံအမျိုးသား အကျိုးစီးပွားထက် သူတို့၏ဝါဒကို ကိုးကွယ်မှုလွန်ကဲကြသူများ”** ဖြစ်သွားကြသည်။ တစ်ဦးချင်းအရည်အသွေး တော်သော်လည်း နိုင်ငံအတွက် မကောင်းခဲ့သူများ ဖြစ်သွားသဖြင့် ဇာတ်သိမ်းမလှသူများအဖြစ် သမိုင်းတွင် မှတ်တမ်းတင်ခြင်းကို ခံကြရရှာ၏။

မြန်မာမှုဝန်းကျင်က **“အယူတိမ်း၍ နတ်စိမ်းဖြစ်သွားကြသူများ”** ဟူသည့်စကားနှင့် ဥပမာနှိုင်းလျှင် ရနိုင်မည်ဟုထင်သည်။ ကွန်မြူနစ်ခေါင်းဆောင်များ မေ့နေကြသည့်အချက်မှာ **“ဝါဒကြောင့်နိုင်ငံတော်နှင့် ပြည်သူအထိမနာစေရ” “ဝါဒသည် နိုင်ငံတော်အတွက် အထောက်အပံ့ဖြစ်စေရမည်” “ဝါဒသည် နိုင်ငံတော်နှင့် ပြည်သူကို ဖျက်ဆီးရန်မဟုတ်”** ဆိုသည့် အချက်ပင်ဖြစ်သည်။ ဆိုလိုသည်မှာ သူတို့ဖက်တွယ်ထားသည့်ဝါဒသည် “နိုင်ငံတော်တွင် အချုပ်အခြာတည်တံ့နေမှုကို မထိပါးရ”၊ “ပြည်သူ့ဘဝ အေးချမ်းမှု၊ ဖွံ့ဖြိုးမှုကို ပျက်ပြားအောင် မပြုမူအပ်ပေဆိုသည့် အနှစ်သာရဆီသို့ မရောက်ခဲ့ပေ။ သို့သော် မိမိတို့ဝါဒသည် လောကနိဗ္ဗာန်ဟု စွဲနေသောအစွဲကို သူတို့မဖျောက်နိုင်ခဲ့။ ထိုအကာစွဲကြောင့် နိုင်ငံတည်ဆောက်ရေးအစား အတ္တစွဲဝါဒကို အကြောင်းပြု၍ အာဏာဖက်တွယ်နိုင်ရန်အတွက် တည်ဆဲအစိုးရအဆက်ဆက်ကို ဆန့်ကျင်ခဲ့သည်။ အဖျက်လုပ်ငန်းများ လုပ်ခဲ့သည်။ လုပ်ရင်း ကွန်မြူနစ်ပါတီလည်း နစ်မြုပ်သွားခဲ့သည်။

မြန်မာ့နိုင်ငံရေး ပင်လယ်ပြင်ထဲတွင် “ဆင်သေကောင်မြဲသည်ဟုထင်သည့်ဝါဒ” မြုပ်သွားသည့်အခါ တစ်သက်လုံးစားမကုန်ဟု ထင်မှတ်ထားသည့် “ဝါဒစွဲကိုင်သူ” တို့လည်း ပျံရင်းသာသေသွားကြသည်။ ကမ်းခြေသို့မရောက်ခဲ့ကြပေ။ သူတို့သာမဟုတ် ယနေ့၌ ကွန်မြူနစ်ဝါဒကျင့်သုံးခဲ့သည့် နိုင်ငံအားလုံးတွင် အဆိုပါဝါဒကို ကျင့်သုံးခြင်းမရှိတော့ပေ။ လမ်းကြောင်းပြောင်း၍ မိမိနိုင်ငံနှင့် သင့်တော်ရာစနစ်ဖြင့် နိုင်ငံဖွံ့ဖြိုးရေးကို ဆောင်ရွက်နေကြပေပြီ။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၉ မှ*

ကျေးလက်ဒေသရေရရှိရေး လွှမ်းခြုံမှု ၇၀ ရာခိုင်နှုန်း ရရှိစေရန် ၂၀၃၀ ပြည့်နှစ် ကျေးလက်ဒေသ ရေရရှိရေး မဟာဗျူဟာတွင် လျာထားသော်လည်း ၂၀၁၉ ခုနှစ်တွင် ၇၇ ရာခိုင်နှုန်းအထိ ဆောင်ရွက်နိုင်ခဲ့သည်။ လက်ရှိမြန်မာနိုင်ငံတွင် စစ်တမ်းအရ မြန်မာနိုင်ငံရှိ ကျေးလက်ဒေသ အိမ်ထောင်စုအားလုံး၏ ၇၇ ရာခိုင်နှုန်းသည် ကောင်းမွန်ပြီး အကာအကွယ်ရှိသော ရေအရင်းအမြစ်များမှရေကို သောက်ရေအဖြစ် ရယူသုံးစွဲပြီး ၎င်းတို့အနက် ရေတွင်းနှင့် အကာအရံရှိ၍ စနစ်တကျ တူးဖော်ထားသော လက်တွင်းတူးများမှ ရေယူသုံးစွဲသည့် အိမ်ထောင်စုမှာ ၄၇ ရာခိုင်နှုန်းနှင့် အိမ်ထောင်စုသုံး ရေသန့်စက်အပါအဝင် ရေသန့်ဘူးနှင့် ရေသန့်စင်စနစ်မှ ရေရယူသုံးစွဲသော အိမ်ထောင်စုမှာ ၈ ရာခိုင်နှုန်းအထိ ရှိနေကြောင်း တွေ့ရှိရသည်။ သို့ဖြစ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် သန့်ရှင်းသော သောက်သုံးရေ ပိုမိုရရှိရေးကို ဆက်လက်အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရမည်ဖြစ်သည်။ ယနေ့ မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံးရှိ အိမ်ထောင်စုများ အားလုံးအနက်မှ အိမ်ထောင်စု ၄၄ ရာခိုင်နှုန်းသည် လျှပ်စစ်ဓာတ်အား အသုံးပြုခွင့်ရရှိနေပြီး ၂၀၃၀-၂၀၃၁ အရောက်တွင် အိမ်ထောင်စု ၁၀၀ ရာနှုန်းပြည့် ရရှိရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ လျှပ်စစ်မီးဖွံ့ဖြိုးလာသည်နှင့်အမျှ နိုင်ငံအတွင်း မြို့ပြနှင့် ကျေးလက်ဒေသများတွင် ရေဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းရန် များစွာအထောက်အကူပြုမည်ဖြစ်သည်။

**အစိုးရနှင့် ပြည်သူ ပူးပေါင်းဆောင်ရွက်ကြရမည်**

ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရသည် ရှေ့လုပ်ငန်းစဉ် (၅) ရပ်တွင် ဒုတိယအချက်အဖြစ် "တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်" ဟု အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၁၂) ရပ်မှ စီးပွားရေးဦးတည်ချက် (ဃ) တွင် "တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး"ကို ပြဋ္ဌာန်းပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးပန်းတိုင်(၆) ကို ပြည့်မီစေရန် အစိုးရဝန်ကြီးဌာနများ၊ UN အဖွဲ့အစည်းများ၊ NGO, INGO အဖွဲ့အစည်းများ၊ ဒေသတွင်းအဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ဆောင်ရွက်မှုများဖြင့် နိုင်ငံတစ်ဝန်း ရေဆိုင်ရာလိုအပ်ချက်များ ဖြည့်ဆည်းရန် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ရေဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းရန် ဆောင်ရွက်ရာတွင် ဘက်ပေါင်းစုံ၊ အလွှာပေါင်းစုံ တက်ကြွစွာ ပါဝင်လှုပ်ရှားရန် လိုအပ်ပြီး ရေပေးဝေမှုနှင့် မိလ္လာစနစ်၊ တစ်ကိုယ်ရေသန့်ရှင်းမှု၊ ပတ်ဝန်းကျင်သန့်ရှင်းမှု၊ ရေသွင်းစိုက်ပျိုးမှု၊ ရေအားလျှပ်စစ်၊ သဘာဝအခြေပြု ခရီးသွားလာမှု၊ သယ်ယူပို့ဆောင်မှုစသည့် ကဏ္ဍမျိုးစုံတွင် တိုးတက်မှုရှိလာစေရန် အစိုးရနှင့် ပြည်သူ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် ကမ္ဘာ့လူသားများ အသက်ရှင်သန်မှုအတွက် အရေးပါသော၊ မရှိမဖြစ်သော သန့်ရှင်းသောရေ လုံလောက်စွာရရှိစေရန်နှင့် စွန့်ပစ်မိလ္လာစနစ်များ စနစ်တကျရှိစေရန်တို့ကို ကမ္ဘာ့ကုလသမဂ္ဂ၊ ကမ္ဘာ့နိုင်ငံအစိုးရများနှင့် ကမ္ဘာ့လူသားထုတစ်ရပ်လုံးက အရှိန်အဟုန်ဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးကြရမည် ဖြစ်သည်။ ယနေ့ကမ္ဘာကြီးရင်ဆိုင်နေရသော အကျပ်အတည်းများကို ကျော်လွှားပြီး ကျန်းမာပျော်ရွှင်သော ကမ္ဘာကြီးကို ဝိုင်းဝန်းတည်ဆောက်ကြရာတွင် ကမ္ဘာ့လူသားတစ်ဦးချင်းစီ၏ အသိတရားနှင့် အပြုအမူများအပေါ်တွင် များစွာမူတည်နေသည်။ ထို့ကြောင့် ယခု ၂၀၂၃ ခုနှစ် ကမ္ဘာ့ရေနေ့ ဆောင်ပုဒ်အဖြစ် "ရေဆိုင်ရာ လိုအပ်ချက်များ ဖြည့်ဆည်းရန် အရှိန်အဟုန်မြှင့် ပြောင်းလဲဆောင်ရွက်မှု (Accelerating change to solve the water and Sanitation crisis)"ကို ချမှတ်ပေးပြီး ကမ္ဘာလုံးဆိုင်ရာလှုပ်ရှားမှု (Global Campaign) "Be the change"ဟု ခေါ်သော ကမ္ဘာ့လူသားများအား ၎င်းတို့သုံးစွဲမှု၊ သောက်သုံးမှု၊ ရေကိုစီမံခန့်ခွဲသည့် နည်းလမ်းများကို ပြောင်းလဲရန်နှင့် ၎င်းတို့၏ ဘဝတစ်လျှောက်တွင် ပြောင်းလဲလုပ်ဆောင်သွားကြရန် အထူးတိုက်တွန်းထားပါသည်။ ထို့ကြောင့် ၂၀၂၃ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့ရေနေ့မှသည် လူသားတို့ မိမိတို့ဘဝ တစ်လျှောက်လုံးအတွက် အောက်ပါအချက်သုံးချက်ကို လိုက်နာဆောင်ရွက်ပြီး ကမ္ဘာလုံးဆိုင်ရာလှုပ်ရှားမှု (Global Campaign) "Be the change" တွင် မိမိကစ ပတ်ဝန်းကျင်အထိ လိုက်ပါ ဆောင်ရွက်သွားကြစေရန် တိုက်တွန်းနှိုးဆော်လိုက်ရသည်။

(၁) **Clean up your local water source**
**သင်၏ ဒေသခံရေအရင်းမြစ်ကို သန့်ရှင်းရေး ဆောင်ရွက်ပါ၊**

(၂) **Try to reduce your water footprint**
**သင်၏ ရေသုံးစွဲမှုကို လျှော့ချပါ၊**

(၃) **Organize on event to raise awareness**
**အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပါ။** ။

*စာမျက်နှာ ၁၀ မှ*

ဝါဒသည်မြဲသည့်သဘော မဟုတ်ကြောင်းကို သမိုင်းသက်သေဖြစ်ကြောင်း ယနေ့မျိုးဆက်များ၊ အထူးသဖြင့် နိုင်ငံရေးသမားမျိုးဆက်များမြင်အောင် ဓမ္မစက္ခုဖြင့် ကြည့်ကြစေချင်သည်။

**ဒီမိုကရေစီသည် "ငြိမ်းချမ်းသည့် လူ့အဖွဲ့အစည်းဖြစ်ထွန်းရေးအတွက်ပါ"**

မြန်မာ့မြေပေါ်မှ နိုင်ငံရေးဇာတ်ခုံပေါ်တွင် "ကွန်မြူနစ်ဇာတ်ပွဲ" ကခဲ့ပြီးပါပြီ။ ဖွံ့ဖြိုးမှုဆီ ဦးမတည်ခဲ့ပါ။ ဖွံ့ဖြိုးမှုနှေးအောင် ပျက်စီးအောင်နှင့် အချုပ်အခြာအာဏာ ပျက်သုဉ်းအောင်ဆိုသည့် ဇာတ်ညွှန်းအတိုင်း ကပြခဲ့သည်။ ဇာတ်ညွှန်းရေးသူမည်သူဆိုသည်ကိုသိနိုင်ရန် ခက်ခက်ခဲခဲရှာဖွေရန် လိုမည်မထင်ပေ။ ထိုကဇာတ်သမားများထဲတွင် အမည်ထူးများပါနေ၏။ အဓိကဇာတ်ဆောင်အဖြစ် သရုပ်ဆောင်၏။ ထိုဇာတ်ပွဲကြီးကြောင့် ပြည်သူများ မငြိမ်းချမ်းခဲ့။ ပါဝင်ကပြသူများလည်း ပျက်သုဉ်းခဲ့သည်။ မြန်မာ့မြေပေါ်မှ ဤဖြစ်စဉ်သမိုင်းသည် **"မေ့ပျောက်၍ ရကောင်းရနိုင်ပေမည်၊ သို့သော်ဖျက်မရသည့် သမိုင်းစစ်၊ သမိုင်းမှန်"** ပင်ဖြစ်ပေသည်။ သိပ်မကြာလှသေးပါ။ လွန်ခဲ့သည့် နှစ် ၅၀ ဝန်းကျင်ကပါ။

ယခုအခါ မြန်မာ့မြေပေါ်သို့ "ဒီမိုကရေစီ"၊ "လူ့အခွင့်အရေး"၊ "လစ်ဘရယ်"ဟူ၍ ကြွေးကြော်နေကြပြန်သည်။ ယင်းဝါဒကျင့်စဉ်နှင့် အခွင့်အရေးတို့ကို ကွန်မြူနစ်ဝါဒကဲ့သို့ လောကနိဗ္ဗာန်ဟု အထင်ရောက်အောင် ကြွေးကြော်လုပ်ဆောင်ခဲ့၏။ ထိုမှိုင်းလုံးသံအောက်တွင် နိုင်ငံတော်၏အချုပ်အခြာအာဏာကို ထိပါးအောင်၊ ယိုင်နဲ့အောင်ကြံစည်၏။ နိုင်ငံတော်နှင့် ပြည်သူ မတည်ငြိမ်အောင် လုပ်ဆောင်၏။ ပြည်သူအချင်းချင်းသွေးကွဲအောင် ပြု၏။ ကွန်မြူနစ်ဝါဒကို ကိုးကွယ်သူတို့ အသက်နှင့်ရင်း၍ ရေးခဲ့သည့်သမိုင်းကို ဒီမိုကရေစီကြွေးကြော်သူတို့ မလေ့လာခဲ့။ ထို့အတူ ယနေ့အာရပ်နိုင်ငံများဖြစ်သည့် အီရတ်၊ လစ်ဗျားနိုင်ငံတို့၏ ဒီမိုကရေစီမှိုင်းအောက်တွင် လူ့အဖွဲ့အစည်းပျက်သုဉ်းသွားမှုကို သင်ခန်းစာမယူနိုင်ခဲ့ပေ။ "သမိုင်းမသိသူနှင့် မသိသည့် အဲဒီလူ့အဖွဲ့အစည်းဟာ သမိုင်းတစ်ပတ်လည်ရင် သမိုင်းက သတ်တာခံရလိမ့်မည်" ဆိုသည်ကို ပညာရှင်များ ပြောခဲ့သည်မှာ ကြာခဲ့ပါပြီ။ ကျွန်တော်တို့ နိုင်ငံသမိုင်း "အ" ၍ တစ်ပတ်လည်ကာ နိုင်ငံအသတ်မခံနိုင်ပါ။ ကွန်မြူနစ်ဝါဒသည် နိုင်ငံအတွက်၊ လူ့အဖွဲ့အစည်းကောင်းကျိုးအတွက် သယ်ပိုးရမည့်အစား ဝါဒဗန်းပြ၍ နိုင်ငံယိုင်နဲ့အောင် လှုပ်ခဲ့သည်။

ပြည်သူ မငြိမ်းချမ်းအောင်ပြုသလိုမျိုး ယခုလည်း "ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် လစ်ဘရယ်" ဆိုသည့် "သူများယောင်လို့ယောင်၊ အမောင်တောင်မှန်း၊ မြောက်မှန်းမသိ" လိုက်၍ အော်နေကြသည်။ ပြည်ပဇာတ်ညွှန်းရေးသူ၏ **"ဒီမိုကရေစီအရောင်ပြ နိုင်ငံပျက်သုဉ်းရေး"** ရည်ရွယ်ချက်ကို သူတို့မသိ။ အော်ရင်း မအော်သူတို့ကို အသက်ရန်ရှာ၏။ သွေးထွက်သံယိုဖြစ်အောင် ပြုကြ၏။ လူ့အဖွဲ့အစည်းအတွင်း သွေးခွဲ၏။ လူ့အဖွဲ့အစည်း မငြိမ်းချမ်းအောင်ပြု၏။ ငြိမ်းချမ်းမှုအတွက် ဒီမိုကရေစီကျင့်စဉ်ကို ကျင့်သုံးရမည့်အစား ယင်းကို ဗန်းပြပြီး နိုင်ငံအချုပ်အခြာအာဏာ ပျက်သုဉ်းအောင် ပြည်သူနစ်နာအောင် ပြုလုပ်နေခြင်းသည် ဓမ္မစက္ခုအမြင်ကင်း၍ ပုဂ္ဂလိက၊ အတ္တအမြင် ကျဉ်းကျဉ်းဖြင့် ဆောင်ရွက်နေခြင်းသာဖြစ်သည်ဟု မြင်မိသည်။

**" ပြည်သူ မငြိမ်းချမ်းအောင်ပြုသလိုမျိုး ယခုလည်း "ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် လစ်ဘရယ်" ဆိုသည့် "သူများယောင်လို့ယောင်၊ အမောင်တောင်မှန်း၊ မြောက်မှန်းမသိ" လိုက်၍ အော်နေကြသည်။ ပြည်ပဇာတ်ညွှန်းရေးသူ၏ "ဒီမိုကရေစီအရောင်ပြ နိုင်ငံပျက်သုဉ်းရေး" ရည်ရွယ်ချက်ကို သူတို့မသိ။ အော်ရင်း မအော်သူတို့ကို အသက်ရန်ရှာ၏။ သွေးထွက်သံယိုဖြစ်အောင် ပြုကြ၏။ လူ့အဖွဲ့အစည်းအတွင်း သွေးခွဲ၏။ လူ့အဖွဲ့အစည်း မငြိမ်းချမ်းအောင်ပြု၏။ ငြိမ်းချမ်းမှုအတွက် ဒီမိုကရေစီကျင့်စဉ်ကို ကျင့်သုံးရမည့် အစား ယင်းကို ဗန်းပြပြီး နိုင်ငံအချုပ်အခြာအာဏာပျက်သုဉ်းအောင် ပြည်သူနစ်နာအောင် ပြုလုပ်နေခြင်းသည် ဓမ္မစက္ခုအမြင်ကင်း၍ ပုဂ္ဂလိက၊ အတ္တအမြင် ကျဉ်းကျဉ်းဖြင့် ဆောင်ရွက်နေခြင်းသာဖြစ်သည်ဟု မြင်မိသည် "**

**နိုင်ငံတစ်ခု၏ မူလအခြေခံပကတိတရားများ ရှင်သန်မှုသာအဓိက**

အမှန်မှာ "ဒီမိုကရေစီ" ကျင့်စဉ်၏ အနှစ်သာရသည် လူ့အဖွဲ့အစည်းငြိမ်းချမ်းသာယာဖွံ့ဖြိုးရေးအတွက် ပေါ်ပေါက်လာခြင်းဖြစ်သည်။ နောင်တွင်လည်း အသစ်အသစ်သောဝါဒ၊ ကျင့်စဉ်၊ အခွင့်အရေးများ ဆက်ကာဆက်ကာပေါ်ပေါက်နေဦးမည်။ ထိုမရိုးနိုင်သည့် အသစ်အသစ်တို့ကို ကျွန်တော်တို့နိုင်ငံတွင် ကျင့်သုံးကြတော့မည်ဆိုလျှင် ဝါဒတို့၊ ကျင့်စဉ်တို့သည် မမြဲကြောင်းနှင့် ထာဝရတည်မြဲနေသည်က **"နိုင်ငံတစ်ခု၏မူလအခြေခံအမျိုးသားပကတိတရားများ"** ဖြစ်ကြသည် ဆိုသည်ကို ဓမ္မစက္ခုဖြင့် အရင်မြင်အောင်ကြည့်တတ်၊ ရှုမြင်တတ်ရပေမည်။ ယင်းပကတိတရားများမှာ-

(က) နိုင်ငံ့နယ်နိမိတ်၊
(ခ) အချုပ်အခြာအာဏာနှင့် လွတ်လပ်မှု၊
(ဂ) နိုင်ငံသားများ၏ အမျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်၊
(ဃ) နိုင်ငံသားများနှင့် တိုင်းရင်းသားများ၏ စည်းလုံးမှုတန်ဖိုး၊
(င) ကိုယ်ပိုင်ယဉ်ကျေးမှု အမွေအနှစ်၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်း စရိုက်လက္ခဏာများဖြစ်ပေသည်။ ဝါဒနှင့် ကျင့်စဉ်များကြောင့် မူလပကတိတရားများကို လုံးဝမထိခိုက်ရ၊ မပွန်းမပဲ့စေရပါ။ မူလအခြေခံအမျိုးသားပကတိတရားတွင် ရှင်သန်မှုကို မဖျက်ဆီးအပ်ပေ။ လူ့သမိုင်းတွင်ဖြစ်ပေါ်ခဲ့၊ ဖြစ်ပေါ်ဆဲကွန်မြူနစ်၊ ဆိုရှယ်လစ်၊ အရင်းရှင်နှင့် လစ်ဘရယ်ဟုဆိုအပ်သည့် ဝါဒအသီးသီးကိုလည်းကောင်း၊ ဒီမိုကရေစီကဲ့သို့ ကျင့်စဉ်တို့သည်လည်းကောင်း နိုင်ငံတစ်နိုင်ငံက လက်ခံကျင့်သုံးမည်ဆိုပါလျှင် အထက်ဖော်ပြပါ **"နိုင်ငံ၏ မူလအခြေခံအမျိုးသား ပကတိတရားများဖွံ့ဖြိုးမှု"** မူဘောင်အတွင်းမှနေ၍ အဆိုပါပကတိတရားများ ပိုမိုထွန်းတောက်စေရန်သာ ဖြစ်ရမည်။ ဝါဒများနှင့် ကျင့်စဉ်များသည် လူတစ်စု၊ အဖွဲ့တစ်ဖွဲ့ အာဏာစိုးမိုးရေးအတွက် လက်ကိုင်တုတ်အဖြစ် အသုံးပြုရန် မဟုတ်သည်ကို အထူးသတိပြုရမည်။

လူ့အဖွဲ့အစည်းငြိမ်းချမ်းရန်ဟု ပေါ်ပေါက်လာသည့် ဝါဒနှင့်ကျင့်စဉ်အသီးသီးသည် လူ့အဖွဲ့အစည်းပျက်သုဉ်းရန် မငြိမ်းချမ်းရန် လုံးဝမဖြစ်စေရပါ။ **"အနှစ်" နှင့် "အကာ"** ကွဲကွဲပြားပြားမြင်အောင် ကြည့်သင့်ပါပြီ။ ဉာဏ်ရည်နိမ့်လျှင် အနှစ်၊ အကာ မကွဲပြားပေ။ ဉာဏ်ရည်မြင့်မြင့်ဖြင့် ကြည့်ကြစေချင်သည်။ မြင့်မားသည့်ဉာဏ်ရည်ရှိမှ ဓမ္မစက္ခုဖြင့် ကြည့်နိုင်ပေမည်။ သို့မှသာ **"ဘုရင့်နောင်၏ ဘုရင်ဖြစ်ဖို့ အဓိကမဟုတ်၊ အများအကျိုး၊ ပရဟိတ အကျိုးသယ်ပိုးမှုသာ ပန်းတိုင်ဆိုသည့်စံ"** ကို မြင်ပါလိမ့်မည်။ ထို "စံ" ကို လက်ကိုင်ပြုပါမှ ငြိမ်းချမ်းမှုအတွက် အသုံးပြုပေလိမ့်မည်။

ပုဂ္ဂလစက္ခုဖြင့် ကြည့်လျှင် ငါတို့ဒီမိုကရေစီ အစွဲသာ အမှန်ဟု မြင်ပေလိမ့်မည်။ ထိုအတ္တစွဲသည် "ဒီမိုကရေစီ" ကို အာဏာစွဲကိုင်ရေးလက်ကိုင်တုတ်အဖြစ် အသုံးပြုသည်အထိ ဉာဏ်ရည်နိမ့်ကျသွားကြောင်း ယနေ့မြန်မာ့သမိုင်းက သက်သေခံနေပေသည်။ သို့ဖြစ်၍ ဉာဏ်ရည်မြင့်ချင်လျှင် သမိုင်းသင်ပါ။ သမိုင်းကို သင်ရုံတင်မရသေးပါ။ သိရုံအဆင့်မှာ ရပ်ထားလည်း အချည်းနှီးပင်တည်း။ သမိုင်း၏အနှစ်တန်ဖိုးကိုမြင်အောင် ဓမ္မစက္ခုဖြင့် ကြည့်၍ ထုတ်တတ်ရမည်။ သင်ခန်းစာယူပါ။ သမိုင်းအနှစ်ကို လူ့အဖွဲ့အစည်းနှင့် နိုင်ငံ့ကောင်းကျိုးအတွက် လက်တွေ့အသုံးချနိုင်ပါမှ သမိုင်းလေ့လာရကျိုးနပ်မည်ဟု ရေးသားတင်ပြလိုက်ရပါသည်။ ။

# အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ ငွေးအောင် မန္တလေးတိုင်းဒေသကြီး၌ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မတ် ၁၇**

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာငွေးအောင်သည် ယနေ့ နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်လျက်ရှိသည့် ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း၊ အမှတ်စဉ် ၁၂ နှင့် အဆင့်မြင့် အရာထမ်း စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် ၁၃ တို့မှ သင်တန်းသား၊ သင်တန်းသူများကို **"အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် နိုင်ငံ့ဝန်ထမ်းများ၏ အခန်းကဏ္ဍ"** ဘာသာရပ်ကို သင်ကြားပို့ချသည်။





မွန်းလွဲပိုင်းတွင် ကော်မရှင်ဥက္ကဋ္ဌသည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် မန္တလေးမြို့ မြို့တော်ခန်းမ ယုဇနညော့်ခန်းမ၌ တွေ့ဆုံ၍ မန္တလေးတိုင်းဒေသကြီးအတွင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအမံများကို ဆွေးနွေးသည်။

ထို့နောက် ကော်မရှင်ဥက္ကဋ္ဌသည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အတူ "အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ပုဂ္ဂလိကကဏ္ဍသို့ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးခြင်း အခမ်းအနား" သို့ တက်ရောက်၍ "ပုဂ္ဂလိကကဏ္ဍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍" ဆွေးနွေးသည်။ **(အပေါ်ပုံ)**

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံ ဝန်ဆောင်မှုပေးလျက်ရှိသော တိုင်းဒေသကြီးအဆင့် ဌာန ၃၁ ဌာနတွင်လည်း ဌာနတွင်း အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ အဂတိလိုက်စားမှုများ ပပျောက်မှသာ ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် သန့်ရှင်းသော အစိုးရတစ်ရပ်ဖြစ်လာမည်ဖြစ်သဖြင့် အစိုးရဌာနဆိုင်ရာများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပြည်သူလူထုတစ်ရပ်လုံးက ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်အနေဖြင့် "ပုဂ္ဂလိက အဖွဲ့အစည်းများ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် အခြေခံခိုင်မာသော လုပ်ငန်းဆိုင်ရာ ကျင့်ဝတ်များနှင့် သင့်လျော်သော ထိန်းချုပ်မှုနည်းလမ်းများကို ချမှတ်ဆောင်ရွက်နိုင်ရန် အခြေခံအချက်များ" ကို အမိန့်ကြော်ငြာစာ ၁၄/၂၀၁၈ ကို ထုတ်ပြန်ခဲ့ပါကြောင်း၊ အဆိုပါ အမိန့်ကြော်ငြာစာပါအချက်များသည် စီးပွားရေးလုပ်ငန်းကဏ္ဍအတွင်း အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် အထူးအလေးထားဆောင်ရွက်ကြရန် ပြဋ္ဌာန်းထားရှိပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက်တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းရာ ကော်မရှင်ဥက္ကဋ္ဌက ရှင်းနီးပွင့်လင်းစွာ ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးနှင့် တိုးတက်ပြန့်ပွားအောင် လုပ်ဆောင်ရမည်

**နေပြည်တော် မတ် ၁၇**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာနုမြဖံသည် ယမန်နေ့ညနေပိုင်းက မန္တလေးမြို့သို့ ရောက်ရှိပြီး အင်းဝရှေးဟောင်းသုတေသနပြတိုက်ကိုသွားရောက်ကြည့်ရှုစစ်ဆေး၍ ပြတိုက်အဆင့်မြှင့်တင် ခင်းကျင်းခြင်းလုပ်ငန်းရပ်များကို အသေးစိတ်ဆွေးနွေးမှာကြားခဲ့ပြီး အင်းဝရှေးဟောင်းယဉ်ကျေးမှုဇုန်နယ်မြေအတွင်းရှိ လျောင်ဒဏ်ခံဘုရားများ၊ ဒေါ်ဂျမ်းဘုရားစုနှင့် မယ်နုအုတ်ကျောင်း ပြုပြင်ထိန်းသိမ်းမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ၏ ၂၀၂၂-၂၀၂၃ ခုပညာသင်နှစ်တွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသားကျောင်းသူများ ပထမနှစ်ဝက်စာမေးပွဲ အေးချမ်းစွာ ဖြေဆိုနေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စုပေါင်းခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးနှင့် တိုးတက်ပြန့်ပွားအောင် လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမတို့အနေဖြင့် ကျောင်းသား ကျောင်းသူများကို သင်ကြားပို့ချရာတွင် တက္ကသိုလ်မှ ဘွဲ့ရရှိပြီးသည့်တိုင် ပြင်ပအနုပညာလောကတွင် ဂုဏ်သိက္ခာနှင့်အညီ ပညာတတ်အနုပညာရှင်တစ်ဦးကဲ့သို့ ပြုမူနေထိုင်တတ်စေရန် သင်ကြားပို့ချပေးရမည်ဖြစ်ပါကြောင်း၊ ယဉ်ကျေးမှုကျောင်းဆင်းတစ်ဦးအနေဖြင့်အများကလေးစားအားကျရအောင် ပြုမူနေထိုင်ရန် လိုပါကြောင်း၊ ဝတ်စားဆင်ယင်မှုအပိုင်းတွင်လည်း မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်တတ်ရန်လိုပါကြောင်း၊ ခေတ်နှင့်အညီ အနုပညာများ တိုးတက်ပြန့်ပွားအောင် လုပ်ဆောင်ရသကဲ့သို့ မြန်မာ့ရိုးရာ ယဉ်ကျေးမှုများကိုလည်း မပျက်စီးအောင် ထိန်းသိမ်းကာကွယ်ရန်လည်း လိုအပ်ပါကြောင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ၂၀၂၂-၂၀၂၃ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်လျက်ရှိသော တည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီရေးတို့ကို ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။ ယင်းနောက် ဂီတ၊ သဘင်၊ ပန်းချီဌာနခွဲများသို့ ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရွှေစာရံရှိ ရှေးဟောင်းအဆောက်အအုံဖြစ်သည့် ဖိုးပေါ်ဖိုးကုလားဘုရားများ၏ ထိန်းသိမ်းစောင့်ရှောက်မှုကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး မန္တလေး မဟာမုနိဘုရားကြီး ပိဋကတ်ပြတိုက်အား သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





## CMP လုပ်ခနှင့် အခွန်ကြီးကြပ်ရေးဆပ်ကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၁၇**

CMP လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီက ဖွဲ့စည်းထားသည့် CMP လုပ်ခနှင့် အခွန်ကြီးကြပ်ရေးဆပ်ကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဆပ်ကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ သက်ဆိုင်ရာအစိုးရဌာန ကိုးခု၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်းနှင့် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက CMP လုပ်ငန်းများသည် နိုင်ငံအတွင်းသို့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာစေခြင်း၊ ပို့ကုန်တိုးတက်စေခြင်း၊ ပြည်တွင်း၌ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေခြင်း၊ အခွန်ငွေများရရှိစေခြင်း၊ လုပ်ငန်းအကျိုးဖြစ်ထွန်းမှု အပေါ်မူတည်၍ လုပ်ငန်းများ ထပ်မံတိုးချဲ့ ဆောင်ရွက်လာနိုင်ခြင်း စသည့်အချက်များကြောင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုကို ဘက်ပေါင်းစုံမှ အကျိုးပြုသည့် လုပ်ငန်းများဖြစ်ကြောင်း၊ CMP လုပ်ငန်းများ တိုးတက်များပြားလာမှုနှင့်အတူ အခွန်ထမ်းမဖြစ်သေးသော CMP လုပ်ငန်းများ၊ စက်ရုံ၊ အလုပ်ရုံများ၊ ကုမ္ပဏီများအားလုံးက သက်ဆိုင်ရာအခွန်ဥပဒေများနှင့်အညီ ပေးဆောင်ရမည့် အခွန်ငွေများ အပြည့်အဝ ပေးဆောင်လာနိုင်စေရေးကို စိစစ်ကြပ်မတ်ဆောင်ရွက်ရန် လိုကြောင်း။

ထို့ပြင် CMP လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ၊ ရပ်နားမှုအခြေအနေ၊ တည်ဆဲဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်မှု ရှိ မရှိ အခွန်ပေးဆောင်မှုအခြေအနေ၊ လုပ်ခနိုင်ငံခြားငွေများကို ဘဏ်သို့ မှန်ကန်စွာ ပေးသွင်းမှု ရှိ မရှိ၊ အလုပ်သမားများ ရသင့်ရထိုက်သည့် လုပ်ခနှင့်ခံစားခွင့်များ အပြည့်အဝရရှိခြင်း ရှိ မရှိနှင့် သတ်မှတ် စာရင်းဇယားများကို စနစ်တကျပြုစုထားရှိခြင်း ရှိ မရှိ စသည်တို့ကို ကြည့်ရှုစစ်ဆေး၍ အချိန်နှင့်တစ်ပြေးညီ ကြပ်မတ်ဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း၊ သို့မှသာ CMP လုပ်ငန်းများအနေဖြင့် စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံ့စီးပွားတိုးမြင့်မှုကို ပိုမိုအထောက်အကူ ပြုလာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဆပ်ကော်မတီဝင်များက CMP လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် တင်ပြဆွေးနွေးကြပြီး ဆပ်ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များအား ညှိနှိုင်းပေါင်းစပ်၍ ဆပ်ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အဋ္ဌမနေ့တွင် သမိုင်းဘာသာရပ် ဖြေဆိုသူ စုစုပေါင်း ၃၉၀၄၃ ဦးရှိ

**နေပြည်တော် မတ် ၁၇**

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အဋ္ဌမနေ့ကို ယနေ့ ဆက်လက်ကျင်းပရာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် သမိုင်းဘာသာရပ်ဖြေဆိုသူ စုစုပေါင်း ၃၉၀၄၃ ဦး ရှိကြောင်း သိရသည်။

ယနေ့တွင် နိုင်ငံခြားစာစစ်ဌာန တစ်ခုနှင့် ပြည်တွင်းစာစစ်ဌာန ၇၇၇ ခု စာစစ်ဌာန စုစုပေါင်း ၇၇၈ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၄၄၃၅၄ ဦးရှိပြီး လာရောက်ဖြေဆိုသူ စုစုပေါင်း ၃၉၀၄၃ ဦးရှိကာ ဖြေဆိုသူ ရာခိုင်နှုန်း အနေဖြင့် ၈၈ ဒသမ ၀၃ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

အခြေခံပညာဦးစီးဌာန

၂၀၂၃ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ်-သမိုင်း ရက်စွဲ၊ ၁၇ - ၃ - ၂၀၂၃

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ခရိုင်အရေအတွက် | မြို့နယ်အရေအတွက် | စာစစ်ဌာနအရေအတွက် | စာရင်းရှိဦးရေ | | | ဖြေဆိုသူဦးရေ | | | ပျက်ကွက်သူဦးရေ | | | ဖြေဆိုရာနှုန်း | ပျက်ကွက်ရာနှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျောင်းဖြေ | ပြင်ပဖြေ | ပေါင်း | ကျောင်းဖြေ | ပြင်ပဖြေ | ပေါင်း | ကျောင်းဖြေ | ပြင်ပဖြေ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၅ | ၃၁ | ၅၇၈ | ၂၇၀၄ | ၃၂၈၂ | ၅၅၁ | ၂၄၄၈ | ၂၉၉၉ | ၂၇ | ၂၅၆ | ၂၈၃ | ၉၁.၃၈% | ၈.၆၂% | |
| ၂ | ကယား | ၃ | ၄ | ၄ | ၁၇၂ | ၂၄၂ | ၄၁၄ | ၁၆၄ | ၂၁၃ | ၃၇၇ | ၈ | ၂၉ | ၃၇ | ၉၁.၀၆% | ၈.၉၄% | |
| ၃ | ကရင် | ၆ | ၇ | ၁၁ | ၂၂၂ | ၃၄၄ | ၅၆၆ | ၁၉၇ | ၂၈၀ | ၄၇၇ | ၂၅ | ၆၄ | ၈၉ | ၈၄.၂၈% | ၁၅.၇၂% | |
| ၄ | ချင်း | ၆ | ၈ | ၁၃ | ၄၂၇ | ၁၅၈၇ | ၂၀၁၄ | ၃၇၈ | ၁၂၈၄ | ၁၆၆၂ | ၄၉ | ၃၀၃ | ၃၅၂ | ၈၂.၅၂% | ၁၇.၄၈% | |
| ၅ | စစ်ကိုင်း | ၁၄ | ၃၀ | ၄၉ | ၈၁၀ | ၄၁၁၇ | ၄၉၂၇ | ၇၆၅ | ၃၅၁၃ | ၄၂၇၈ | ၄၅ | ၆၀၄ | ၆၄၉ | ၈၆.၈၃% | ၁၃.၁၇% | |
| ၆ | တနင်္သာရီ | ၄ | ၁၀ | ၁၅ | ၁၂၆ | ၂၆၉ | ၃၉၅ | ၁၁၄ | ၂၂၂ | ၃၃၆ | ၁၂ | ၄၇ | ၅၉ | ၈၅.၀၆% | ၁၄.၉၄% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၂၉ | ၁၉၄ | ၅၇၅ | ၇၆၉ | ၁၈၇ | ၄၈၃ | ၆၇၀ | ၇ | ၉၂ | ၉၉ | ၈၇.၁၃% | ၁၂.၈၇% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၀ | ၃၃၆ | ၈၄၂ | ၁၁၇၈ | ၃၁၄ | ၇၁၄ | ၁၀၂၈ | ၂၂ | ၁၂၈ | ၁၅၀ | ၈၈.၁၂% | ၁၁.၈၈% | |
| ၉ | မကွေး | ၇ | ၂၄ | ၄၈ | ၁၁၅ | ၁၉၃၇ | ၂၀၅၂ | ၁၁၂ | ၁၇၀၃ | ၁၈၁၅ | ၃ | ၂၃၄ | ၂၃၇ | ၈၈.၄၅% | ၁၁.၅၅% | |
| ၁၀ | မန္တလေး | ၁၁ | ၂၈ | ၈၅ | ၂၅၉ | ၂၀၂၈ | ၂၂၈၇ | ၂၅၀ | ၁၈၀၉ | ၂၀၅၉ | ၉ | ၂၁၉ | ၂၂၈ | ၉၀.၀၃% | ၉.၉၇% | |
| ၁၁ | မွန် | ၄ | ၁၀ | ၁၇ | ၂၇၈ | ၃၈၃ | ၆၆၁ | ၂၆၅ | ၃၄၆ | ၆၁၁ | ၁၃ | ၃၇ | ၅၀ | ၉၂.၄၄% | ၇.၅၆% | |
| ၁၂ | ရခိုင် | ၇ | ၁၇ | ၄၅ | ၂၀၃ | ၆၇၁၉ | ၆၉၂၂ | ၁၉၃ | ၅၈၂၁ | ၆၀၁၄ | ၁၀ | ၈၉၈ | ၉၀၈ | ၈၆.၈၈% | ၁၃.၁၂% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၆၉ | ၉၉ | ၂၁၇၁ | ၂၂၇၀ | ၉၅ | ၁၇၅၂ | ၁၈၄၇ | ၄ | ၄၁၉ | ၄၂၃ | ၈၁.၃၇% | ၁၈.၆၃% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၀ | ၅၁ | ၄၂၁ | ၉၀၅ | ၁၃၂၆ | ၄၀၃ | ၇၆၀ | ၁၁၆၃ | ၁၈ | ၁၄၅ | ၁၆၃ | ၈၇.၇၃% | ၁၂.၂၉% | |
| ၁၅ | ရှမ်း(မြောက်) | ၉ | ၁၇ | ၁၉ | ၁၂၃ | ၃၄၀ | ၄၆၃ | ၁၁၁ | ၂၈၄ | ၃၉၅ | ၁၂ | ၅၆ | ၆၈ | ၈၅.၃၁% | ၁၄.၆၉% | |
| ၁၆ | ရှမ်း(ရှေ့) | ၅ | ၈ | ၈ | ၂၀ | ၁၂၇ | ၁၄၇ | ၁၉ | ၉၂ | ၁၁၁ | ၁ | ၃၅ | ၃၆ | ၇၅.၅၁% | ၂၄.၄၉% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၂၀၇ | ၆၁၄၂ | ၆၈၃၆ | ၁၂၉၇၈ | ၅၇၆၄ | ၅၉၂၉ | ၁၁၆၉၃ | ၃၇၈ | ၉၀၇ | ၁၂၈၅ | ၉၀.၁၀% | ၉.၉၀% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၃၆ | | ၁၇၀၁ | ၁၇၀၁ | | ၁၄၉၆ | ၁၄၉၆ | ၀ | ၂၀၅ | ၂၀၅ | ၈၇.၉၅% | ၁၂.၀၅% | |
| ၁၉ | နိုင်ငံခြား | | | ၁ | | ၂ | ၂ | | ၂ | ၂ | | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | ပြည်ထောင်စုချုပ် | ၁၂၂ | ၃၀၅ | ၇၇၈ | ၁၀၅၂၅ | ၃၃၈၂၉ | ၄၄၃၅၄ | ၉၈၈၂ | ၂၉၁၆၁ | ၃၉၀၄၃ | ၆၄၃ | ၄၆၆၈ | ၅၃၁၁ | ၈၈.၀၃% | ၁၁.၉၇% | |

မှတ်ချက်။ - ဘာသာတွဲ (၈)တွဲ ရှိသည့်အနက် ဘာသာတွဲ (၂၊၃၊၄၊၅) ရှိ ကျောင်းသားများ ဖြေဆိုကြပါသည်။ ဘာသာတွဲ (၁၊၆၊၇၊၈) ဖြေဆိုသည့် ကျောင်းသားများ ရပ်နားပါသည်။

- စာမေးပွဲကျင်းပသည့် ခရိုင်၊ မြို့နယ်နှင့် စာစစ်ဌာနဦးရေသာ ဖော်ပြထားပါသည်။

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် Naypyitaw State Academy မှ ကျောင်းသား ကျောင်းသူ ၁၁၁ ဦးအား ပေါက်ဖော်ပညာသင်ဆု ချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၁၇**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် Naypyitaw State Academy မှ ကျောင်းသား ကျောင်းသူ ၁၁၁ ဦးကို ပေါက်ဖော်ပညာသင်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက Naypyitaw State Academy ၏ Functional Hall ၌ ကျင်းပသည်။

ဦးစွာ ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းနှင့် China Foundation for Rural Development (CFRD) မှ Country Director Ms. Lin Yuan တို့က အဖွင့်အမှာစကား ပြောကြားပြီး Naypyitaw State Academy ဒုတိယပါမောက္ခချုပ် (စီမံ) ဒေါက်တာ နုနုလွင်က ပေါက်ဖော်ပညာသင်ဆု ချီးမြှင့်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပေါက်ဖော်ပညာသင်ဆုများကို ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ CFRD မှ Country Director Ms. Lin Yuan၊ အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်ဦး၊ CFRD မှ Program Manager Ms. Lu Tao၊ Naypyitaw State Academy မှ ဒုတိယ ပါမောက္ခချုပ်(စီမံ) ဒေါက်တာနုနုလွင်နှင့် CFRD မှ Program Manager Ms. Yan Tianjia တို့က ပေးအပ်ကြရာ အထူးပြုဘာသာရပ် ၁၂ ခုမှ ကိုယ်စားပြုကျောင်းသား




ကျောင်းသူများက လက်ခံရယူကြသည်။

ယင်းနောက် Naypyitaw State Academy ဒုတိယပါမောက္ခချုပ်(သင်တန်း) ဒေါက်တာ စိုးစိုးအောင်က ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ချီးမြှင့်ရာ CFRD မှ Country Director Ms. Lin Yuan က လက်ခံရယူသည်။

ဆက်လက်၍ ပညာသင်ဆုရရှိကြသည့် Naypyitaw State Academy မှ ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ယနေ့အခမ်းအနားကို CFPA Myanmar Office နှင့် Naypyitaw State Academy တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး တရုတ်နိုင်ငံဆိုင်ရာ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဖောင်ဒေးရှင်း မြန်မာနိုင်ငံဆိုင်ရာရုံး (CFPA Myanmar Office) သည် မြန်မာနိုင်ငံ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၅ ခုနှစ်ကစတင်၍ ပညာရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာဦးစီးဌာနများနှင့် ပူးပေါင်းကာ **Paukphaw Scholarship Project** ကို အကောင်အထည်ဖော်ဆောင်ရွက်လာခဲ့သည်မှာ ခုနစ်နှစ်ခန့်ရှိခဲ့ပြီး တက္ကသိုလ် ၁၄ ခုမှ တက္ကသိုလ်ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၃၄၈ ဦးကို ထောက်ပံ့လှူဒါန်းနိုင်ခဲ့သည်။ ယင်းအစီအစဉ်အရ ယခု (၂၀၂၂-၂၀၂၃) ပညာသင်နှစ်တွင် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်နှင့် Naypyitaw State Academy တို့မှ တက္ကသိုလ်ကျောင်းသား ကျောင်းသူစုစုပေါင်း ၈၀၀ တို့ကို တစ်ဦးလျှင်ငွေကျပ် ၅၀၀၀၀၀ နှုန်းဖြင့် ပညာသင်နှစ် တစ်နှစ်စာအတွက် ပညာသင်ဆုများ ထောက်ပံ့လှူဒါန်းသွားမည်ဖြစ်ပြီး အစီအစဉ်အရ Alibaba Philanthropy ၏ ငွေကြေးထည့်ဝင်မှုဖြင့် Naypyitaw State Academy မှ ကျောင်းသား ကျောင်းသူ ၁၁၁ ဦးကို ပညာသင်နှစ် တစ်နှစ်စာအတွက် ပညာသင်ဆုများကို ထောက်ပံ့လှူဒါန်းခြင်းဖြစ်သည်။

တရုတ်နိုင်ငံဆိုင်ရာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဖောင်ဒေးရှင်း မြန်မာနိုင်ငံဆိုင်ရာရုံး (CFPA Myanmar Office) သည် မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ် ဇူလိုင်လမှ စတင်ကာ ပြည်ထဲရေးဝန်ကြီးဌာနတွင် နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ပြီး ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့၏ ခွင့်ပြုချက်အရ Bank of China (BOC) Scholarship Program၊ Paukphaw ပညာသင်ဆုစီမံကိန်း၊ တရုတ်-မြန်မာ ချစ်ကြည်ရေး ပညာသင်ဆုစီမံကိန်း၊ Panda Pack စီမံကိန်း၊ Smiling Children စီမံကိန်း၊ WASH စီမံကိန်း၊ ကိုဗစ်-၁၉ အထောက်အကူပြုပစ္စည်းများ လှူဒါန်းခြင်းစီမံကိန်း၊ စက်ဘီးလှူဒါန်းခြင်းစီမံကိန်း၊ ဆိုလာမီးအိမ်များ လှူဒါန်းခြင်းစီမံကိန်း စသောစီမံကိန်း ၁၄ ခုတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ခုနစ်နှစ်တာ ကာလအတွင်းတွင် ပြည်နယ်နှင့် တိုင်း ၁၃ ခုရှိ မြို့နယ်ပေါင်း ၁၄၄ မြို့နယ်တွင် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၈၂ သန်း ထည့်ဝင်ပြီး လူဦးရေပေါင်း ၄၉၇၆၀၈ ဦးအား အကျိုးခံစားခွင့် ရရှိစေခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အိန္ဒိယနိုင်ငံ ပြည်နယ်ခြောက်ခု၌ ကိုဗစ် - ၁၉ ကူးစက်ခံရသူများ တိုးလာသည့်အပေါ် သတိပြုရန် အကြံပြုထား

နယူးဒေလီ မတ် ၁၇

**အိန္ဒိယနိုင်ငံ ပြည်နယ်ခြောက်ခု၌ ကိုဗစ် -၁၉ ကူးစက်မှုများ တိုးလာသည့်အတွက် ဒေသခံအစိုးရများအနေဖြင့် ကြိုတင်ကာကွယ်ရေး၊ ကူးစက်မှုများကို နှိမ်နင်းနိုင်ရေးနှင့် နောက်ထပ်ကူးစက်မှုများမှ တားဆီးနိုင်ရေးတို့အတွက် အကဲဖြတ်မှုများ လုပ်ဆောင်သွားရန် အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက အကြံပြုထားသည်။**



နယူးဒေလီမြို့ ဆာရိုဂျီနီနာဂါဈေး၌ ပါးစပ်နှာခေါင်းစည်း တပ်ဆင်ကာ သွားလာနေကြသူများ။

မဟာရက်ရှ်ထရာ၊ ကာနာတာကာ၊ ဂူဂျာရတ်၊ ကီရာလာ၊ တမီးနန်ဒူးနှင့် တယ်လင်ဂယ်နာပြည်နယ်တို့သို့ ဗဟိုကျန်းမာရေးဝန်ကြီးဌာနက စာရေးသားပေးပို့ခဲ့ပြီး ဆေးစစ်ခြင်း၊ ကုသခြင်း၊ ကာကွယ်ဆေးထိုးခြင်းနှင့် ရောဂါဖြစ်ပွားရာနောက် ခြေရာခံလိုက်ရာတွင် အာရုံစူးစိုက်ကြရန် အကြံပြုထားသည်။

ပြည်နယ်အနည်းငယ်တွင် ကိုဗစ် -၁၉ ကူးစက်မှုမှာ ပြန်လည်မြင့်မားလာပြီး ပြည်တွင်းကူးစက်ပျံ့နှံ့မှု တစ်ဖန်ဖြစ်လာနိုင်ကြောင်း၊ ကာကွယ်ခြင်းနှင့် ကူးစက်မှုကို နှိမ်နင်းရန် ဖြစ်လာနိုင်သည့် ဘေးအန္တရာယ်အကဲဖြတ်မှုများ လုပ်ဆောင်သွားရန် လိုအပ်သည်ဟု ကျန်းမာရေးဝန်ကြီး ရာဂျက်ရှ်ဘူရှန်က အကြံပြုစာတွင် ရေးသားထားသည်။

မတ် ၁၇ ရက် နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ် -၁၉ ကူးစက်မှု ၇၉၆ ဦးကို တွေ့ရှိခဲ့သည်ဟု သိရသည်။ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ လူနာ ငါးဦးတိုးလာသည့်အတွက် ကပ်ရောဂါစတင်သည့်အချိန်မှစတင်ကာ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူဦးရေ ၅၃၀၇၉၅ ဦးအထိ ရှိလာခဲ့သည်။

အိန္ဒိယနိုင်ငံ၏ အချို့နေရာအစိတ်အပိုင်းများတွင် တုပ်ကွေးရောဂါဖြစ်ပွားမှုများလည်း များပြားလျက်ရှိသည်။ အဆိုပါ တုပ်ကွေးရောဂါ၏ ရောဂါလက္ခဏာများမှာ ကိုဗစ်-၁၉ ရောဂါလက္ခဏာနှင့် ဆင်တူနေသည်။ လူနာများမှာ ကာလရှည်ကြာဖျားနာခြင်း ၊ ချောင်းဆိုးခြင်း၊ အဖျားနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများနှင့် ကြုံတွေ့နေရသည်ဟု ညည်းတွားနေကြသည်။ ဆင်ဟွာ

# မာလာဝီနိုင်ငံ၌ ဆိုင်ကလုန်းမုန်တိုင်း ဖရက်ဒီကြောင့် သေဆုံးသူပေါင်း ၃၂၆ ဦး အထိရှိလာ

ဘလန်တိုင်ရီ မတ် ၁၇

မာလာဝီနိုင်ငံ၌ အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း ဖရက်ဒီကြောင့် သေဆုံးသူပေါင်း ၃၂၆ ဦးအထိရှိလာကြောင်း မတ် ၁၆ ရက် ညနေပိုင်းက နိုင်ငံ သမ္မတက ရုပ်မြင်သံကြား ထုတ်ပြန်ချက်တစ်ခုတွင် ပြောကြားသည်။



ဆိုင်ကလုန်းမုန်တိုင်း ဖရက်ဒီကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ထိခိုက်ပျက်စီးမှု။

သေဆုံးသူစုစုပေါင်းမှာ ၂၂၅ ဦးမှ ၃၂၆ ဦးအထိ တိုးလာပြီး ထိခိုက်ဒဏ်ရာ ရရှိသူအရေအတွက်မှာ ၂၀၁ ဦးနှင့် ပျောက်ဆုံးနေသူဦးရေမှာ ၇၉၆ ဦးအထိ တိုးမြင့်လာကြောင်း မာလာဝီသမ္မတ လာဇာရပ်စ် ချော့ဝီရာက ပြောကြားသည်။ ရွှေ့ပြောင်းအိမ်ထောင်စု ၄၀၇၀၂ စုနှင့် ပြောင်းရွှေ့နေထိုင်သူအရေအတွက်မှာ ၁၈၃၁၅၉ ဦးရှိကြောင်း သမ္မတက ပြောကြားသည်။

မုန်တိုင်းဒဏ်ခံရသော ဒေသအနှံ့တွင် ယာယီစခန်း ၃၁၇ ခု ထူထောင်ထားကြောင်း ၎င်းက ဆက်လက်ပြောသည်။

ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များက ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံခဲ့ရသည့် ဒေသခံများကို ကူညီထောက်ပံ့ရန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်းအထိ လှူဒါန်းမည်ဟု ကတိပြုထားကြောင်း သိရသည်။ ဆင်ဟွာ

# ယူအေအီးနိုင်ငံသို့ သံအမတ် စေလွှတ်သွားမည်ဟု အီရန်ပြော

တီဟီရန် မတ် ၁၇

အီရန်နိုင်ငံသည် အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)နိုင်ငံသို့ ၎င်းတို့၏ သံအမတ်ကို မကြာမီစေလွှတ်သွားမည်ဟု အီရန်အဆင့်မြင့်သံတမန်အရာရှိကြီးတစ်ဦးက ပြောသည်။ အီရန်နိုင်ငံသည် ယူအေအီးနိုင်ငံသို့စေလွှတ်ရန် သံတမန်ခန့်အပ်ထားပြီး အဘူဒါဘီသို့ စေလွှတ်ရန်အတွက် နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးရာကိစ္စရပ်များဆိုင်ရာ ဒုတိယဝန်ကြီး အလီဘတ်ဟီရီခါနီက ပြောသည်။

အီရန်နိုင်ငံ၏ အမျိုးသားလုံခြုံရေးကောင်စီ၏ အတွင်းရေးမှူး အလီရှမ်ခါနီနှင့် ယူအေအီးသမ္မတ ရှိတ်ခ်မိုဟာမက်ဘင်ဇေယက်အယ်နာ့ယန် နှင့် မတ် ၁၆ ရက်က တွေ့ဆုံဆွေးနွေးပွဲပြုလုပ်စဉ် ခါနီက ယခုလို ပြောကြားခဲ့ခြင်းဖြစ်သည်။ ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ယူအေအီးနိုင်ငံသည် အီရန်နိုင်ငံဆိုင်ရာ ယူအေအီးသံအမတ်ကို ပြန်လည်ခန့်အပ်ခဲ့သည်။ နှစ်နိုင်ငံဆက်ဆံရေးလျှော့ချပြီးနောက် နှစ်အတော်ကြာတွင် ယခုလို ပြန်လည်လုပ်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

၂၀၁၆ ခုနှစ်တွင် ဆော်ဒီအာရေဗျက အီရန်နိုင်ငံနှင့် သံတမန်ဆက်ဆံရေးဖြတ်တောက်ပြီးနောက် ယူအေအီးနိုင်ငံသည်လည်း အီရန်နိုင်ငံနှင့် ဆက်ဆံရေးအဆင့် လျှော့ချခဲ့သည်။ ဆော်ဒီနိုင်ငံက ရှီယိုက် ဘာသာရေး ဆရာတစ်ဦးကို ကွပ်မျက်ခဲ့ပြီးနောက် အီရန်နိုင်ငံမြို့တော် တီဟီရန်ရှိ ဆော်ဒီသံရုံးရှေ့တွင် ဆန့်ကျင်ဆန္ဒပြမှုများ ဖြစ်ပေါ်လာကာ ယင်းဖြစ်ရပ်ကို တုံ့ပြန်သည့်အနေဖြင့် ဆော်ဒီက အီရန်နှင့် သံတမန်ဆက်ဆံရေးကို ဖြတ်တောက်ခဲ့ခြင်းဖြစ်သည်။ ဆင်ဟွာ


# ကိုလံဘီယာကျောက်မီးသွေးတွင်း ပေါက်ကွဲမှု သေဆုံးသူ ၂၁ ဦးအထိ ရှိလာ

ဘိုကိုတာ မတ် ၁၇

ကိုလံဘီယာနိုင်ငံအလယ်ပိုင်းတွင် မတ် ၁၅ ရက်က ကျောက်မီးသွေးတွင်းတစ်ခုအတွင်း ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အလုပ်သမား ၂၁ ဦးထက်မနည်း သေဆုံးကြောင်း အတည်ပြုခဲ့သည်။

ကွန်ဒီနာမာကာ ပြည်နယ်ရှိ ကျောက်မီးသွေးတွင်း၌ အဆိုပါ မတော်တဆမှုဖြစ်ပွားခဲ့ပြီး ပေါက်ကွဲမှုမှာ ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် ဖြစ်ကြောင်း ယူဆထားသည်။

ကျောက်မီးသွေးတွင်းအတွင်း ပိတ်မိနေသည့် အလုပ်သမား ၁၀ဦး သေဆုံးနေသည်ကို တွေ့ရှိပြီးနောက် သေဆုံးသူ ၂၁ ဦးအထိ တိုးလာကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက မတ် ၁၆ ရက်တွင် ပြောကြားသည်။



ပေါက်ကွဲမှုဖြစ်ပွားသည့် ကျောက်မီးသွေးတွင်း။

ကိုလံဘီယာနိုင်ငံ၏ ကျောက်မီးသွေးဝယ်လိုအား တိုးလာခြင်းကြောင့် ကိုလံဘီယာနိုင်ငံ၌ ကျောက်မီးသွေးတွင်း မတော်တဆမှုများ မကြာခဏ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။ ကိုလံဘီယာနိုင်ငံ၌ ယမန်နှစ်က မိုင်းတွင်း မတော်တဆမှု ၁၀၀ ကျော် ဖြစ်ပွားခဲ့ပြီး လူပေါင်း ၁၄၆ ဦး သေဆုံးခဲ့ကြောင်း အစီရင်ခံစာများတွင် ဖော်ပြထားသည်။

အင်န်အိတ်ချ်ကေ

# မကာအို၏ လူဦးရေမှာ ၂၀၂၂ ခုနှစ်တွင် ၆၇၂၈၀၀ သို့ ကျဆင်း

မကာအို မတ် ၁၇

မကာအို၏ စုစုပေါင်းလူဦးရေသည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလကုန်တွင် ၆၇၂၈၀၀ ရှိရာ တစ်နှစ်ထက်တစ်နှစ် ၁၀၄၀၀ လျော့နည်းလာကြောင်း အထူးအုပ်ချုပ်ရေးဒေသ၏ (အက်စ်အေအာ) စာရင်းအင်းဝန်ဆောင်မှုက မတ် ၁၇ ရက်တွင် ပြောကြားသည်။

စာရင်းအင်းနှင့် သန်းခေါင်စာရင်းဝန်ဆောင်မှု (ဒီအက်စ်အီးစီ)မှ အချက်အလက်များအရ အမျိုးသမီးဦးရေမှာ စုစုပေါင်း၏ ၅၃ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ ၂၀၂၂ ခုနှစ်အတွင်း မွေးဖွားမှုနှုန်းမှာ စုစုပေါင်း ၄၃၄၄ ဦးရှိရာ တစ်နှစ်ထက်တစ်နှစ် ၆၈၂ ဦး လျော့နည်းသွားကြောင်း သိရသည်။

၎င်းတို့၏ ပထမဆုံးရင်သွေးကို မွေးဖွားသောမိခင်များ၏ ပျမ်းမျှအသက်သည် ၃၁ ဒသမ ၀ နှစ်ဖြစ်ပြီး တစ်နှစ်ထက်တစ်နှစ် ၀ ဒသမ ၉ ရာခိုင်နှုန်း တိုးလာသည်။ ၂၀၂၂ ခုနှစ်အတွင်း သေဆုံးမှုနှုန်းမှာ ၃၀၀၄ ဦးရှိရာ တစ်နှစ်ထက်တစ်နှစ် ၆၈၄ ဦးတိုးလာပြီး သေဆုံးရသည့် အဓိကအကြောင်းရင်းများမှာ သွေးတိုးရောဂါနှင့် အဆုတ်ရောင်ခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရသည်။ ဆင်ဟွာ

# ကိုဗစ် – ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁ ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၇) ရာခိုင်နှုန်းရှိ

**(၁၇-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၆–၃–၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၇–၃–၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၀၄၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၁) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၁၂၂,၃၈၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၉၈၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၄၆၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်–၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအားလိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် –

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့် နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၃-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၃၅ | ၂၀၈၅ | ၂၀၈၀ | ၂၀၄၅ | ၂၀၈၅ | ၂၁၀၅ | ၂၀၉၀ | ၂၀၇၀ | ၂၁၇၀ | ၂၁၈၅ | ၂၀၇၅ | ၂၀၈၅ | ၂၁၂၀ | ၂၁၂၀ | ၂၁၂၅ | ၂၃၅၅ | ၂၈၁၀ |
| 95 Ron | ၂၁၂၀ | ၂၁၇၀ | ၂၁၇၀ | ၂၁၃၀ | ၂၁၇၀ | ၂၁၉၅ | ၂၁၈၀ | ၂၁၅၅ | ၂၂၅၅ | ၂၂၇၀ | ၂၁၆၀ | ၂၁၈၀ | ၂၂၁၀ | ၂၂၁၀ | ၂၂၁၀ | ၂၄၄၀ | ၂၈၈၅ |
| HSD (500 ppm) | ၂၀၉၀ | ၂၁၄၀ | ၂၁၄၀ | ၂၁၀၀ | ၂၁၄၀ | ၂၁၆၅ | ၂၁၆၀ | ၂၁၂၅ | ၂၂၄၅ | ၂၂၄၀ | ၂၁၃၀ | ၂၁၄၅ | ၂၁၇၅ | ၂၁၈၀ | ၂၁၈၀ | ၂၄၁၀ | ၃၁၀၀ |
| HSD (50 ppm) | ၂၁၇၀ | ၂၂၂၀ | ၂၂၂၀ | ၂၁၈၀ | ၂၂၂၀ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၁၀ | ၂၂၂၅ | ၂၂၅၅ | ၂၂၆၀ | ၂၂၆၀ | ၂၄၉၀ | ၃၁၃၀ |
| HSD (10 ppm) | ၂၁၇၀ | ၂၂၂၀ | ၂၂၂၀ | ၂၁၈၀ | ၂၂၂၀ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၁၀ | ၂၂၂၅ | ၂၂၅၅ | ၂၂၆၀ | ၂၂၆၀ | ၂၄၉၀ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၃၁ | ၂၀၀၃ |
| 95 Ron | ၂၀၁၄ | ၂၀၈၈ |
| HSD (500 ppm) | ၁၉၈၈ | ၂၀၅၇ |
| HSD (50 ppm) | ၂၀၆၂ | ၂၁၃၃ |
| HSD (10 ppm) | ၂၀၆၂ | ၂၁၃၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# မြန်မာနိုင်ငံ မော်တော်ယာဉ်ကဏ္ဍ၏ ခြေလှမ်းသစ်

ရဲခေါင် (စက်မှု)

**ယခုအခါတွင် မြန်မာနိုင်ငံ၏မော်တော်ယာဉ်ကဏ္ဍကို တိုးတက်ပြောင်းလဲစေ၍ နိုင်ငံတကာနှင့်အမီ ရင်ပေါင်တန်းနိုင်ရေးအတွက် လျှပ်စစ်ကား (EV– Electric Vehicle) များ တင်သွင်းအသုံးပြုခြင်းမှတစ်ဆင့် ထုတ်လုပ်သုံးစွဲသွားရန် လမ်းညွှန်မှုတစ်ရပ်ကို နိုင်ငံတော်အကြီးအကဲ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမြော်အမြင်ကြီးမားစွာ ချမှတ်ခဲ့ပါသည်။ အဆိုပါ လမ်းညွှန်ချက်ကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန် ကျွန်တော့်အနေဖြင့် ၉-၁၀-၂၀၂၂ ရက်က ထုတ်ဝေသည့် မြန်မာ့အလင်းသတင်းစာတွင် ဆောင်းပါးတစ်ပုဒ်ရေးသား၍ နိုင်ငံတော်နှင့်ပြည်သူများသို့ တင်ပြခဲ့ပြီးဖြစ်သည်။**

### မြန်မာနိုင်ငံ၏ ပထမဆုံးသော လျှပ်စစ်ဓာတ်အား ဖြည့်သွင်းရုံ

သို့ဖြစ်ရာ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးစီးသည့် အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီက လုပ်ငန်းများကို စည်းကမ်းစနစ်ကျစွာ တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်၍ လုပ်ငန်းဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်စေခဲ့ရာ သက်ဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီများ၏ ကြိုးပမ်းဆောင်ရွက်မှုများနှင့် လျှပ်စစ်သုံးယာဉ်တင်သွင်းသည့် ကုမ္ပဏီများ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ၂၀၂၃ ခုနှစ် မတ် ၄ ရက်တွင် နေပြည်တော်၌ လျှပ်စစ်သုံးယာဉ်များအတွက် မြန်မာနိုင်ငံ၏ ပထမဆုံးသော လျှပ်စစ်ဓာတ်အားဖြည့်သွင်းရုံ (Electric Vehicle Charging Station) စတင်ဖွင့်လှစ်နိုင်ခဲ့သည်ကို တွေ့ရှိခဲ့ရသည်။ ထို့ပြင် လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိမှုကို တာဝန်ရှိသူများက စစ်ဆေးကြည့်ရှုကြခြင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်သို့ ရောက်ရှိလာခြင်း စသည်ဖြင့် သက်ဆိုင်ရာကုမ္ပဏီအသီးသီးမှ လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းလာခြင်းတို့ကို သတင်းစာများတွင် တွေ့မြင်ဖတ်ရှုရသည်။ နိုင်ငံတော်အနေဖြင့်လည်း အခွန်သက်သာခွင့် ကင်းလွတ်ခွင့်များ ပေးထားကြောင်းလည်း သိရှိရသည်။



နေပြည်တော်၌ ပထမဆုံးဖွင့်လှစ်သော လျှပ်စစ်သုံးယာဉ်များအတွက် ဓာတ်အားဖြည့်သွင်းရုံ။

> ❑ **တင်သွင်းရောင်းချဖြန့်ဖြူးနေသော ကုမ္ပဏီများအနေဖြင့်လည်း သုံးစွဲသူပြည်သူများ ဈေးသက်သက်သာသာဖြင့် ဝယ်ယူအသုံးပြုနိုင်ရေးအတွက် ယခင် ICE သုံးမော်တော်ယာဉ်များထုတ်လုပ်သည့် SKD (Semi Knocked Down) နည်းစနစ်အတိုင်း ထုတ်လုပ်ရန် စီမံချက်များချမှတ် ဆောင်ရွက်သွားသင့်သည်။ လျှပ်စစ်သုံးမော်တော်ယာဉ်သည် အစိတ်အပိုင်းအနေဖြင့် ICE သုံးမော်တော်ယာဉ်များကဲ့သို့ များပြားမှုမရှိသဖြင့် ထုတ်လုပ်ရေးဆောင်ရွက်သွားနိုင်မည်ဖြစ်**

### မော်တော်ကားလောက၏ နည်းပညာ အပြောင်းအလဲများ

ထိုသို့ နိုင်ငံတော်အနေဖြင့် ပြည်သူများ နိုင်ငံတကာနှင့်အတူ အဆင့်မီအသုံးပြုနိုင်ရေး အထူးသဖြင့် အာဆီယံအသိုက်အဝန်းအတွင်းရှိ နိုင်ငံများနှင့်အတူ ရှိနေစေရေး ပြည်သူများအတွက် ဆောင်ရွက်ပေးနေမှုအပေါ် ကျေနပ်မိသည်။ ကျွန်တော်တို့ အတိတ်ကာလကို ပြန်ကြည့်ပါက နိုင်ငံတော်၏တာဝန်ကို ပခုံးပြောင်း တာဝန်ယူခဲ့သော တပ်မတော်၏ဦးဆောင်မှုအောက် ကာလများတွင် မော်တော်ကားလောက၏ နည်းပညာ အပြောင်းအလဲများ တွေ့မြင်ခဲ့ရပေသည်။ ၁၉၈၉–၁၉၉၀ ပြည့်နှစ်များက တပ်မတော်ရှိ ဟီးနိုးတီအီး ၁၁/၂၁၊ မာဇဒါဂျစ် 2000၊ မာဇဒါဘီ ၃၆၀/၆၀၀ (ဗင်၊ ပစ်ကပ်)၊ မာဇဒါ T–2000 လိုက်ထရပ်၊ ဟီးနိုး ဘီအမ်ဘတ်စ် စသည့်ယာဉ်များတွင် LPG (Liquefied Petroleum Gas)၊ CNG (Compressed Natural Gas)၊ MGB (Methanol Gasoline Blends) စသည်တို့ဖြင့် စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်)အစား ပြောင်းလဲစမ်းသပ်သုံးစွဲခဲ့သည်ကို တွေ့ရှိခဲ့ရသည်။ ၎င်းမှတစ်ဆင့် အမှတ် (၂) စက်မှုဝန်ကြီးဌာန မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင် ထုတ်လုပ်ရေးလုပ်ငန်းမှ လူစီးမော်တော်ယာဉ် (PV – Passenger Vehicle) နှင့် လုပ်ငန်းသုံး မော်တော်ယာဉ်(CV– Commercial Vehicle) တို့ကို ဆီသုံးယာဉ်များအဖြစ်မှ CNG ဓာတ်ငွေ့သုံးယာဉ်များအဖြစ် ပြုပြင်ပြောင်းလဲသုံးစွဲစေခဲ့ရာ ယခုအချိန်အထိ အငှားယာဉ်ယာဉ်များအပါအဝင် သဘာဝဓာတ်ငွေ့သုံး၍ ယာဉ်များ မောင်းနှင်လျက်ရှိနေကြသည်။

ယခုအချိန်တွင်လည်း တပ်မတော်က နိုင်ငံတော်၏ တာဝန်ကို ထိန်းထားသည့်အခါကာလဖြစ်ရာ အခြေအနေ အခက်အခဲ အမျိုးမျိုးကြားမှ ကြိုးစား၍ မြန်မာနိုင်ငံ၏ မော်တော်ယာဉ်ကဏ္ဍအတွက် ပြည်သူများ လျှပ်စစ်သုံးမော်တော်ယာဉ်များ သုံးစွဲနိုင်သည့် အခြေအနေသို့ရောက်စေရန် အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသည်ကို မျက်ဝါးထင်ထင်တွေ့ရှိရမည်ဖြစ်သည်။ အာဆီယံမော်တော်ယာဉ်ကဏ္ဍ အစည်းအဝေးများတွင် အခြားအာဆီယံနိုင်ငံများမှ ပညာရှင်များ EV အကြောင်း ဆွေးနွေးခဲ့ကြရာ မြန်မာနိုင်ငံကိုယ်စားလှယ်များ ပါးစပ်အဟောင်းသားဖြင့် နားထောင်နေခဲ့ရာမှ ယခုအခါတွင် EV ၏ Technology အကြောင်း ကောင်းကောင်းပါဝင်ဆွေးနွေးနိုင်တော့မည်ဖြစ်ပေသည်။ နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ရှိစွာ မော်တော်ကားလောက (Automotive Industry) တွင် အခြားနိုင်ငံများနည်းတူ အမီလိုက်နိုင်အောင် ဆောင်ရွက်ပေးသည့် စေတနာအပေါ် မော်တော်ကားပညာရှင်တစ်ဦးအနေဖြင့် များစွာကျေးဇူးတင်မိနေသည်။



ရန်ကုန်မြို့ ထီးတန်းဆိပ်ကမ်းသို့ မတ် ၄ ရက်က ရောက်ရှိလာသော လျှပ်စစ်သုံးမော်တော်ယာဉ်များ။

### မော်တော်ယာဉ်များ တင်သွင်းလျက်ရှိ

လျှပ်စစ်သုံးမော်တော်ယာဉ် တင်သွင်းခွင့်ရရှိထားသည့် ကုမ္ပဏီများအနေဖြင့်လည်း ဆက်တိုက်ဆိုသလို မော်တော်ယာဉ်များ တင်သွင်းလျက်ရှိကြရာ အဆက်မပြတ်ရောက်ရှိလာတော့မည်ဖြစ်သည့်အပြင် Charging Station များ အပြိုင်အဆိုင် တည်ဆောက်နေကြသည်ကိုလည်း ဝမ်းမြောက်စွာ ကြားသိနေရသည်။ အဆိုပါ လျှပ်စစ်သုံးယာဉ်များကို ဝယ်ယူအသုံးပြုသူများအတွက် နိုင်ငံတော်၏ ရည်မှန်းချက်အရ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက် ( Sustainable Development) နေစေရေးအတွက် After Sale Service အပိုင်း၊ Spare parts Sales စသည့် Showroom တစ်ခု၏ 3S (Three "s") လုပ်ငန်းများလိုအပ်လာပြီဖြစ်သည်။ ယခုတင်သွင်းလာသည့် လျှပ်စစ်သုံးယာဉ်များသည် နည်းပညာမြင့် မော်တော်ယာဉ်များဖြစ်ရာ Safety အတွက် အရေးကြီးလာပြီဖြစ်၍ Tools and Equipments များ မှန်ကန်မှုရှိရန် လိုသည်။ လျှပ်စစ်သုံးမော်တော်ယာဉ်သည် ဗို့အားအမြင့် (High Voltage) ကို အသုံးပြုထားခြင်းဖြစ်သည်။ (သုံးစွဲသူအတွက် စိတ်ပူရန်မလိုပါ၊ ပြင်ဆင်မှုအပိုင်းကို ဆိုလိုခြင်းဖြစ်သည်) လျှပ်စစ်ကာပစ္စည်း (Insulator) ပါသော Special Tools များ ဖြစ်ရန်လိုသည်။ အဆိုပါ Service ပိုင်းတွင် အသုံးပြုရန်လိုအပ်သည့် Tools and Equipments များ၊ Spare Parts များကို ကုမ္ပဏီများ အမြန်တင်သွင်းရရှိနိုင်ရေးအတွက် သက်ဆိုင်ရာ လုပ်ငန်းကော်မတီများမှ ဆောင်ရွက်ပေးရန်လည်း လိုအပ်မည်ဖြစ်သည်။

### ပြင်ဆင်မှု၊ ထိန်းသိမ်းမှုများ

ထို့ပြင် ယခင် ICE (Internal Combustion Engine) မော်တော်ယာဉ်များကဲ့သို့ ပြင်ဆင်မှု၊ ထိန်းသိမ်းမှုများတွင် ကွဲပြားခြားနားသွားပြီဖြစ်ပါသည်။ ICE မော်တော်ယာဉ်များကို နှစ်ပေါင်းများစွာ အသုံးပြု ထိန်းသိမ်းပြုပြင်လာခဲ့၍ မော်တော်ယာဉ်၏ ပုံသဏ္ဌာန်၊ အမျိုးအစား၊ ထုတ်လုပ်သည့်နိုင်ငံ၊ ထုတ်လုပ်သည့်ကုမ္ပဏီ ကွဲပြားခြားနားသော်လည်း အခြေခံနည်းပညာမှာ အတူတူဖြစ်၍ ဆောင်ရွက်နိုင်ခဲ့ကြသော်လည်း ယခုလျှပ်စစ်သုံး မော်တော်ယာဉ်၏ နည်းပညာများမှာ ပြောင်းလဲသွားပြီဖြစ်သည့်အပြင် အန္တရာယ်ကြီးသဖြင့် လျှပ်စစ်သုံးမော်တော်ယာဉ် Brand အလိုက် သက်ဆိုင်ရာ နိုင်ငံကုမ္ပဏီများမှ Techanical Service & Maintenance သင်တန်းများသို့ တက်ရောက်၍ ပြန်လာသူများနှင့် ပြည်တွင်းရှိ ကျွမ်းကျင်သူများက သင်တန်းများ ဖွင့်လှစ်ပြီး သင်တန်းဆင်းများ၊ ကျွမ်းကျင်သူများကိုသာ ကိုင်တွယ်လုပ်ဆောင်စေသင့်သည်။ ထိုသို့ကျွမ်းကျင်သင်တန်းများ၊ မှတ်ပုံတင်ပညာရှင် (Professional Engineer) များ၊ RSE (Registered Senior Engineer), RE (Registered Engineer) ကဲ့သို့သော Certificate ရရှိထားသည့် သက်ဆိုင်ရာ အင်ဂျင်နီယာကောင်စီမှ အသိအမှတ်ပြုထားသူအဆင့်အလိုက် ကျွမ်းကျင်သူများကိုပါ ရေရှည်အတွက် ကိုင်တွယ်ဆောင်ရွက်စေရမည် ဖြစ်သည်။

### SKD (Semi Knocked Down) နည်းစနစ်အတိုင်း ထုတ်လုပ်ရန်

ထို့ပြင် တင်သွင်းရောင်းချဖြန့်ဖြူးနေသော ကုမ္ပဏီများအနေဖြင့်လည်း သုံးစွဲသူပြည်သူများ ဈေးသက်သက်သာသာဖြင့် ဝယ်ယူအသုံးပြုနိုင်ရေးအတွက် ယခင် ICE သုံးမော်တော်ယာဉ်များထုတ်လုပ်သည့် SKD (Semi Knocked Down) နည်းစနစ်အတိုင်း ထုတ်လုပ်ရန် စီမံချက်များချမှတ်ဆောင်ရွက်သွားသင့်သည်။ လျှပ်စစ်သုံးမော်တော်ယာဉ်သည် အစိတ်အပိုင်းအနေဖြင့် ICE သုံးမော်တော်ယာဉ်များကဲ့သို့ များပြားမှုမရှိသဖြင့် ထုတ်လုပ်ရေးဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

မကြာသောကာလတွင် မြန်မာနိုင်ငံ၏ လမ်းမများပေါ်တွင် လျှပ်စစ်သုံးမော်တော်ယာဉ်များ ပျားပန်းခပ်မျှ ပြေးလွှားနေကြ၍ ဓာတ်အားဖြည့်သွင်းရုံများလည်း မြို့များ၊ လမ်းများ၊ ဈေးဆိုင်ကြီးများ၊ ဟိုတယ်များ၊ စားသောက်ဆိုင်များတွင် မှိုလိုပေါက်၍နေကြမည်ကို မြင်ယောင်ရင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရ၏ ဂုဏ်ယူဖွယ်ရာ မှတ်တမ်းတင်အောင်ပွဲတစ်ခုဖြစ်ပါကြောင်းနှင့် ၂၀၂၃ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ဤဆောင်းပါးဖြင့် ဂုဏ်ပြုကြိုဆို တင်ပြလိုက်ပါသည်။ မြန်မာနိုင်ငံ Automotive Industry ကြီး Good Luck ပါခင်ဗျား။ ။

# တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်) ရခိုင်ပြည်နယ် မြေပုံမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်







ဒေသခံပြည်သူများ

**နေပြည်တော် မတ် ၁၇**

ရခိုင်ပြည်နယ်အတွင်းရှိ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်)ဖြင့် တပ်မတော်နှင့်ကျန်းမာရေးဝန်ကြီးဌာနတို့မှ အထူးကုဆေးအဖွဲ့များမှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများသည် မြေပုံမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ခွဲစိတ်ကုသပြီးသော မျက်စိခွဲစိတ်လူနာ ၁၁ ဦးအား ဆေးရုံရေယာဉ်ပေါ်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေး၍ မျက်စိခွဲစိတ်လူနာများအား မျက်မှန်များတပ်ဆင်ပေးပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် လက်ဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကြသည်။ ထို့နောက် အဆိုပါလူနာများအား မြေပုံမြို့ ဆိပ်ခံတံတားသို့ ပြန်လည်ပို့ဆောင်ပေးသည်။

ထို့အတူ နယ်လှည့်အထူးကုဆေးအဖွဲ့သည် မြေပုံမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၄၂၅ ဦးအား မြေပုံမြို့ ပညာ့ဗိမာန်ရိပ်သာပရိယတ္တိစာသင်တိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးကြသည်။

ထိုသို့ ဆောင်ရွက်ပေးရာ ယနေ့တွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၈၀၊ ခွဲစိတ်ရောဂါ ၂၂ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၂၂ ဦး၊ ကလေးရောဂါ ၂၉ ဦး၊ အရိုးရောဂါ ၅၉ ဦး၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ ၃၅ ဦး၊ မျက်စိရောဂါ ၆၁ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ခုနစ်ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် အထွေထွေခွဲစိတ်လူနာ နှစ်ဦး၊ မျက်စိခွဲစိတ်လူနာ ငါးဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၄၅ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၇၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၀ တို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူ သုံးဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်) သည် မြေပုံမြို့နယ်မှ ပေါက်တောမြို့နယ် ပြိုင်းတောင်ကျေးရွာအုပ်စု စိုးမဲကျီကျေးရွာသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဆက်လက်ထွက်ခွာကြသည်။

ကျန်းမာရေး ဆောင်ရွက်ပေးမှုအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါသည်-

ကျွန်တော်တို့မြို့က တကယ့်ကို အလှမ်းဝေးတဲ့နေရာဖြစ်တယ်။ တစ်ခုခုဆိုရင် စစ်တွေကိုသွားရတယ်။ မြောက်ဦးသွားရတယ်။ ရန်ကုန်သွားရတယ်။ ဒီလိုအခက်အခဲတွေကို နိုင်ငံတော် အကြီးအကဲရဲ့ လမ်းညွှန်မှုနဲ့ အဖွဲ့အစည်းတစ်ရပ်အနေနဲ့ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ရောက်လာတဲ့အခါ ကျွန်တော့်အနေနဲ့ အတိုင်းမသိဝမ်းသာမိပါတယ်။ မျက်စိမမြင်တဲ့သူတွေ သင်္ဘောပေါ်မှာခွဲစိတ်ကုသပြီး မျက်လုံးကောင်းသွားတဲ့သူတွေ ဒီဘဝမှာ မမြင်ရတော့ဘူးထင်တဲ့သူတွေ မျက်စိမြင်သွားကြတယ်။ ရောက်လာတာနဲ့ လူနာတွေကို လက်ဆောင်ပေးတယ်။ ဆေးကုပေးတယ်။ ဒီလောက်ကြီးမားတဲ့ ကုသိုလ်ကြီးကို လုပ်ပေးတဲ့အတွက် အလွန်ကိုကျေးဇူးတင်မိတယ်။ အဲဒါကြောင့် နှစ်စဉ်နှစ်တိုင်းလာစေချင်တယ်။ သူတို့ကိုလည်း သားသမီးချင်း၊ ညီအစ်ကို မောင်နှမချင်းကိုယ်ချင်းစာမိတယ်။ သူတို့တွေလည်း အလွန်ပင်ပန်းရှာကြတယ်။ သူတို့လုပ်ရတာ လူနာတွေကလည်းများတော့ လွယ်တာမဟုတ်ဘူး။ဒါပေမယ့် သူတို့တွေ မျက်နှာတစ်ချက်မညိုးဘူး။ ပြုံးပြုံးရွှင်ရွှင်ပဲ။ ဒီလိုစိတ်ထားတွေဖြစ်အောင် ဘယ်လိုများ ပြုစုပျိုးထောင်ထားသလဲ မသိဘူး။ ငါ့သား/သမီးသာ ဖြစ်လိုက်ချင်တယ်။ ငါ့တူလေး၊ ငါ့ညီလေးသာ ဖြစ်လိုက်ချင်တယ်လို့ စိတ်ထဲမှာခံစားရမိတယ်။ အဲဒါကြောင့် အခုလာရောက် ဆေးကုသပေးတဲ့အဖွဲ့တွေကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ကြောင်း မြေပုံမြို့နယ်သူ/ မြို့နယ်သားတွေ ကိုယ်စားကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။ စီစဉ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲကိုလည်း ကျေးဇူးတင်ပါတယ်။ နောက်နောင်ကိုလည်း အခုလိုစီစဉ်ပေးစေချင်ပါတယ်လို့ ပြောလိုပါတယ်။ ကျွန်တော်တို့မြို့နယ်က အမြဲတမ်းလက်ကမ်းကြိုဆိုလျက်ပါလို့ ပြောလိုပါတယ်။

ကျွန်မတို့ ဆေးခန်းပြမယ်ဆိုရင် ကျောက်တော်၊ မြောက်ဦး၊မင်းပြား၊စစ်တွေ၊ အမ်းတို့ကိုသွားရပါတယ်။ အခုကတော့ တစ်နေရာတည်းမှာ ကဏ္ဍအသီးသီး၊ ရောဂါအသီးသီးကို ကုသပေးတယ်။ သွားဘက်ဆိုင်ရာ၊ မျက်စိဆိုင်ရာ၊ သွားဖွားမီးယပ်ရောဂါ၊ အထွေထွေကုသခွင့်ရနေတဲ့အတွက် အထူးပဲကျေးဇူးတင်တယ်။ အလွန်ပျော်တယ်။ ပီတိလည်းဖြစ်တယ်။ မရှိဆင်းရဲသားတွေ၊ မတတ်နိုင်တဲ့သူတွေ ဆေးကုသခွင့်ရတဲ့အတွက်ကြောင့် ကျေးဇူးတင်တယ်။ ဝမ်းမြောက်ဝမ်းသာလည်း ဖြစ်ရပါတယ်။ လူနာတွေက ပါရဂူတွေနဲ့လည်း ထိတွေ့မှုရတယ်။ ဆရာဝန်တွေပေးတဲ့ဆေးတွေကလည်း အကောင်းစားဆေးတွေဖြစ်တယ်လို့သိရပါတယ်။ နယ်မှာဆိုတော့ အခက်အခဲတွေအများကြီး ကြုံတွေ့ရတယ်။ အခုဆိုရင် လမ်းစရိတ်လည်း သက်သာတယ်။ ဆေးဖိုးလည်း သက်သာတယ်။ လူနာတွေရဲ့ ရောဂါတွေကိုလည်း ဆရာဝန်တွေနဲ့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးတဲ့အတွက်ကြောင့် ကိုယ့်ရောဂါအခြေအနေလည်း တိတိကျကျသိရတာပေါ့။ ဥာဏ်ပူဇော်ခလည်း မပေးရဘူး။ နောက်ပြီး ဆရာဝန်တွေရဲ့ ပြောဆိုဆက်ဆံမှုတွေကလည်း နူးညံ့သိမ်မွေ့တယ်။ လူနာတွေကိုလည်း အပြုံးနဲ့ကြိုဆိုတော့ စိတ်ချမ်းသာမှုဖြစ်ရတာပေါ့။ အခုလိုစီစဉ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲကိုလည်း အလွန်ကျေးဇူးတင်ပါတယ်။ ပါရဂူတွေကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်။



# ရွှေတောင်မြို့နယ်၌ နွေရာသီအခြေခံ အားကစားသင်တန်းဆင်းပွဲ ကျင်းပ

**ရွှေတောင် မတ် ၁၇**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သောနွေရာသီအခြေခံ အားကစားသင်တန်းဆင်းပွဲကို မြို့နယ်အားကစားခန်းမ၌ မတ် ၁၅ ရက် ညနေ ၃ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ (ကိုယ်စား) ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးရာဇာလင်းက အမှာစကားပြောကြားပြီး သင်တန်းနည်းပြဂုဏ်ပြုလက်မှတ်များကို နည်းပြများအား ပေးအပ်သည်။ ဆက်လက်၍ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နုနုဖြိုးနှင့် တာဝန်ရှိသူများက တူညီဝတ်စုံများနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ ထို့နောက် တက်ရောက်လာသော သင်တန်းသား၊ သင်တန်းသူများက အားကစားနည်းများ အလိုက် ပြန်လည်လက်တွေ့ သရုပ်ပြသကြသည်။



အဆိုပါ နွေရာသီအခြေခံ အားကစား သင်တန်းတွင် ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ရိုးရာခြင်း၊ လက်ဝှေ့၊ မြန်မာ့သိုင်း၊ အေရိုးဗစ် စသည့်အခြေခံကစားနည်းခြောက်မျိုးကို ရွှေတောင်မြို့နယ် အားကစားကွင်း၌ ၁၅၀၊ ကံသုံးဆင့် အ.ထ.က(ခွဲ)ကျောင်းတွင် ၈၉ ဦးနှင့် ခလရ (၁၄) အ.လ.က ကျောင်းတွင် ၈၁ ဦး တို့အား ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ကိုကိုမင်း(ပြန် /ဆက်)**

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

# သီပေါမြို့နယ်၌ နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲ ကျင်းပ

**သီပေါ မတ် ၁၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော နွေရာသီ အခြေခံအားကစား သင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၁၆ ရက် ညနေပိုင်းက ဒုဋ္ဌဝတီ ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်စိုးဝင်းက အမှာစကားပြောကြားပြီး မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ခေတ္တအားကစားမှူး ဒေါ်ကြည်ကြည်ရှိန်က သင်တန်းကာလတစ်လျှောက် ကြုံတွေ့ရသည့် အားနည်းချက် အားသာချက်များကို သုံးသပ်တင်ပြသည်။

ထို့နောက် သင်တန်းနည်းပြဆရာများနှင့် သင်တန်းသားများကို မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းဆင်း ဂုဏ်ပြုလွှာနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

အဆိုပါ နွေရာသီအခြေခံ အားကစားသင်တန်းကို မတ် ၁ ရက်မှ ၁၅ ရက်အထိ ဖွင့်လှစ်သင်ကြားပေးပြီး သင်တန်းသား ၂၄၉ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**




# ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မတ် ၁၇**

ထူးခြားသည့် နေ့အပူချိန်များမှာ ပြည်မြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်နှင့် နေပြည်တော် (ဇေယျာသီရိမြို့နယ်)၊ ရွှေကျင်မြို့၊ လေးထပ်ပြင် (ပြည်မြို့နယ်)၊ ဘော်လခဲမြို့၊ ဖားဆောင်းမြို့နှင့် မြဝတီမြို့တို့တွင် ၃၈ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဖားဆောင်းမြို့တွင် ၀ ဒသမ ၀၈ လက်မနှင့် ပူတာအိုမြို့နှင့် ဘောလခဲမြို့တို့တွင် ၀ ဒသမ ၀၄ လက်မစီတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၁၇

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် အောင်စေတနာ(က)ရပ်ကွက်နေ သန့်ဇင်ထွန်းသည် ၎င်းအသုံးပြုသည့် "Thant Zin Htun" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် နေသူများဖြစ်ကြသည့် သန့်ဇင်အောင်(ခ)အောင်လေး၊ ကောင်းဆက်တိုး (ခ)ဆံရှည်(ခ)ကောင်းကောင်း၊ သန်းခိုင်ဦး (ခ)ဘိုပု၊ ကျော်သက်(ခ) ကျော်ကြီး၊ သင်းနွယ်စိုး၊ ထွန်းမင်းဇော်(ခ)သာကျော်(ခ)ဂျိုကာနှင့် အောင်ကြည် (ခ)ရွှေငါးတို့သည် ၎င်းတို့အသုံးပြုသည့် "Aung Lay" Facebook အကောင့်၊ "Kaung Kaung" Facebook အကောင့်၊ "Than Khaing Oo" Facebook အကောင့်၊ "Kyaw Gyi" Facebook အကောင့်၊ "Thin Nwe Soe" Facebook အကောင့်၊ "Joker" Facebook အကောင့်၊ "Aung Kyi" Facebook အကောင့်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်နေ အောင်ကိုဦး(ခ)အထစ်သည် ၎င်းအသုံးပြုသည့် "Aung Ko Oo" Facebook အကောင့်နှင့် သဃ်္ဃန်းကျွန်းမြို့နယ်နေ ပြည့်ဖြိုးကွယ်(ခ)ကိုဖြိုး သည် ၎င်းအသုံးပြုသည့် "Ko Phyo" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည် ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တရားမဝင် ကျောက်စိမ်း၊ လူသုံးကုန်၊ လျှပ်စစ်ပစ္စည်းများ၊ စက်မှုကုန်ကြမ်းပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရှမ်းပြည်နယ် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မတ် ၁၂ ရက်တွင် မူဆယ်မြို့မှ မန္တလေးမြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကိုက်ညီမှုမရှိသော LED Light အလုံး ၈၅၀၀ အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၁၆၁၉၆၃)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော Chenglong Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကိုလည်းကောင်း၊ မတ် ၁၄ ရက်တွင် မန္တလေးမြို့မှ မူဆယ်မြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ၂ ကီလိုဂရမ်အောက် ကျောက်တုံး ၅၀ ကီလိုဂရမ်အပါအဝင် ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၇၉၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော Nissan Diesel Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၆၁၉၆၃ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

### ဖမ်းဆီးရမိ

ထပ်မံ၍ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၁၄ ရက်တွင် မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (သီလဝါ)၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့်အပြင် သွင်းကုန်လိုင်စင်လိုအပ်သော မော်တော်ကားအပိုပစ္စည်းဖြစ်သည့် CV-JOINT ၄၁၆၄ ခု အပါအဝင် ကုန်ပစ္စည်းရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၁၉၅၀၀၀၀) ကိုလည်းကောင်း၊ မတ် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကိုက်ညီမှုမရှိသော Led Street Lamp Fixture အလုံး ၁၀၀၊ Led Panel Lamp အလုံး ၁၃၄၄၀၊ Led Panel Light အလုံး ၅၄၆၀ အပါအဝင် ကုန်ပစ္စည်း ၃၉ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၉၈၄၄၄၀၀) ကိုလည်းကောင်း၊ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့်အပြင် Valid for Prior Arrival (VPA) ၆၁ ရက် ကျော်လွန်သည့် ပစ္စည်းများဖြစ်သော Rechargeable Electric LED Bulb အလုံး ၄၀၅၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၆၄၈၀၀၀) ကို လည်းကောင်း၊ ကုန်သေတ္တာတစ်လုံးအတွင်းမှ Valid for Prior Arrival (VPA) ၆၁ ရက် ကျော်လွန်သည့်ပစ္စည်းများဖြစ်သော JGCW အမျိုးအစား ကလေးစီးစက်ဘီး ၂၉၂ စီး အပါအဝင် ကုန်ပစ္စည်းငါးမျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၇၆၂၄၀၀)ကို လည်းကောင်း၊ မတ် ၁၅ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကိုက်ညီမှုမရှိသည့်အပြင် Valid for Prior Arrival (VPA) ၆၁ ရက် ကျော်လွန်သည့်ပစ္စည်းများဖြစ်သော Canopy Tent ဆိုဒ်မျိုးစုံ ၁၄၂၆၆ ကီလိုဂရမ်၊ Ready Made Tent Cloth ၁၀၉၂ ကီလိုဂရမ်၊ ချုပ်လုပ်ထားခြင်းမရှိသော မိုးကာသားအထည်အလိပ် ၄၀၁၂ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၈၁၅၆၁၆) ကို လည်းကောင်း၊ ထီးတန်းဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသော Toys Small Remote Control Car ၇၂ စီး အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၆၈၂၀၄၁၆ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

### အရေးယူဆောင်ရွက်

အလားတူ မတ် ၁၅ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပူးပေါင်းအဖွဲ့က မူဆယ်မြို့ ကောင်းမှုတုံအုပ်စု ဟိုနားရပ်ကွက် ပြည်ထောင်စုလမ်းမကြီးဘေးရှိ သုံးထပ်ကားဝင်းအတွင်း ရပ်တန့်ထားသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပုစွန်(ဖွဲ့) ၂၈၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၄၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော Dongfeng Tractor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကို လည်းကောင်း၊ မူဆယ်ခရိုင် တရားမဝင် ကုန်ပစ္စည်းများ တားဆီးရေးအဖွဲ့က မူဆယ်မြို့ စွမ်စော်ရပ်ကွက် စွမ်စော်(၄)လမ်းအနီး ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ရပ်တန့်ထားသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသော Plastic Bowl ၉၀ ကီလိုဂရမ်၊ Chain Cover ၄၄၄ ကီလိုဂရမ်နှင့် အလှကုန်ပစ္စည်းမျိုးစုံ အပါအဝင် ကုန်ပစ္စည်း ၂၆ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၈၃၂၈၆၈)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော Dongfeng Tractor Truck တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၂၃၂၈၆၈ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မတ် ၁၂ ရက်၊ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၇ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉၆၁၁၅၂၄၇) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားထံရောင်းစား၍ ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် မတ် ၁၇**

အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားထံရောင်းစား၍ ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် အမိန့်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် မြန်အောင်မြို့နယ်နေ မတင်မာလွင်က တစ်မြို့တည်းနေသူ မ---၊ ၃၄/၂၀၂၂ နှစ်ကို တရုတ်နယ်စပ်တွင် စားပွဲထိုးအလုပ်ကို တစ်လလျှင် ငွေကျပ် ၂၅၀၀၀၀ ရမည်ဟု စည်းရုံးပြောဆိုပြီး တရုတ်ယောကျ်ားနှင့် အဓမ္မထိမ်းမြားလက်ထပ်ရန် ငွေကျပ် သိန်း ၅၀ ဖြင့် ရောင်းစားခဲ့ပြီး ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် ကနောင်နယ်မြေ ရဲစခန်း (ပ) ၁၈/၂၀၂၂၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ ဖြင့် အမှုရေးဖွင့်၍ မြန်အောင်ခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မတ် ၁၆ ရက်တွင် တရားခံ မတင်မာလွင် ကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ ဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကော့ကရိတ်မြို့၌ ဖောင်းကြွနံပါတ်ပြားအသစ်တပ်ဆင်ရေး အသိပေးလက်ကမ်းစာစောင်များဖြန့်ဝေ

**ကော့ကရိတ် မတ် ၁၇**

ကရင်ပြည်နယ် ကော့ကရိတ်မြို့၌ မော်တော်ယာဉ်များ ဖောင်းကြွနံပါတ်ပြားအသစ်များ အမြန်ပြောင်းလဲတပ်ဆင်နိုင်ရေး အသိပေးနှိုးဆော်ခြင်းနှင့်လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းကို ယနေ့ နံနက် ၈ နာရီခွဲက ကော့ကရိတ်မြို့အဝင် ကြာပန်းဝိုင်းလမ်းဆုံရှိ မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီး၌ တာဝန်ရှိသူများက ဆောင်ရွက်ပေးသည်။

ကော့ကရိတ်ခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသည် မော်တော်ယာဉ် ဖောင်းကြွနံပါတ်ပြားကို ခေတ်ကာလနှင့်လျော်ညီစွာ အသုံးပြုတပ်ဆင်ပေးလျက်ရှိပြီး ၁-၇-၂၀၂၁ ရက်နေ့မှစ၍ တိုင်းဒေသကြီး/ပြည်နယ် ဒေသဖော်ပြချက်ပါရှိရာအပြင် မြို့နယ် ဂဏန်းဖော်ပြချက်နှင့် မော်တော်ယာဉ်အမျိုးအစား ဖော်ပြချက်တို့ပါရှိသည့် ဖောင်းကြွနံပါတ်ပြား အသစ်များ ပြောင်းလဲတပ်ဆင် ဆောင်ရွက်ပေးထားကြောင်း၊၎င်းဖောင်းကြွနံပါတ်ပြား အသစ်များအား နိုင်ငံပိုင် ဌာနဆိုင်ရာမော်တော်ယာဉ်များ အဖွဲ့အစည်း အသီးသီးပိုင် မော်တော်ယာဉ်များ၊ ပုဂ္ဂလိကပိုင် မော်တော်ယာဉ်များအနေဖြင့် ၃၁-၃-၂၀၂၃ ရက်နေ့တွင် အပြီးလဲလှယ်တပ်ဆင်နိုင်ရေး ယာဉ်မောင်းယာဉ်ပိုင်ရှင်များကို အသိပညာပေး နှိုးဆော်စစ်ဆေးခဲ့ကြသည်။

ထိုသို့ အသိပညာပေးဆောင်ရွက်ရာသို့ ကော့ကရိတ်ခရိုင် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနှင့် ယာဉ်အန္တရာယ်လမ်းအန္တရာယ်ကင်းရှင်းရေး ကော်မတီဥက္ကဋ္ဌက လာရောက်စစ်ဆေးခဲ့ပြီး ခရိုင်၊ မြို့နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကော်မတီအဖွဲ့ဝင်တို့မှ ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခင်မျိုးဝင်း**
**ခရိုင် (ပြန်/ဆက်)**




# ဒုတိယဝန်ကြီး ဦးအေးကျော် ပြည်နယ် / ခရိုင် / မြို့နယ်လျှပ်စစ် အင်ဂျင်နီယာရုံးနှင့် ဓာတ်အားခွဲရုံများမှ ဝန်ထမ်းများနှင့် တွေ့ဆုံ

**နေပြည်တော် မတ် ၁၇**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် ယမန်နေ့ နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၌ ပြည်နယ်/ခရိုင်/မြို့ နယ်လျှပ်စစ် အင်ဂျင်နီယာရုံးနှင့် ဓာတ်အား ခွဲရုံများမှ ဝန်ထမ်းများနှင့် တွေ့ဆုံ **(အောက်ပုံ)** ပြီး တောင်ကြီး မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး ရှိ ငွေလက်ခံကောင်တာတွင် ဓာတ်အားခ ပေးဆောင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**ထောက်ပံ့ငွေများ ချီးမြှင့်**

ရှေးဦးစွာ ဒုတိယဝန်ကြီး သည် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ ပြည်နယ် လျှပ်စစ် အင်ဂျင်နီယာရုံးသို့ ရောက်ရှိရာ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးထွန်းဝဏ္ဏက ပြည်နယ်/ခရိုင်/ မြို့နယ်များအတွင်း လျှပ်စစ် ဓာတ်အား ဖြန့်ဖြူးပေးထားမှု နှင့် လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး က ဓာတ်အားခကြွေးကျန် ကောက်ခံရရှိရေး၊ ဓာတ်အား ပြတ်တောက်မှု လျော့နည်းရေး၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်း စေရေး အလေးထားဆောင်ရွက် စေလိုကြောင်း၊ ဘဏ္ဍာနှစ်အလိုက် ရရှိသော ဘတ်ဂျက်ရန်ပုံငွေများ ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်ကာလအတွင်း လုပ်ငန်း များ ပြီးစီးနိုင်ရေးအတွက် ဘတ်ဂျက်ရန်ပုံငွေများ စနစ် တကျ သုံးစွဲသွားရန်၊ ဝန်ထမ်းများ အားလုံး လုံခြုံရေးအသိ၊ သတိဖြင့် စည်းလုံးညီညွတ်စွာ လုပ်ငန်း တာဝန်များ ထမ်းဆောင်သွားကြ ရန်၊ ပူးပေါင်းဆောင်ရွက်သွား ကြရန်၊ ဘဏ္ဍာရေးကဏ္ဍအား ညွှန်ကြားချက်များနှင့် အညီ လိုက်နာဆောင်ရွက်ရန်၊ ဝန်ထမ်း များ အရည်အသွေးမြှင့်တင်ရေး ဌာနတွင်း လုပ်ငန်းခွင်မပျက် သင်တန်းများ ဖွင့်လှစ်ပို့ချပေးရန် နှင့် အခြားလိုအပ်သည်များ မှာကြားခဲ့ပြီး ဝန်ထမ်းများ၏ တင်ပြမှုများအပေါ် ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ပေးကာ ထောက်ပံ့ငွေများ ချီးမြှင့်သည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယဝန်ကြီး သည် လျှပ်စစ်ဓာတ်အားဖြန့်ဖြူး ရေးလုပ်ငန်းနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်နေသည့် လင်းသီဟ ကုမ္ပဏီမှ ငွေလက်ခံကောင်တာ တွင် ဓာတ်အားခကောက်ခံနေမှု နှင့် စာရင်းရေးသွင်းပြုစုထားရှိမှု တို့ကို လိုက်လံကြည့်ရှုစစ်ဆေး ကာ လိုအပ်သည်များ ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## E Market Place for Myanmar Products Platform တွင် ပြည်တွင်းထုတ်ကုန်များ ပါဝင်ပြသရောင်းချနိုင်ရေး ဖိတ်ခေါ်ခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနသည် MSME များ ဖွံ့ဖြိုးတိုးတက်ရေး ဆောက်ရွက်လျက်ရှိရာတွင် MSME များ ဈေးကွက်ရရှိရေးနှင့် Digital စနစ်တွင် လိုက်ပါဆောင်ရွက်နိုင်ရေး အတွက် E Market Place for Myanmar Products Platform (emartmp.gov.mm) ကို အကောင်အထည် ဖော်တည်ဆောက်ခဲ့ပါသည်။

၂။ E Market Platform တွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ထုတ်ကုန်များ၊ MSME ထုတ်ကုန်များနှင့် စက်မှုဇုန်ထုတ်ကုန်များအား e-Commerce အဖြစ် ပြသရောင်းချနိုင်မည်ဖြစ်ပြီး ဝယ်ယူအသုံးပြုသူ Customer များထံ လျင်မြန်စွာ ပို့ဆောင်ပေးနိုင်ရေးအတွက် Delivery စနစ်များနှင့် ငွေပေးချေမှု မြန်ဆန် ရေးအတွက် e Payment စနစ်များ ချိန်ဆက်အသုံးပြုထားရှိပါသည်။

၃။ သို့ဖြစ်ပါ၍ မိမိတို့ထုတ်ကုန်များအား Platform မှတစ်ဆင့် ဖြန့်ချိရောင်းချလိုသော ပြည်တွင်းထုတ်ကုန် ထုတ်လုပ်သောလုပ်ငန်းများအနေဖြင့် စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ နည်းပညာနှင့်ဈေးကွက်မြှင့်တင်ရေးဌာန၊ ဖုန်း ၀၆၇-၃၄၀၈ ၃၉၄ သို့ ၂၈-၄-၂၀၂၃ ရက်နေ့ နောက်ဆုံးထား ချိတ်ဆက်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန**
**စက်မှုဝန်ကြီးဌာန**


မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **ခေတ္တစာတည်းမှူး** | - | မြင့်စိုး |
| **သတင်းထောက်မှူး** | - | ခင်ရတနာ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| **ဘာသာပြန် စာတည်း** | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| **အကြီးတန်း သတင်းထောက်များ** | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **အငယ်တန်း သတင်းထောက်များ** | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| **ဓာတ်ပုံ သတင်းထောက်** | - | တင်စိုး |
| **သုတေသန** | - | အိအိခင်နှင့် အဖွဲ့ |
| **စာပြင်** | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| **အီးမေးနှင့် အွန်လိုင်း** | - | သက်လွင်ဦးနှင့် အဖွဲ့ |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃) |
| **ပုံနှိပ်ခြင်းအမှတ်** | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm


ဥတုရာသီ
တောကို မှီ၏

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၇ - ၃ - ၂၀၂၃

| ရွှေ | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၂၇၂၆၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၂၇၃၇၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၂၉ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၃၀ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၂၀ ကျပ် | ၂၀၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၀၀ ကျပ် | ၂၁၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၁၀ ကျပ် | ၂၀၅၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၉၅ ကျပ် | ၂၁၄၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၃၅ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၆၃ . ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၁ . ၃၈၆ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၇၇ . ၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၆၈ . ၁၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၅ . ၀၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၄၅၀ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၁၀၀ | ၈၁၀၀ | ၅၀၇ | ၄၁၀၆၇၀၀ |
| MTSH | ၃၁၅၀ | ၃၂၀၀ | ၆၉၆ | ၂၁၉၅၀၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၅၅၀ | ၁၆၀၀ | ၂၃၉၄ | ၃၇၁၁၇၅၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၁၉၀ | ၉၃၁၀၀၀ |

ညီညီ - စုစည်းသည်

ယခုတစ်ပတ်မှာ ပရီမီယာလိဂ် ပွဲစဉ် (၂၈) ကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ တန်းဆင်းဇုန်က ဆောက်သမ်တန်နဲ့ စပါး၊ ချယ်ဆီးနဲ့ အဲဗာတန်၊ ဦးဆောင်သူ အာဆင်နယ်နဲ့ ခရစ္စတယ်ပဲလေ့စ် အသင်းတို့ တွေ့ဆုံနေပါတယ်။

| ပရီမီယာလိဂ် ပွဲစဉ် (၂၈) | |
|---|---|
| ၁၈-၃-၂၀၂၃ | စနေနေ့ |
| ဗီလာ - ဘုန်းမောက် | ည ၉း၃၀ |
| ဘရန့်ဖို့ဒ် - လက်စတာ | ည ၉း၃၀ |
| ဆောက်သမ်တန်-စပါး | ည ၉း၃၀ |
| ဝုဖ် - လိဒ်စ် | ည ၉း၃၀ |
| ချယ်ဆီး - အဲဗာတန် | ည ၁၂း၀၀ |
| ၁၉-၃-၂၀၂၃ | တနင်္ဂနွေနေ့ |
| အာဆင်နယ် - ပဲလေ့စ် | ည ၈း၃၀ |

# ပဲလေ့စ်ကို အနိုင်ယူပြီး အမှတ်ပေးဇယားကို ပြတ်သားတဲ့ရလဒ်နဲ့ ဦးဆောင်ဖို့ ကြိုးစားလာမယ့် အာဆင်နယ်

## ဆောက်သမ်တန် VS စပါး

**နောက်ဆုံးတွေ့ဆုံမှု စပါး ၄-၁ ဆောက်သမ်တန်**

ဆောက်သမ်တန်က ကြားရက်မှာ ဘရန့်ဖို့ဒ်နဲ့ ယှဉ်ပြိုင်ကစားထားပြီး ရှုံးနိမ့်ခဲ့တာကြောင့် တန်းဆင်းရမယ့်အရေးနဲ့ ရင်ဆိုင်နေရတယ်။ စပါးကလည်း အဆင့် (၄) အတွင်းဝင်ရေး အမှားခံလို့ မရဘူး။

## ချယ်ဆီး VS အဲဗာတန်

**နောက်ဆုံးတွေ့ဆုံမှု အဲဗာတန် ၀-၁ ချယ်ဆီး**

ခြေစွမ်းထက်မြက်နေတဲ့ ချယ်ဆီးက တန်းဆင်းဇုန်ဖိအားရှိတဲ့ အဲဗာတန်နဲ့ ရင်ဆိုင်သွားရမှာ ဖြစ်တယ်။ မည်သို့ပင်ဆိုစေ အဲဗာတန်အသင်းထက် ဥရောပဝင်ခွင့် မျှော်လင့်ချက်အတွက် ကြိုးစားလာမယ့် ချယ်ဆီး အသာရဖွယ်ရှိတယ်။

## ဘရန့်ဖို့ဒ် VS လက်စတာ

**နောက်ဆုံးတွေ့ဆုံမှု လက်စတာ ၂-၂ ဘရန့်ဖို့ဒ်**

ဘရန့်ဖို့ဒ်က ခြေစွမ်းအတက်ဘက်ရောက်နေပြီး လက်စတာက အကျဘက်ရောက်နေတယ်။ နောက်ဆုံးငါးပွဲဆက် ရှုံးပွဲကြုံတွေ့ထားတဲ့လက်စတာအနေနဲ့ ခြေစွမ်းထက်နေတဲ့ ဘရန့်ဖို့ဒ်ကို အနိုင်ယူဖို့ ခက်မယ်။

## ပဲလေ့စ် VS အာဆင်နယ်

**နောက်ဆုံးတွေ့ဆုံမှု ပဲလေ့စ် ၀-၂ အာဆင်နယ်**

ဒီရာသီမှာ အကောင်းဆုံးပုံစံပြသထားနိုင်တဲ့ အာဆင်နယ်က အမှတ်ပေးဇယားကို ပြတ်သားတဲ့ရလဒ်နဲ့ ဦးဆောင်နိုင်ဖို့ ကြိုးစားလာမှာဖြစ်ပြီး ပဲလေ့စ်ကလည်း ဒီဇင်ဘာ ၃၁ ရက်နောက်ပိုင်း နိုင်ပွဲပျောက်ဆုံးမှုကို ချေဖျက်ဖို့ ကြိုးစားလာမှာပါ။

ယခုတစ်ပတ်မှာ အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်တွေကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ကွာတားဖိုင်နယ်မှာ မန်စီးတီးက ဘန်လေ၊ မန်ယူက ဖူလ်ဟမ်အသင်းတို့နဲ့ ဆုံတွေ့နေပါတယ်။

| အက်ဖ်အေဖလားကွာတားဖိုင်နယ် | |
|---|---|
| ၁၈-၃-၂၀၂၃ | စနေနေ့ |
| မန်စီးတီး - ဘန်လေ | ည ၁၂း၁၅ |
| ၁၉-၃-၂၀၂၃ | တနင်္ဂနွေနေ့ |
| ရှက်ဖီး - ဘလက်ဘန်း | ည ၆း၃၀ |
| ဘရိုက်တန် - ဂရင်စဘီ | ည ၈း၄၅ |
| မန်ယူ - ဖူလ်ဟမ် | ည ၁၁း၀၀ |

# တန်ဟက်ရဲ့ မန်ယူ အိုးထရက်ဖို့ဒ်မှာ ဖူလ်ဟမ်ကို အနိုင်ယူနိုင်မလား

## မန်စီးတီး VS ဘန်လေ

**နောက်ဆုံးတွေ့ဆုံမှု ဘန်လေ ၀-၂ မန်စီးတီး**

ချန်ပီယံရှစ်မှာ အကောင်းဆုံးပုံစံရရှိအောင် ကိုင်တွယ်ထားနိုင်တဲ့ ကွန်ပနီရဲ့ ဘန်လေက အသင်းကြီး မန်စီးတီးနဲ့ ရင်ဆိုင်သွားရမှာ ဖြစ်တယ်။ နှစ်သင်းစလုံး တိုက်စစ်ထက်မြက်တာကြောင့် အမှားများတဲ့အသင်း ပေးဆပ်မှုကြီးမားသွားနိုင်တယ်

## ရှက်ဖီး VS ဘလက်တန်း

**နောက်ဆုံးတွေ့ဆုံမှု ဘလက်ဘန်း ၁-၀ ရှက်ဖီး**

ချန်ပီယံရှစ်မှာ ပုံစံကောင်းရရှိနေတဲ့ အသင်းနှစ်သင်းတွေ့ဆုံတာကြောင့် ပြိုင်ဆိုင်မှု ပြင်းထန်လာနိုင်တယ်။ နှစ်သင်းကြား ခြေစွမ်းမှာ ဘလက်ဘန်းအသင်းထက် ရှက်ဖီးအသင်းက တိုက်စစ်၊ ခံစစ် သာလွန်မှုရှိတယ်။

## ဘရိုက်တန် VS ဂရင်စဘီ

**နောက်ဆုံးတွေ့ဆုံမှု -**

ဘရိုက်တန်က လိဂ်တူးမှာ ကစားနေတဲ့ ဂရင်စဘီအသင်းကို ရင်ဆိုင်သွားရမှာ ဖြစ်ပါတယ်။ လိဂ်တူးမှာလည်း ဂရင်စဘီရဲ့ ခြေစွမ်း သာမန်သာ ရှိတာကြောင့် ဘရိုက်တန်အသင်း အသာရသွားနိုင်တယ်။

## မန်ယူ VS ဖူလ်ဟမ်

**နောက်ဆုံးတွေ့ဆုံမှု ဖူလ်ဟမ် ၁-၂ မန်ယူ**

ပရီမီယာလိဂ်အသင်းအချင်းချင်း တွေ့ဆုံတဲ့ပွဲစဉ်ဖြစ်သော်ငြား အသင်းလိုက်စုဖွဲ့မှုအားကောင်းတဲ့ မန်ယူအသင်း အသာရဖွယ်ရှိတယ်။ သို့သော်လည်း မန်ယူက သာမန်စွမ်းဆောင်ရည်ထက် မပိုခဲ့ရင် ဖူလ်ဟမ်အောင်ပွဲခံသွားနိုင်တယ်။

## နောက်ဆုံးရ အားကစားသတင်းတိုများ

- လီဗာပူး ကွင်းလယ်ကစားသမား စတီဖန် ဘာစီတစ် ဒဏ်ရာကြောင့် ရာသီကုန်အထိ အနားယူရတော့မည်။
- နွေရာသီတွင် ပီအက်စ်ဂျီအသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးပါက ဆော်ဒီအာရေဗျကလပ်သို့ ပြောင်းရွှေ့ရန် တစ်နှစ် ပေါင် ၁၉၃ သန်းဖြင့် မက်ဆီ (၃၅နှစ်) ကို ကမ်းလှမ်းသွားဖွယ်ရှိနေသည်။
- ပြင်သစ်ကစားသမား ပေါ့ဂ်ဘာက ဒဏ်ရာကြောင့် ယခုနှစ်ရာသီတွင် စီးရီးအေ၌ ၃၅ မိနစ်သာ ပါဝင်ကစားခွင့်ရရှိထားသော်လည်း လာမည့်နှစ်တွင် ဂျူဗင်တပ်စ်၌ ဆက်နေလိုကြောင်း ပြောသည်။
- ကွန်ဖရင့်လိဂ်ပြိုင်ပွဲ ၁၆ သင်းအဆင့် ဒုတိယအကျော့တွင် ဝက်စ်ဟမ်းက လာနာကာကို လေးဂိုးပြတ်အနိုင်ရရှိပြီး နှစ်ကျော့ပေါင်းရလဒ် ခြောက်ဂိုးပြတ်ဖြင့် ကွာတားဖိုင်နယ်သို့ ထိုက်ထိုက်တန်တန် တက်လှမ်းနိုင်ခဲ့သည်။



# ဘက်တစ်ကို အနိုင်ယူပြီး မန်ယူအသင်း ကွာတားဖိုင်နယ် တက်လှမ်း

ယူရိုပါလိဂ်ပြိုင်ပွဲ ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်များမှ မတ် ၁၇ ရက် နံနက် ယှဉ်ပြိုင်ကစားခဲ့သည့် ရီးရဲဘက်တစ်နှင့် မန်ယူအသင်းတို့ပွဲစဉ်တွင် မန်ယူအသင်းက ရက်ဖို့ဒ်၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ထို့ကြောင့် မန်ယူအသင်းသည် ဘက်တစ်အသင်းကို နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့ပြီ ဖြစ်သည်။

ပထမအကျော့တွင် ဘက်တစ်ကို ဂိုးပြတ်အနိုင်ယူထားသော မန်ယူအသင်းသည် ယခုဒုတိယအကျော့တွင်လည်း အသာရယူရန် ဖိအားပေးကစားနိုင်ခဲ့သည်။ ဘက်တစ်အသင်းက မန်ယူအသင်းဘက်သို့ ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုများနှင့် အတူ ဂိုးကန်သွင်းမှုများ မကြာခဏ ပြုလုပ်နိုင်ခဲ့သော်လည်း အဆုံးသတ်ပိုင်းအားနည်းမှုရှိသည့်အတွက် လိုအပ်သည့် သွင်းဂိုးများနှင့် ဝေးကွာခဲ့ပြီး ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ မန်ယူအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၅၅ မိနစ်တွင် ရရှိခဲ့ပြီး အဓိက တိုက်စစ်ကစားသမား ရက်ဖို့ဒ်က သွင်းယူပေးခဲ့သည်။ ယခုသွင်းဂိုးကြောင့် ရက်ဖို့ဒ်သည် ယူရိုပါလိဂ်ပြိုင်ပွဲ၌ ယခုနှစ်ရာသီတွင် သွင်းဂိုးခြောက်ဂိုးအထိ ရှိလာပြီ ဖြစ်သည်။

အခြားသောပွဲစဉ်ရလဒ်များမှ အာဆင်နယ်နှင့် စပို့တင်းအသင်းတို့ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့ပြီး အနိုင်အရှုံး အဖြေမပေါ်သည့်အတွက် ပယ်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရာ စပို့တင်းက ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိပြီး နောက်တစ်ဆင့်တက်လှမ်းနိုင်ခဲ့သည်။



# အင်ဒီးယန်းဝဲလ် ဆီမီးဖိုင်နယ်သို့ ကမ္ဘာ့နံပါတ်တစ် ဆွီယာတက်ခ် တက်လှမ်းနိုင်ခဲ့

ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ် အီဂါဆွီယာတက်ခ်သည် အင်ဒီးယန်းဝဲလ်ပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် ရိုမေနီးယားတင်းနစ်မယ် ဆိုရာနာ ခရစ္စတီယာကို အနိုင်ယူပြီး ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။

၎င်းသည် အဆိုပါ ပွဲစဉ်တွင် ပြိုင်ဘက်ကို ၆-၂၊ ၆-၃ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းလာခြင်း ဖြစ်သည်။ ပြီးခဲ့သည့်နှစ်က ပြင်သစ်နှင့် ယူအက်စ်အိုးပင်းဖလား ဆွတ်ခူးနိုင်ခဲ့သော အင်ဒီးယန်းဝဲလ်လက်ရှိချန်ပီယံ ဆွီယာတက်ခ်သည် ဆီမီးဖိုင်နယ်တွင် ဝင်ဘယ်ဒန်ချန်ပီယံ ရှိုင်ဘာကီနာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

နာမည်ကြီး ကာဇက်စတန်တင်းနစ်မယ် ရှိုင်ဘာကီနာက ကွာတားဖိုင်နယ်တွင် ချက်တင်းနစ်မယ် ကာလီနာ မူချိုဗာကို ၇-၆ (၇-၄)၊ ၂-၆၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။

ဆွီယာတက်ခ်၊ ရှိုင်ဘာကီနာတို့အပြင် အင်ဒီးယန်းဝဲလ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ ဆက္ကရီနှင့် စဘယ်လင်ကာတို့လည်း တက်ရောက်နိုင်ခဲ့သည်။

■ မိုးဇက် - စုစည်းသည်

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေအင်ကြင်းအနောက်ရပ်၊ မြေကွက်အမှတ် (ဒ-၄၆၁၂)၊ မြေရေိယာ ၀.၁၈၂ ဧကရှိ ဦးမောင်မောင် (ဘ)ဦးကျော် ၁၂/ကမတ(နိုင်)၀၀၉၅၀၁ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဦးမောင်မောင်ထံမှ နေပြည်တော် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ် ၅၁၆၇/၂၀၂၂ (၂၅-၁၀-၂၀၂၂)ရရှိထားသူ ဦးနိုင်ကိုဇင် (ဘ)ဦးဘခင် ၁၄/လမန(နိုင်) ၁၀၅၄၈၁မှ ဒေါ်အိသက်မွန် (ဘ)ဦးကြည် ၁၄/လမန(နိုင်)၀၇၂၆၂၄ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန်မြေပုံ/မြေရာဇဝင် ရေးကူး ခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှ စ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ ရတနာဒီပရပ်ကွက်မှ မြေရေိယာ ၀.၀၅၅ ဧကရှိ ဒေါ်ခင်ပြုံးရည် ၁၂/တမန(နိုင်)၀၄၇၉၃၇ (ဘ) ဦးတင်အောင် အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၃၃၆၈၄) ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၆၂၁/၂၀၂၂ (၁၆-၈-၂၀၂၂)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်နိုင်ဇင်ဝင်း ၁၂/သကတ(နိုင်)၁၅၁၃၈၆ (ဘ) ဦးကိုကိုဝင်းမှ ဦးကျော်လင်းအောင် ၁၄/ပတန(နိုင်)၁၀၄၉၅၈နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ ကျောင်းရစ်ဆယ်ကျေးရွာအုပ်စု၊ အရှေ့ရေဖြူကင်းကျေးရွာရှိ ကွင်း/အကွက်အမှတ် (၃၆၆-က)၊ ကျောင်းရစ်ဆယ်အနောက်၊ ဦးပိုင်အမှတ်(က/၉၇/၅)၊ ဧရိယာ ၀ဒသမ ၁၈ဧကရှိ အရှေ့ဘက်တွင် ဘုန်းကြီးကျောင်း၊ အနောက်ဘက်တွင် ဒေါ်ရွှေလှိုင်၊ တောင်ဘက်တွင် ရန်ကုန်-မန္တလေးကားလမ်း၊ မြောက်ဘက်တွင် ဒေါ်ရွှေလှိုင်တို့ အလားလေးရပ်အတွင်းရှိ မြေအား ဒေါ်အေးအေးနွယ် ၇/အတန(နိုင်) ၀၀၇၀၂၃ မှ လူနေထိုင်ရန် သက်တမ်းတွင် ဦးပိုင်ခွဲ အမည်ပြောင်းမြေငှားဂရန် ခွင့်ပြုရရှိရန် မြေပိုင်ဆိုင်မှုအထောက်အထားများ တင်ပြပြီး လျှောက်ထားလာပါသဖြင့် သတင်းစာတွင် ကြော်ငြာထည့်သွင်းသည့်ရက်မှ စ၍ ၁၅ရက်အတွင်း အုတ်တွင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး လျှောက်ထားသူ ဒေါ်အေးအေးနွယ်သို့ သက်တမ်းတွင်ဦးပိုင်ခွဲအမည်ပြောင်း မြေငှားဂရန် ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**အုတ်တွင်းမြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6D/2208 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ ကျိုက်ခေါက်ဘုရားလမ်း၊ အကွက်အမှတ် (၂၂)၊ သိမ်ကျောင်းကွက်၊ ဦးပိုင်အမှတ် (၁/စ-၂)၊ ဧရိယာ ၀.၅၅၃ဧကအကျယ်ရှိမြေမှာ မြို့နယ်မြေစာရင်းဦးစီးဌာန၏ ၂၅-၁၁-၂၀၀၈ ရက်စွဲပါ စာအမှတ် ၄၇၄/အမည်ပြောင်းအရ ၃(ခ) ရရှိပြီးမြေဖြစ်၍ သန်လျင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနတွင် ဦးသန်းထွန်း ၁၂/ဗဟန(နိုင်)၀၇၄၄၆၂ အမည်ပေါက် မှတ်သားတည်ရှိပြီး ကျွန်မတို့၏ မိတ်ဆွေဖြစ်သူ ဦးသန်းထွန်း(ခ)မူနီရ်အာမက်(ဒ်)က သားဖြစ်သူ ဦးသက်ဇော်ထွန်း ၁၂/ဗဟန(နိုင်)၀၇၅၈၁၆အား မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းမှတ်ပုံတင်စာချုပ်ဖြင့် အပိုင်ပေးကမ်းခြင်းအပေါ် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်မတို့ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းမှတ်ပုံတင်စာချုပ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စမ်းစိမ့်စိမ့်အေး (LL.B)** | **ဒေါ်ခိုင်သူဇာဝင်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၈၉၄၉/၂၀၁၃)** | **(စဉ်-၉၇၃၄/၂၀၁၄)** |
| **ဖုန်း-၀၉-၄၂၁၀၅၃၁၁၀** | **ဖုန်း-၀၉-၄၂၁၀၅၃၁၀၁** |

**(ရုံးခန်း) သန်လျင်ခရိုင်၊ တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊**
**အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့**

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ သိမ်ဖြူလမ်း၊ ဒုတိယထပ်၊ အမှတ် ၁၄၁/၁၄၃ နေ ဦးခင်မောင်ဝင်း(ခ)ဟာဂျီမုဟမ္မဒ်ယူနွတ်စ် ၁၂/ကတတ(နိုင်)၀၀၂၄၈၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဦးခင်မောင်ဝင်း(ခ)ဟာဂျီမုဟမ္မဒ်ယူနွတ်စ်မှ ဒေါ်ခင်သော်တာ(ခ)ဟာဂျီမတ္တာဟေရာဟ်ဘီ (ဘ) ဦးခင်မောင်ရင် ၁၂/ကတတ(နိုင်)၀၀၀၇၇၇ အား ၁၆-၆-၂၀၂၁ရက်တွင် အစ္စလာမ်တရားဥပဒေအရ သွာလက်သုံးကြိမ်ပေးအပ်ခဲ့ပြီး တရားဝင်ဇနီးမယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ ထို့နောက် ကျွန်ုပ်မိတ်ဆွေက ဒေါ်ခင်သော်တာ(ခ)ဟာဂျီမတ္တာဟေရာဟ်ဘီအပေါ် ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တံတားခရိုင်တရားရုံး၊တရားမကြီးအမှုအမှတ် ၃၂၄/၂၀၂၂ ဖြင့် ကျွန်ုပ်မိတ်ဆွေ ဦးခင်မောင်ဝင်း(ခ)ဟာဂျီမုဟမ္မဒ်ယူနွတ်စ်၏ဇနီးမယားမဟုတ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုကိုတရားလိုပြုလုပ်တရားစွဲဆိုခဲ့ပါသည်။ကျောက်တံတားခရိုင်တရားရုံးတော်မှ ၇-၃-၂၀၂၃ရက်တွင် အမိန့်ချမှတ်ခဲ့ပြီး ကျွန်ုပ်မိတ်ဆွေ ဦးခင်မောင်ဝင်း(ခ)ဟာဂျီမုဟမ္မဒ်ယူနွတ်စ်မှ အနိုင်ဒီကရီရရှိခဲ့ပါသည်။

ဒေါ်မြတ်ဝတ်ရည်(ခ)အိုင်ရှာဘီ ၁၂/ဗဟန(နိုင်)၁၀၇၄၄၈ နှင့် ကျွန်ုပ်မိတ်ဆွေ ဦးခင်မောင်ဝင်း(ခ)ဟာဂျီမုဟမ္မဒ်ယူနွတ်စ်တို့သည် အစ္စလာမ်တရားဥပဒေနှင့်အညီ နိကာဟ်ပြု ထိမ်းမြားလက်ထပ်ခဲ့ပြီး ဒေါ်မြတ်ဝတ်ရည်(ခ)အိုင်ရှာဘီသာလျှင် ကျွန်ုပ်မိတ်ဆွေ၏ လက်ရှိတရားဝင် ပေါင်းသင်းလျက်ရှိသော တစ်ဦးတည်းသောဇနီးမယားဖြစ်ပါသည်။

## (တရားမကျင့်ထုံးဥပဒေအမိန့် – ၅၊ နည်းဥပဒေ – ၂၀)
## သန်လျင်ခရိုင်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် –၁၀

ဒေါ်မြင့်စပါယ်အောင် **နှင့်** ဦးဝါသေဌ ပါ (၅၇)
(ကွယ်လွန်သူ ဦးဝမ်ပိုင်+ဒေါ်ကျင်ဝမ်+
ဒေါ်လှတို့၏ အမွေထိန်းလက်မှတ်စာရသူ)

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ ယခင်မြဝတီကျောင်းနေ (ယခုလိပ်စာမသိ) တရားပြိုင်အမှတ်စဉ် (၇) ဒေါ်စန္ဒာဝတီ၊ (၁၀) ဒေါ်မာလာရီ၊ (၁၃) ဒေါ်ခယဂါမီ၊ (၁၇) ဒေါ်ဝိစရဏာဉာဏီ၊ (၁၉) ဒေါ်ရူပဝတီ၊ (၂၃) ဒေါ်သေုထေရီ၊ (၂၇) ဒေါ်ဥတ္တမသိင်္ဂီ၊ (၂၈) ဒေါ်ဥတ္တရသိင်္ဂီ၊ (၂၉) ဒေါ်စေန္ဒာ၊ (၃၆) ဒေါ်ဝဏ္ဏာသိင်္ဂီ၊ (၃၇) ဒေါ်ကေသာရီ၊ (၃၈) ဒေါ်ယုနန္ဒာ၊ (၃၉) ဒေါ်ရူပဝတီ၊ (၄၁) ဒေါ်ဥမ္မာထေရီ၊ (၄၃) ဒေါ်ဉာဏစာရီ၊ (၄၅) ဒေါ်သုစာရီ၊ (၄၇) ဒေါ်ရူပဝတီ၊ (၄၉) ဒေါ်စန္ဒသီရီ၊ (၅၀) ဒေါ်ပညာနန္ဒီ၊ (၅၄) ဒေါ်ဝဏ္ဏာစာရီ၊ (၅၆) ဒေါ်သုန္ဒရီ၊ (၅၇) ဒေါ်ပညာစာရီတို့ သိစေရမည်။

သင်တို့အပေါ်တရားလိုက “မြေကွက်အတွင်းကျူးကျော်ဝင်ရောက်နေထိုင်သူများအား ၎င်းတို့ ဆောက်လုပ်ထားသည့် အဆောက်အအုံများကို ဖျက်သိမ်းဖယ်ရှားပြီး ထွက်ခွာပေး၍ မြေကွက်လက်ရောက်ရလိုမှုနှင့် ကြားကာလ အမြတ်အစွန်းရလိုမှု” လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူနှင့် ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ် မတ် ၂၈ ရက် (၁၃၈၄ ခုနှစ် တန်ခူးလဆန်း ၈ ရက်) နံနက် ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါ နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် မတ် ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ချိုချိုမြတ်)
တွဲဖက်ခရိုင်တရားသူကြီး
သန်လျင်ခရိုင်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၈)၊ ကန်ဦး(၂)လမ်း၊ မြေကွက်အမှတ်(၃၃၁)၊ အကျယ်အဝန်း (အလျား ပေ ၄၀ x အနံ ပေ၆၀) ရှိ ဒေါ်ခင်မော် အမည်ပေါက် မြေချပါမစ်မြေကွက်အနက် (ခေါင်းရင်းဖက်ခြမ်း) ဖြစ်သောပေ(အလျား၂၀xအနံ၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဆက်စပ်အရောင်းအဝယ်စာချုပ် အဆင့်ဆင့်ဖြင့် လက်ဝယ်ထားပိုင်ဆိုင်သူ ဒေါ်မေကျော်ကျော် ၁၂/သကတ(နိုင်)၀၇၇၇၃၁ က ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာ ကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချလိုကြောင်း ကမ်းလှမ်းရာ၊ ကျွန်ုပ်မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက၊ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဝင်းဝင်းနွယ်(B.A(ECO)H.G.P)
(အထက်တန်းရှေ့နေ)
အမှတ်–(၁၂၈/က)၊ ဟိုင်ဆင်ဒူးဝါးလမ်း၊
(၁၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း– ၀၉ ၉၅၃၈၀၇၄၄၉

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၇

ကြောင်ကြည်အမ်း(ခ)ညီညီနိုင် **နှင့်** ၁။ ဦးရန်အောင်မြတ်သူ
၂။ ဒေါ်မြင့်မြင့်စိန်

**တရားလို** **တရားပြိုင်များ**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အမှတ်(၀–၈၇)ဦးရန်အောင်မြတ်သူနှင့် ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အမှတ်(အ–၁၃၂)နေ ဒေါ်မြင့်မြင့်စိန် (ယခုနေရပ်လိပ်စာမသိ) သူတို့သိစေရမည်။

သင့်အပေါ်၌ ကြောင်ကြည်အမ်း(ခ)ညီညီနိုင်က မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ် မတ် ၂၈ ရက် (၁၃၈၄ ခုနှစ် နှောင်းတန်ခူးလဆန်း ၈ ရက်) နေ့မွန်းမတည့်မီ ၉:၃၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ရုံးတော်မှ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်အတွင်း တင်သွင်းရမည်။

၂၀၂၃ ခုနှစ် မတ် ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မိမိသန်း)
ခရိုင်တရားသူကြီး
ပြင်ဦးလွင်ခရိုင်တရားရုံး

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ ကျောင်းကုန်းလမ်း၊ အမှတ်(၂၆)နေ ဒေါ်မြနှင်းပွင့်ကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်သည်မှာ–

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဘဝမြင့်ရပ်ကွက်၊ မလိခကွန်ဒို၊ ရတနာလမ်း၊ Tower–B (ပထမထပ်)၊ အမှတ်(၁၀၁)ဟုခေါ်တွင်သော ကွန်ဒိုတိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေမှ တရားဝင် လက်ရောက်ပိုင်ဆိုင်သူ ဖြစ်ပါသည်။ အဆိုပါကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေမှ တစ်ဦးတည်း တရားဝင်ပိုင်ဆိုင်ခြင်းဖြစ်ပြီး ကျွန်ုပ်၏မိတ်ဆွေဒေါ်မြနှင်းပွင့်ကျော်၏ သဘောတူညီချက်မရှိဘဲ၊ ခွင့်ပြုချက်မရှိဘဲ၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်ဆင့်လွှဲပြောင်းရောင်းချခြင်း၊ ငှားရမ်းခြင်းမပြုလုပ်ပါရန်နှင့် အကယ်၍ ပြုလုပ်ဆောင်ရွက်ခဲ့ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အထက်ဖော်ပြပါကွန်ဒိုတိုက်ခန်းနှင့် ပတ်သက်၍ အိမ်ရှင်အိမ်ငှားဥပဒေဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဦးဇော်ဇော်ဝင်းအား တရားစွဲဆိုထားရာ အနိုင်ဒီကရီရရှိပြီးဖြစ်ကြောင်းလည်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးကျော်မင်းဦး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၁၇၀)
ဖုန်း – ၀၉–၄၂၀၁၈၀၃၀၂

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ အိမ်အမှတ်(၅၅/၅၇)၊ ပထမထပ် (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၆ ပေ x ၃၈ ပေ) အကျယ်ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်များအားလုံးကို တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဦးသိန်းထူး ၁၂/ရကန(နိုင်)၀၉၀၅၀၉ မှ ထုတ်ဖော်မြွက်ဆိုလျက် ရောင်းချလိုကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လှဲ့လှဲ့ဝင်း ၁၂/လမတ(နိုင်)၀၁၄၈၉၉ က အပြီးအပိုင်ဝယ်ယူရန် အရောင်းတန်ဖိုး၏ငွေအချို့ကို စရန်ငွေအဖြစ် ၂၀၂၃ ခုနှစ် မတ် ၁၀ရက်တွင် ပေးချေပြီးဖြစ်ရာ အဆိုပါတိုက်ခန်းအပေါ်တွင် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်း စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်နှင်းဝေဖြိုး (LL.B, DBL, DML, DIPL, WIPO SWITZERLAND)
တရားလွှတ်တော်ရှေ့နေ(စဉ်– ၁၆၈၀၁)
အမှတ်(၆၀)၊ (၄)လွှာ၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၅၀၁၆၁၂၈

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## မဟာအောင်မြေခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်–၉၄

ဒေါ်ထားထားဝင်း **နှင့်** ၁။ ကိုကျော်သူဆန်း(ခ)ကိုကျော်ခိုင်
၂။ မမီမီသူဇာအောင်
၃။ ဒေါ်ခင်ပြုံးလွင်(ခ)ဒေါ်ခိုင်ခိုင်ဆွေ

**တရားလို** **တရားပြိုင်များ**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၉)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၂၈၅)နေ ဒေါ်ခင်ပြုံးလွင်(ခ)ဒေါ်ခိုင်ခိုင်ဆွေ သိစေရမည်။

သင့်အပေါ်၌ တရားလိုက အရင်းနှီးထုတ်ပေးငွေ သိန်း(၄၂၀)ကျပ်နှင့် နစ်နာကြေး သိန်း(၁၈၀)ကျပ်၊ စုစုပေါင်းသိန်း ၆၀၀ ကျပ်ရလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ ၂၀၂၃ ခုနှစ် ဧပြီ ၄ရက် မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် မတ် ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဋ္ဌေးဋ္ဌေးလွင်)
ဒုတိယခရိုင်တရားသူကြီး(၃)
မဟာအောင်မြေခရိုင်တရားရုံး

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/87913

Dayang 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးညွန့် ၁၄/ပသန(နိုင်) ၀၄၄၁၇၀ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 62W/42768

Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ဦး ၁၄/ဟသတ(နိုင်) ၀၅၆၉၀၁ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ဟသ်ာတ)

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
## အမရပူရခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် -၈

**ကွယ်လွန်သူ ဦးထိရှိန်၏ ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ မြစ်လောင်းကျေးရွာအုပ်စု၊ မြစ်လောင်း ကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးထိရှိန်၏ ကျန်ရစ်သော မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ နတ်ရေကန်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-၅၈၇/နတ်ရေကန်၊ ဦးပိုင်အမှတ်-၃၅၊ ဧရိယာ ၁ ဒသမ ၁၇ ဧကရှိ လယ်မြေကွက်အပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် (၁)ဒေါ်သန်းသန်းမြင့်၊ (၂)ဦးမြင့်ကျော်၊ (၃)ဦးကိုကိုနိုင်တို့က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားလာပါသဖြင့် ဤအမှုကို ၂၀၂၃ ခုနှစ် မတ် ၂၉ ရက်(၁၃၈၄ ခုနှစ် တန်ခူးလဆန်း ၈ ရက်)တွင် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးထိရှိန်၏ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက် ဆိုင်ဆိုရန်သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၃ ခုနှစ် မတ် ၂၉ ရက် (၁၃၈၄ ခုနှစ် တန်ခူး လဆန်း ၈ ရက်)၌ မိမိကိုယ်တိုင်သော် လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်း လက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ- ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က (၁)ဒေါ်သန်းသန်းမြင့်၊ (၂)ဦးမြင့်ကျော်၊ (၃)ဦးကိုကိုနိုင် တို့၏လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၃ ခုနှစ် မတ် ၁၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်ဝင်းထူး)**
**ဒုတိယခရိုင်တရားသူကြီး**
**အမရပူရခရိုင်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက် အမှတ် (နန-၁)၊ ဦးပိုင်အမှတ်(၈) ၊ ၆၉ လမ်း အနောက်ဘက် မင်္ဂလာနှင့်စံပြလမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးစိန်ထွန်း KSE-၀၇၂၀၆၁ ၏ (SP ရသူ ဒေါ်သွဲ့ဝေလွင်) က ဦးစိန်ထွန်း၏ မှတ်ပုံတင်၊ အိမ်ထောင်စုဇယားတို့ တင်ပြရမည်ဖြစ်သော်လည်း ၎ားရမ်း၍မရကြောင်း တင်ပြစာ၊ တောဂရန် စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၆၄၉၅/၂၀၂-၂၀၂၃) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက် အမှတ်(ဘဘ-၁၄)၊ ဦးပိုင်အမှတ်(၇၇)၊ ၅၁x၅၂ လမ်းကြား၊ မြဇ္ဇူနှင့်ခေတ္တာလမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးခင်မောင်မြင့် CHK-၀၈၅၈၉၈၊ ၉/မရတ(နိုင်)၀၇၇၉၇၇ ၏ (SP ရသူ ဦးစံမင်း) က မူရင်းပိုင်ရှင်၏ မှတ်ပုံတင်နှင့် အိမ်ထောင်စုဇယားတို့ကို တင်ပြနိုင်ခြင်း မရှိကြောင်း တင်ပြစာ၊ တောဂရန် စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၆၅၀၉/၂၀၂၂-၂၀၂၃) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် -၅၊ နည်းဥပဒေ-၂၀)
## အောင်မြေသာစံခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃၈၅

ရာစုနှစ် ငွေရေးကြေးရေး ကုမ္ပဏီလီမိတက် **နှင့်** ၁။ ဦးသိန်းသန်းဝင်း
(ကုမ္ပဏီ၏တာဝန်ပေးအပ်ခြင်းခံရသူ ၂။ ဦးကျော်သူမောင်
ဦးဌေးနိုင်ဦး)
**တရားလို** **တရားပြိုင်**

အမှတ် (၃၇၀)၊ မြို့ပတ်လမ်း၊ မြောက်ကုန်းရပ်ကွက်၊ ဂန့်ဂေါမြို့နယ်၊ မကွေးတိုင်း ဒေသကြီးနေ (၁) ဦးသိန်းသန်းဝင်း (ဘ) ဦးထိုက်ရာ၊ (၂) ဦးကျော်သူမောင် (ဘ) ဦးအောင်ထွန်းဦး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလိုက တရားလိုကုမ္ပဏီမှ ချေးယူငွေ တိုးရင်းပေါင်း ငွေကျပ် (၈၄၅၃၀၀၅)နှင့် နစ်နာကြေးငွေကျပ် (၃၅၀၀၀၀၀)၊ စုစုပေါင်း ငွေကျပ် (၁၁၉၅၃၀၀၅) ငွေကျပ် (တစ်ရာတစ်ဆယ့်ကိုးသိန်းငါးသောင်းသုံးထောင့်ငါးကျပ်တိတိ)ရလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင် ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ် မတ် ၃၁ ရက် (၁၃၈၄ခုနှစ် တန်ခူးလဆန်း ၁၁ ရက်)နံနက် ၉:၃၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စား လှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် မတ် ၁၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဌေးဌေးလွင်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**အောင်မြေသာစံခရိုင်တရားရုံး**

## ဦးကျော်ဇေယျာထွန်း
## ၉/မဟမ(နိုင်)၁၄၂၄၇၂နှင့်
## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ သာခုကန်လမ်းမကြီး၊ သာခုကန်စက်မှုဇုန်၊ အမှတ်(၁၆)နေ ဦးမောင်မြင့် ၁/မကန(နိုင်)၀၁၇၉၅၄ နှင့် ဇနီး ဒေါ်လီးကြည်ဝှမ် ၅/ကသန(ဧည့်)၀၀၀၀၅၀ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်သည်မှာ-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လီးကြည်ဝှမ်မှ ၎င်း၏ခင်ပွန်း ဦးမောင်မြင့် အမည်ပေါက်ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနပိုင် မြောက်ဥက္ကလာပမြို့နယ်၊ (၅)တိုးချဲ့ ရပ်ကွက်၊ သုဓမ္မာလမ်းမတွင်တည်ရှိသော သီရိရတနာလက်လီ/လက်ကားဈေး၏ အဆောက်အအုံအမှတ် “S”တွင်တည်ရှိသည့် ဆိုင်ခန်းအမှတ်(၆)အား လူကြီးမင်း ဦးကျော်ဇေယျာထွန်းမှ ဆောက်လုပ်ရေးပစ္စည်းများ ရောင်းဝယ်ဖြန့်ဖြူးသည့်လုပ်ငန်းအား လုပ်ကိုင်နိုင်ရန် ၎ားရမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အဆိုပါ ဆိုင်ခန်းကို ၁၆-၁၂-၂၀၂၁ ရက်စွဲပါ စာချုပ်ဖြင့်လည်းကောင်း၊ ၁၆-၆-၂၀၂၂ရက်စွဲပါ စာချုပ်ဖြင့်လည်းကောင်း၊ ၁၆-၁-၂၀၂၂ရက်စွဲပါစာချုပ်ဖြင့်လည်းကောင်း ချုပ်ဆို၍ (၆)လတစ်ကြိမ် တစ်ဆက်တည်း စုစုပေါင်း (၃)ကြိမ်၎ားရမ်းခဲ့ခြင်းဖြစ်ကြောင်းနှင့် ဦးကျော်ဇေယျာထွန်းနှင့် ကျွန်ုပ်မိတ်ဆွေအကြား ချုပ်ဆိုထားသည့် စာချုပ်များအရ ဦးကျော်ဇေယျာထွန်းထံသို့ အဆိုပါဆိုင်ခန်း ၎ားရမ်းထားသည့် နောက်ဆုံးသတ်မှတ်ရက်မှာ ၁၆-၆-၂၀၂၃ရက်ဖြစ်သည်ဟု လွှဲအပ်ညွှန်ကြားချက်အရ သိရှိရပါသည်။ ဦးကျော်ဇေယျာထွန်းနှင့် ကျွန်ုပ်၏မိတ်ဆွေ ချုပ်ဆိုသည့်စာချုပ်များတွင်လည်း ၎ားရမ်းသည့် ဥပစာနှင့်ပတ်သက်၍ ဥပဒေနှင့်မလွတ်ကင်းသော လုပ်ငန်းများလုပ်ကိုင်ခြင်းမပြုရန် စည်းကမ်းချက်ထား၍ အခြားစည်းကမ်းချက်များစွာဖြင့် ချုပ်ဆို၎ားရမ်းခဲ့ခြင်းဖြစ်ကြောင်းလည်း သိရှိရပါသည်။ သို့သော် ၎ားရမ်းသက်တမ်းမကုန်ဆုံးမီ ဦးကျော်ဇေယျာထွန်းအား အ၎ားချထားစဉ်ကာလအတွင်း စာချုပ်ပါစည်းကမ်းချက်များအား ဖောက်ဖျက်ခဲ့ပြီး ဆိုင်ခန်းလုပ်ကိုင်သူများ လိုက်နာရမည့်စည်းကမ်းချက်များကို မလိုက်နာ ဖောက်ဖျက်ခဲ့ပါသဖြင့် ဆိုင်ခန်းအားလည်း ဈေးတာဝန်ခံရုံးမှ ယာယီပိတ်သိမ်းကြောင်း အသိပေးပြောကြားလာခဲ့ပါသည်။ သို့အတွက်ကြောင့် အဆိုပါကိစ္စနှင့်ပတ်သက်၍ တာဝန်ယူဖြေရှင်းပေးရန် ဦးကျော်ဇေယျာထွန်းအား ဆက်သွယ်စုံစမ်းရာတွင်လည်း ဆက်သွယ်စုံစမ်းမရရှိသည့်အပြင် အ၎ားစာချုပ်များ ချုပ်ဆိုစဉ်က ဖော်ပြခဲ့သောနေရပ်လိပ်စာသို့ သွားရောက်စုံစမ်းရာတွင်လည်း အဆိုပါနေရပ်လိပ်စာ၌ ဦးကျော်ဇေယျာထွန်းနေထိုင်ခြင်းမရှိကြောင်း စုံစမ်းသိရှိခဲ့ရပါသည်။ သို့အတွက်ကြောင့် ကျွန်ုပ်မိတ်ဆွေများပိုင် အထက်ပါဆိုင်ခန်းနှင့်ပတ်သက်၍ အ၎ားချထားစဉ် ဦးကျော်ဇေယျာထွန်း၏ လက်ဝယ်စီမံခန့်ခွဲမှု အောက်တွင်ရှိနေစဉ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ပြဿနာကိစ္စရပ်များနှင့်ပတ်သက်၍ ဦးကျော်ဇေယျာထွန်း ကိုယ်တိုင် ယခုကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း မပျက်မကွက် လာရောက်တွေ့ဆုံဖြေရှင်းပေးစေလိုပါသည်။ အကယ်၍ ဦးကျော်ဇေယျာထွန်းအနေဖြင့် သတ်မှတ်ရက်အတွင်း လာရောက်ဖြေရှင်းခြင်း မပြု မိမိ၏ တာဝန်ရှိမှုအား ရှောင်လွှဲခဲ့ပါက ကျွန်ုပ်၏မိတ်ဆွေများတွင် အထက်ပါ ဆိုင်ခန်း၏ အကျိုးထိခိုက်နစ်နာမှု ဖြစ်ပေါ်လာပါက အဆိုပါနစ်နာဆုံးရှုံးမှု ကိစ္စအဝဝသည် ဦးကျော်ဇေယျာထွန်း၏ တာဝန်သာဖြစ်ပြီး ဖြစ်ပေါ်လာသည့် ဆုံးရှုံးနစ်နာမှုနှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေများမှ ဦးကျော်ဇေယျာထွန်းအပေါ် ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးကျော်ဇေယျာထွန်းနှင့် အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဇင်ဦး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၉၇)**
**အမှတ်-၃၃/ဘီ (မြေညီ)၊ စံပယ်လမ်း၊ ၇/အရှေ့ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၇၈၁၄၄၄၄၅၁**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုတ္တော်ရပ်ကွက်၊ အကွက် အမှတ် (၂၄)၊ ဦးပိုင်အမှတ်(၂)၊ ၇၃x၇၆လမ်းကြား ၊ ၇xစလမ်းကြားရှိ မလုံး၊ သူတော်အမည်ပေါက် အခလွတ် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၂၆၄၁/၂၀၁၃)အရ ပိုင်ဆိုင်သူ ဒေါ်အမာဝေ ၊ ဦးဝေဇင် (ဒေါ်မာမာစိုး ၊ ဒေါ်မာမာတိုးတို့အနက် စွန့်လွှတ်စာချုပ်အမှတ် (၃၃၃/၂၀၁၄)အရ ပိုင်ဆိုင်သူ ဒေါ်အမာဝေ၊ ဒေါ်မာမာစိုး၊ ဒေါ်မာမာတိုးတို့ထံမှ အရောင်းအဝယ်စာချုပ် အမှတ်(၁၂၀၃/၂၀၁၈)အရ ပိုင်ဆိုင်သူ ဒေါ်ကြည်ကြည်ဆွေ ၅/ပလဘ(နိုင်)၀၀၀၂၁၉က အခလွတ် ဂရန်မူရင်းမှာ လက်ဝယ်တွင် အသိမ်းလွန်၍ ပျောက်ဆုံးကြောင်း (ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး) ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဦးပိုင်ခွဲ၊ အမည်ပြောင်း၊ အမျိုးအစားပြောင်းရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက်
## လျှောက်ထားခြင်း

ယာဉ်အမှတ် 60W/ 99876 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်
## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 51W/89248 Yamaha FZ 150 M/C ယာဉ်လက်ဝယ်ရှိသူ DT Naing Oo Co., Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ ရွှေပြည်သာလမ်း၊ မြေကွက်အမှတ်(၅၀၃)၊ ဦးခင်မောင် ( KPG-၁၂၀၀၀၅ )အမည်ပေါက် ပါမစ်မြေကွက်အနက်မှ ခေါင်းရင်းခြမ်း( ပါမစ်မူရင်းခြမ်း )၊ အကျယ်အဝန်း ( ၂၀ပေ× ၆၀ပေ )ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်ခြံမြေအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူဦးချစ်ပိုင်စိုး ( ၁၂/ဒဂမ(နိုင်)၀၁၂၄၀၈ )ထံမှကျွန်ုပ်တို့၏ မိတ်ဆွေဦးမျိုးနိုင် ( ၆/ထဝန(နိုင်)၀၆၅၉၉၅ )ကဝယ်ယူရန်အတွက် စရံငွေများပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ( ၇ )ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| ဦးထိန်လင်းသန်း | လွှဲအပ်ညွှန်ကြားချက်အရ- | ဒေါ်ပြည့်ပြည့်ဖြိုး |
|---|---|---|
| LL.B, D.B.L, D.I.L, D.M.L, | | LL.B, D.B.L, D.I.P.L, |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂) | | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၀၄) |

**Hein Htet San Law Firm** ဖုန်း -၀၉၅၅၀၄၂၆၅ ၊ ၀၉၄၅၀၀၁၇၁၃၆ ၊ ၀၉၄၂၈၀၂၀၃၆၉

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၈)၊ လူနေရပ်ကွက်အမှတ်(-)၊မြေကွက်အမှတ်(၁၀၄၀)၊အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိဦးအောင်မြင့်(ZLN-၀၀၈၈၈၇)(၁၄/ဓလန(နိုင်)၀၈၇၄၂၉)အမည်ပေါက် မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးဝင်းထွဋ်မင်း(၁၂/ဗဟန(နိုင်)၀၈၅၈၀၀)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက်စရံငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| ဒေါ်ဝင်းဝင်းဖြိုး | ဦးဇော်မျိုးနိုင် |
|---|---|
| LL.B, D.B.L, D.I.L,U.F.L(Eng;) | LL.B,D.B.L, |
| အထက်တန်းရှေ့နေ(စဉ်-၃၇၈၂၄) | အထက်တန်းရှေ့နေ(စဉ်-၄၅၆၅၃) |

ဖုန်း- ၀၉၂၅၀၂၉၀၇၈၁ ၊ ၀၉၄၂၁၁၂၀၃၄၇
အမှတ်(၇၂)၊ (မြေညီထပ်)၊ မိုးရိပ်(၁၀)လမ်း၊အပိုင်း(၄)၊ မိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## ဖောင်းကြွပျောက်
## လျှောက်ထားခြင်း

ယာဉ်အမှတ် 4E/1208 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## အမည်ဖြည့်စွက်ခေါ်ပါရန်

ဦးအောင်အောင်၏ သမီး တာချီလိတ်မြို့ ၊ အမှတ်(၉ /၁၈၃)၊ ဝမ်ကောင်းရပ်ကွက်နေ မအာမွေ အား မအာမွေ(ခ)မယွန်းကေရီဟု ဖြည့်စွက်ခေါ်ပါရန်။

**မအာမွေ(ခ)မယွန်းကေရီ**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 6U/8474 Shine Ray 250 ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းမြင့်ဇော် ၁၃/တခလ(နိုင်) ၀၈၁၄၀၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တာချီလိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ်
## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၇ယ/၆၃၇၅၅ Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုလတ် ၇/ရတန(နိုင်)၀၀၅၆၇၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပြည်)ပြည်မြို့**

## ဒေါ်ရွှေရည်ဖူး(ဘ)ဦးမျိုးသန့်
## ၁၃/မမသ(နိုင်)၀၄၆၄၃၁၊
## ၆၂(A)လမ်း၊ ၃၂x၃၃ လမ်းကြား၊ မန္တလေးမြို့
## (ယခုနေရပ်လိပ်စာမသိ) သိစေရန်
## အကြောင်းကြားခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးထက်ခန့်(ဘ)ဦးမြင့်အောင် ၅/မရန(နိုင်) ၂၀၁၈၉၄၊ ၆၆ လမ်း၊ ၂၉x၃၀ လမ်းကြား၊ မန္တလေးမြို့ နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး အကြောင်းကြားအပ်ပါသည်-

လူကြီးမင်းသည် လွန်ခဲ့သော ၂၅-၅-၂၀၂၂ ရက်က လူကြီးမင်း၏ ဆောက်လုပ်ရေးလုပ်ငန်းတွင် အသုံးပြုရန်အတွက် အရေးတကြီး ငွေလိုအပ်နေသောကြောင့် ကူညီပေးပါရန် အကြိမ်ကြိမ်ပြောဆိုအကူအညီတောင်းခံခဲ့မှုကြောင့် မိတ်ဆွေချင်း အပြန်အလှန်ရင်းနှီးမှုအရ ငွေကျပ် သိန်း(၇၀၀)တိတိအား ၅-၁၀-၂၀၂၂ ရက်တွင် တစ်ကြိမ်တည်း တစ်လုံးတစ်ခဲတည်း ပြန်လည်ပေးအပ်ရမည်ဟူသောကတိပြုဝန်ခံချက်ဖြင့် ကျွန်ုပ်၏မိတ်ဆွေက မည်သည့်အကျိုးအမြတ်တစ်စုံတစ်ရာမျှ ရယူခြင်းအလျဉ်းမရှိဘဲ မေတ္တာဖြင့် ကူညီပေးခဲ့သည်ကို လူကြီးမင်းအသိပင် ဖြစ်ပါလိမ့်မည်။ လူကြီးမင်းအနေဖြင့် အထက်ပါကဲ့သို့ ကတိပြုပြောဆို၍ ငွေကျပ်သိန်း(၇၀၀)အား ရယူသွားခဲ့သော်လည်း သတ်မှတ်ထားသည့် ၂၅-၁၀-၂၀၂၂ ရက်တွင် တစ်ကြိမ်တည်း(တစ်လုံးတစ်ခဲတည်း) ပေးရန် ပျက်ကွက်ခဲ့ပါသည်။ ထို့ကြောင့် လူကြီးမင်း ရယူသွားသော ငွေကျပ်သိန်း(၇၀၀)နှင့်ပတ်သက်၍ ပြန်လည်ပေးအပ်ရန်အကြောင်းကြားခဲ့ရာ လူကြီးမင်းက ၂၆-၁-၂၀၂၃ရက်တွင် တစ်ကြိမ်တည်း (တစ်လုံးတစ်ခဲတည်း)ပေးပါမည်ဟု ထပ်မံ၍ ယုံကြည်အောင်ကတိပြုခဲ့ခြင်းကြောင့် ကျွန်ုပ်၏မိတ်ဆွေကလည်း လက်ခံခွင့်ပြု ခဲ့ပါသည်။ သို့ပါသော်လည်း ကျွန်ုပ်၏မိတ်ဆွေ ယုံကြည်ထားသည့် ဝန်ခံကတိပြုချက်အပေါ် လူကြီးမင်းအနေဖြင့် တစ်စုံတစ်ရာ ဆက်သွယ်ဆောင်ရွက်ခြင်း၊ အကြောင်းကြားခြင်းမရှိတော့သဖြင့် ယခုကဲ့သို့ အသိပေး အကြောင်းကြားရခြင်း ဖြစ်ပါသည်။ လူကြီးမင်းအနေဖြင့် ကျွန်ုပ်၏မိတ်ဆွေထံမှရယူသွားသော ငွေကျပ် သိန်း(၇၀၀)တိတိအား ယခုအကြောင်းကြားသည့်ရက်မှ (၁၄)ရက်အတွင်း မည်သို့ပြန်လည် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိလိုပါသည်။ သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာ ဖြေရှင်းဆောင်ရွက်ခြင်း မပြုပါက သက်ဆိုင်ရာတရားဥပဒေ၏ လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက် တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

**ဦးထက်ခန့်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်နောင်နောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၄၀၂)**

| ဦးဇော်ဂျမ်(LL.B) | ဦးဇင်ကိုဝင်း(LL.B) | ဒေါ်ယဉ်မင်းထက်(LL.B) |
|---|---|---|
| အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၄၄၁၀၀) | (စဉ်-၅၄၈၉၅) | (စဉ်-၅၅၀၀၇) |

**၅၉ လမ်း၊ ၁၀၅လမ်းနှင့် ၁၀၆ လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၉၇၈၉၂၉၃၅၁၊ ၀၉-၇၉၉၂၉၅၃၉၁**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဖြိုးသူရဝင်း ၁၂/ဒဂရ(နိုင်)၀၀၀၉၂၁ ၏ CUSTOMS BROKER ID-MWD-002855 ကတ်မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၅၃၇၄၂၁၆**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်တင်နိုင်ဝင်း ၁၁/မဥန(နိုင်)၁၀၂၇၅၆၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၈၀၆၀၂၄၇၁**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5I/1589 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

### ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်ခင်ဝင်းကြူ ၁၀/မလမ(နိုင်)၀၈၀၀၃၀ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။

ဖုန်း-၀၉-၇၆၅၀၅၈၈၇၆

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6F/9604 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6J/7238 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာ ပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 31W/73581 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ရဲကျော် ၇/ဒဥန(နိုင်)၁၁၄၈၅၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(တောင်ငူ)

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 61W/57705 ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်ဝင်းကြည် ၈/မသန(နိုင်)၀၆၉၃၈၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ကျောက်ဆည်)

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 48W/18623 Honda Vario 150 ယာဉ်လက်ဝယ် ရှိသူ Family Mandalar Co.,Ltd ၃၄လမ်း၊ ၇၄x၇၅ကြား၊ ချမ်းအေးသာစံမြို့နယ် က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/48463 ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှိုင်လှိုင်ဦး ၇/တငန(နိုင်)၁၄၅၈၄၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(တောင်ငူ)

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/77642 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ AUTO RY Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 11W/17038 Yamaha DT 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်းစန်း ၉/ခမစ(နိုင်) ၀၄၇၆၇၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 56W/9455 ယာဉ်လက်ဝယ်ရှိသူ ဦးရန်နိုင်ဦး ၇/တငန(နိုင်)၀၀၀၈၂၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(တောင်ငူ)

### မွေးသက္ကရာဇ်အမှန်

ရေဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ ရေတွင်းကုန်းကြီးကျေးရွာနေ (ဘ) ဦးစိုးမြင့်၏သမီး မခက်ခက်လှိုင် ၁၄/ကကထ(နိုင်)၁၆၄၇၄၄ ၏ မွေးသက္ကရာဇ်အမှန်မှာ ၈-၂-၁၉၈၈ ဖြစ်ပါကြောင်း။

မခက်ခက်လှိုင်
၁၄/ကကထ(နိုင်)၁၆၄၇၄၄

### သွေးသည် အသက်

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၇/မြို့မအနောက်ရပ်၊ မြေကွက်အမှတ်(ပ-၃၀၆၀၉)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကကို အမည်ပေါက် ဒေါ်နွယ်နွယ်စိုး(တရားရှုံး)ကိုယ်စား ပျဉ်းမနားခရိုင်တရားရုံး၏ ဘီလစ်စာရေးဖြစ်သူ ဒေါ်စန္ဒာထွန်း (ဘ) ဦးထွန်းအေး ၁၂/မဂဒ(နိုင်)၁၄၇၃၂၅မှ ဒေါ်သိန်းသိန်းစော (ဘ) ဦးခင်မောင်မြင့် ၇/ဒဥန(နိုင်) ၁၈၂၀၉၇နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် ပျဉ်းမနားခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ် ၁၁၈/၂၀၂၂၊ တရားမဇာရီမှုအမှတ် ၉၁/၂၀၂၂ တို့တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး (အရှေ့) ရပ်ကွက်၊ ၉၂လမ်း၊ အမှတ်(၁၁၄/A)(၃လွှာ)နေ ဒေါ်လှလှနွဲ့ (ဘ) ဦးအေးဖေ ၁၂/မဂတ(နိုင်)၀၄၂၆၃၅၊ ဗမာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်သူ ကျွန်ုပ်၏ မိတ်ဆွေမှ အဆိုပါ လိပ်စာတွင်နေထိုင်သည်မှာ နှစ်ပေါင်း(၃၀)ခန့်ရှိပါသည်။ ထို့သို့နေထိုင်စဉ်တစ်လျှောက် အထက်လိပ်စာပါ တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာ အငြင်းပွားခဲ့ရခြင်းမျိုးကိုသော်လည်းကောင်း၊ အမွေစားအမွေခံအရှုပ်အရှင်းများကိုသော်လည်းကောင်း ဖြစ်ပွားခဲ့ခြင်းမျိုး မရှိခဲ့ပါ။ အထက်လိပ်စာပါတိုက်ခန်းတွင်နေထိုင်ခဲ့သည့် နှစ်ပေါင်း(၃၀)အတွင်း မိမိတစ်ဦးတည်းသာ ဥပဒေနှင့်အညီ ပိုင်ဆိုင်ပြီး နေထိုင်လျက်ရှိသူဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကိုဦး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၇၈၂၄)**
**အမှတ်(၂၇/ခ)၊ ရတနာသုခလမ်း၊ ကမ်းနားအလယ်ရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၇၁)ရပ်ကွက်၊ လူနေရပ်ကွက်အမှတ် (၂၂၄၆/က)၊ မဏိစည်သူလမ်း၊ မြေဧရိယာ အကျယ် (အလျား ၂၀ x အနံ ၆၀)ပေရှိ ဒေါ်အုန်းတင် (PAN-၁၈၂၄၆၇) အမည်ပေါက်သည့် ပါမစ်မြေကွက် အိမ်၊ ခြံ၊ မြေ နှင့် ယင်းပေါ်ရှိ ရေ၊ မီး အပါအဝင် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံ ပိုင်ဆိုင်ရောင်းချခွင့်ရှိသည်ဟု တာဝန်ခံသူများဖြစ်သည့် ဦးစိုးဝင်း ၁၂/ဒဂတ (နိုင်)၀၂၀၀၅၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်၊ အကျိုးသက်ရောက်ခွင့်ရှိသူဖြစ်ကြောင်း ပြောဆို ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ တစ်ပတ်အတွင်း ပိုင်ဆိုင်ခွင့်နှင့်တကွ ခိုင်လုံသည့် စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆိုင်းတောင်**
**အထက်တန်းရှေ့နေ(စဉ်-၄၃၁၆၁)**
**အမှတ် (၄၀၂-ဘီ)၊ ရွှေကမ္ဘာအိမ်ရာ (၂)လမ်း၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၅၀၉၅၇၁၆**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ၂၀ )
### ပြည်ကြီးတံခွန်မြို့နယ်တရားရုံး
### ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၄

ဦးချစ်သဲ နှင့် ဦးထွန်း (ခ) ဦးမောင်ထွန်း
တရားလို တရားပြိုင်

မန္တလေးတိုင်းဒေသကြီး၊ (၈ခ-၇)၊ ဦးပိုင်(၄၀)၊ (ဆ)ရပ်ကွက် ပြည်ကြီးတံခွန်မြို့နယ် ရပ်နေ၊ ဦးထွန်း (ခ) ဦးမောင်ထွန်း (ဘ) ဦးငွေလှိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလို ဦးချစ်သဲ ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကိုချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နှင့်ပါစေ၍ဖြစ်စေ ၂၀၂၃ ခုနှစ် မတ် ၂၄ ရက်(၁၃၈၄ ခုနှစ် တန်ခူးလဆန်း ၄ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် မတ် ၁၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ထွန်းမင်းဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့်၅)
### မအူပင်ခရိုင်တရားရုံး
### ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃

Myanmar New Hope Farms Company Limited (၎င်း၏ကိုယ်စား ဦးကျော်ဇေယျ) နှင့် ၁။ ဦးသန်းရွှေ ၂။ ဒေါ်ကြူကြူ(ခ)ဒေါ်ငွေရီ
တရားလို တရားပြိုင်များ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ မီးသွေးချောင်းကျေးရွာနေ (၂)တရားပြိုင် ဒေါ်ကြူကြူ(ခ)ဒေါ်ငွေရီ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို Myanmar New Hope Farms Company Limited (၎င်း၏ကိုယ်စား ဦးကျော်ဇေယျ)က တရားပြိုင်များထံမှ တရားလို ရရန်ရှိသော ကြက်စာ တန်ဖိုးကျန်ငွေကျပ် ၂၅၇၈၄၈၈၅၆ ကျပ် (နှစ်ထောင်ငါးရာခုနစ်ဆယ့်ရှစ်သိန်းလေးသောင်း ရှစ်ထောင်ရှစ်ရာငါးဆယ့်ခြောက်ကျပ်တိတိ)ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင် သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၃ ခုနှစ် ဧပြီ ၆ ရက် (၁၃၈၄ ခုနှစ် တန်ခူးလပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူက တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်၌ သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့် သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် မတ် ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးအေးမြင့်)**
**ခရိုင်တရားသူကြီး**
**မအူပင်ခရိုင်တရားရုံး**

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ဒက္ခိဏသီရိတောင်ရပ်၊ မြေကွက်အမှတ်(ဒ-၃၂၂၉၁)၊ မြေဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိ ဒေါ်ထွေးနု (ဘ) ဦးမောင်သစ် ၁၄/ပသန(နိုင်)၀၆၄၈၅၃ အမည်ပေါက် ပါမစ်မြေကွက်ကို ဦးဖြိုးပိုင်စိုး (ဘ) ဦးစိုးမောင် ၁၂/ဗတထ(နိုင်)၀၃၂၉၀၇ မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ အုတ်ဖို၊ စိန်ချယ်လမ်းဟုခေါ်တွင်သော အမှတ် ၂၄၈က၊ အကျယ်အဝန်း ပေ(၂၀ x၆၀ )၊ ဧရိယာ ၀ ဒသမ ၀၂၇၊ (၁၂၀၀)စတုရန်းပေရှိ (ဦးထွန်းသိန်း အမည်ပေါက်) စလစ်ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက် ခင်ပွန်းကွယ်လွန်သဖြင့် ရောင်းချသူ ဇနီး ဒေါ်ခင်သက်မာ ၁၂/တမန(နိုင်)၀၂၆၂၀၃ မှ မိမိသာလျှင် တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်တော် ဦးဋ္ဌေးသိန်း ၉/ပဘန(နိုင်)၁၂၃၄၇၁မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်တော့်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဋ္ဌေးသိန်း ၉/ပဘန(နိုင်)၁၂၃၄၇၁**
**ဖုန်း - ၀၉ ၄၃၀၅၇၄၉၆၊ ၀၉-၄၅၅၀၄၆၂၀၁**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 13U/7328 BAJAJ 200 3 Wheel Vehicle ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်မြင့် ၉/မနမ(နိုင်)၀၃၂၉၄၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၇ယ/၉၉၉၃၀ Honda Click 150 ယာဉ်လက်ဝယ်ရှိသူ Zay Thiha Lin Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁)၊ လူနေရပ်ကွက်အမှတ် (-)၊ ဗိုလ်မိုး(၂)လမ်း၊ မြေကွက်အမှတ်(၈၂၇)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဒေါ်ညွန့်ညွန့်လွင်(AG-124946)အမည်ပေါက် မြေချပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်ချိုချိုဝင်း(၁၂/အလန(နိုင်)၀၀၁၆၅၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးဆုံးသည် အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဦးဇော်မျိုးနိုင် | ဦးတင်ကိုလှိုင် |
| LL.B,D.B.L | LL.B |
| အထက်တန်းရှေ့နေ(စဉ်-၄၅၆၅၃) | အထက်တန်းရှေ့နေ(စဉ်-၅၀၅၈၂) |

ဖုန်း- ၀၉၂၅၀၂၉၀၇၈၁ ၊ ၀၉၄၂၁၁၂၀၃၄၇
အမှတ်(၇၂)၊ (မြေညီထပ်)၊ ငမိုးရိပ်(၁၀)လမ်း၊အပိုင်း(၄)၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀၈/ အေ)၊ လူနေရပ်ကွက်(ချစ်တီးကုန်း)၊ ကွက်သစ်လမ်း၊ မြေကွက်အမှတ်( ၇၄ )၊ အကျယ်အဝန်း( ၂၀ပေ× ၆၀ပေ )ရှိ ဦးမျိုးအောင် ( ၁၂/မဂဒ(နိုင်)၀၂၃၄၁၇ )အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးကျော်စိုး( ၁၁/မတန(နိုင်)၀၀၀၄၈၀ )ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမျိုးမင်း( ၁၃/ကလန(နိုင်)၀၂၄၇၆၄ )က ငွေအပြေအကြေပေးချေ၍ လက်ရောက်ရရှိဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးထိန်လင်းသန်း | ဒေါ်ပြည့်ပြည့်ဖြိုး |
| LL.B, D.B.L, D.I.L, D.M.L, | LL.B, D.B.L, D.I.P.L, |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၀၄) |

**Hein Htet San Law Firm** ဖုန်း - ၀၉၅၅၀၄၂၆၅ ၊ ၀၉၄၅၀၀၀၇၁၁၆ ၊ ၀၉၄၂၈၀၂၀၃၆၉

❖ **မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ပြည်ပစွက်ဖက်မှုကင်းစင်စွာဖြင့် တိုင်းရင်းသား ညီအစ်ကိုအချင်းချင်း တွေ့ဆုံဆွေးနွေး အဖြေရှာခြင်းဖြင့်သာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံ အကျိုးစီးပွားကို မလိုလားဘဲ ငြိမ်းချမ်းရေးကို ပျက်စီးရာ ပျက်စီးကြောင်း လုပ်ဆောင်နေကြသည့် ပြည်တွင်း ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို အထူး သတိပြုကြရန် တိုက်တွန်းလိုပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံမှ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျရောက်သည့် (၆၇) နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၁၂) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့်လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍ မြှင့်တင်ရေး။



နန်းဖာဒင်ကြိုးပြင်ကာကွယ်တောသို့။

## နန်းဖာဒင်ကြိုးပြင်ကာကွယ်တော သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းခရိုင်၊ ဟုမ္မလင်းမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၂၂,၀၀၆)ဧက ရှိသောနယ်မြေကို **"နန်းဖာဒင်ကြိုးပြင်ကာကွယ်တော"** အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၂၇/၂၀၂၃)အရ ၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၉) ရက် (၂၀၂၃ ခုနှစ်၊ မတ်လ ၁၄ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

*စာမျက်နှာ ၇ ကော်လံ ၁ ❍*

**ယနေ့ သတင်းအညွှန်း**

**ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁ ဦး တွေ့ရှိ**

ပြည်တွင်းသတင်း စာ ၁၅


**တရားမဝင် ကျောက်စိမ်း၊ လူသုံးကုန်၊ လျှပ်စစ်ပစ္စည်းများ၊ စက်မှုကုန်ကြမ်းပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ**

ပြည်တွင်းသတင်း စာ ၁၈

**ဘက်တစ်ကို အနိုင်ယူပြီး မန်ယူအသင်း ကွာတားဖိုင်နယ် တက်လှမ်း**



အားကစားသတင်း စာ ၂၀



## ကမ္ဘောဒီးယားလက်ရွေးစင်အသင်းကို မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ဂိုးပြတ်အနိုင်ယူ

ရန်ကုန် မတ် ၁၇

၂၀၂၄ ပါရီအိုလံပစ်ခြေစစ်ပွဲ အကြိုပြင်ဆင်မှုအဖြစ် တရုတ်နိုင်ငံ၌ လေ့ကျင့်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ပထမဆုံးခြေစမ်းပွဲအဖြစ် မတ် ၁၇ ရက်က ကမ္ဘောဒီးယားလက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ လေးဂိုးပြတ် အနိုင်ရခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် မတ် ၁၅ ရက်ကတည်းက တရုတ်နိုင်ငံ၌ လေ့ကျင့်နေပြီး ပထမဆုံးခြေစမ်းပွဲအဖြစ် ကမ္ဘောဒီးယား လက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း၏ ပွဲထွက်လူစာရင်းတွင် မျိုးမြမြငြိမ်း၊ အိအိကျော်၊ ခင်မျိုးဝင်း၊ ဖြူဖြူဝင်း၊ အေးအေးမိုး၊ ပုံပုံပြည့်မောင်၊ ခင်မာလာထွန်း၊ နော်ထက်ထက်ဝေ၊ ရွှေရည်ထွန်း၊ ရှုပါခိုင်၊ မြတ်နိုးခင်တို့ ပါဝင်ကစားခဲ့သည်။မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းအတွက် အနိုင်ဂိုးများကို ၂၄ မိနစ်တွင် ရှုပါခိုင်၊ ၃၅ မိနစ်နှင့် ၆၇ မိနစ်တို့တွင် ခင်မာလာထွန်း၊ ပွဲချိန် ၄၃ မိနစ်တွင် ရွှေရည်ထွန်းတို့က သွင်းယူပေးခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် မတ် ၁၉ ရက်တွင် Sichuan FC အသင်း၊ မတ် ၂၂ ရက်တွင် Changchun FC အသင်းတို့နှင့် ထပ်မံခြေစမ်းမည်ဖြစ်သည်။

ရဲရင့်လွင်၊ ဓာတ်ပုံ–MFF